www.burmeseclassic.com

ရွှေဒေါသာစာပေ

ကြည်နုခေတ်

သံယောဇဉ်

မောင်လေး

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၅၁၀၂၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၅၄၀၄၁၁

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၂၊ ဖေဖော်ဝါရီ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် (၄)၊ အခန်း (၁၀)
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်။

မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ်၃၃၊ ကျိုတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

မျက်နှာဖုံးဓာတ်ပုံနှင့်ဒီဇိုင်း - ယုဝ

ဖြန့်ဈေး - ၁၀၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

ကြည်နုဓေတ်	၈၉၅.၈၃
သံယောဇဉ်မောင်လေး / ကြည်နုဓေတ် ။ - ရန်ကုန်	
ရွှေဥစာပေ ၊ ၂၀၁၁ ။	
၂၇၀ - စာ ၊ ၁၂.၃ × ၁၈ စင်တီ ။	
(၁) သံယောဇဉ်မောင်လေး	

အခန်း (၁)

"သေချာတယ် ယော၊ အဲဒါ ဘက္ကရီ ဝပ်သွားတာ"

"ဘာ!"

သက်နှင်းဆက် စကားကြောင့် ယောခရမ်းရောင် ဇနကာမျက်မှန်ကို အလန့်တကြားဆွဲချွတ်လိုက်မိသည်။

"ဒီလောက်လည်း ပြူးပြဲလန့်ဖျပ်မနေပါနဲ့ ယောရယ်။ ဘက္ကရီ.ဝပ်တာ ဝပ်ရော့တွေဘာတွေ သွားဖို့မလိုပါဘူးဟဲ့"

"ငါကလည်း ဝပ်ရော့သွားရမှာကြောက်လို့ မဟုတ်ပါဘူး နှင်းရယ်။ ဘက္ကရီ.ဝပ်တာဆိုတော့ ဆင်းတွန်းမှ ရမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

နှင်နဲ့ငါ နှစ်ယောက်ရှိတာ ဘယ်သူဆင်းတွန်းမလဲ. . . ကဲ''

မေးလေးပင့်ပြီး ပြောလိုက်သော ယောပုံစံကြောင့် သက်နှင်းဆက်က ပခုံးတစ်ချက်တွန့်သည်။

''ဟုတ်သားပဲနော်, ဒီနားမှာတော့ ငါ ဒီပုံစံကြီးနဲ့ ကားဆင်းမတွန်းရဲကွား။ ယော, နင်ရော''

''သေလိုက်ပါလား''

မျက်မှန်ကို ကား Dashboard ပေါ် ပစ်တင်ရင်း ယောရှုံ့မဲရေရွတ်လိုက်မိသည်။ ဘယ်လိုတွန်းရဲပါ့မလဲ၊ နှစ်ယောက်လုံးက ကျောင်းပြီး ဘွဲ့ရလို့ အသက်အစိတ်ဝန်းကျင် အိုဗာမကျတကျ ပျိုကညာမမတွေဖြစ်နေပေမယ့် ဂါဝန်တွေ စကတ်တွေနဲ့ လန်းလို့ကောင်းတုန်း။

အလုပ်လုပ်သည့်နေရာမှာ ဧစ္စဧစ္စပ်စပ်နှင့် ဇီဇာကြောင်ကာ အပျိုကြီးစိတ်ဝင်သလောက် ဝတ်တာစားတာ လည်တာပတ်တာတော့ ဆယ့်လေးငါးခြောက်နှစ် အပျိုဖျန်းလေးတွေ ဖလန်းဖလန်းထပါတယ်ဆိုတာတောင် လိုက်မမီအောင် ကဲကြသည်။

Sunshine ဆိုတဲ့နာမည်နဲ့ ကုန်တိုက်ကြီးတစ်ခု ဖွင့်

ထားပြီး နှစ်ယောက်အတူတူ ဦးစီးနေပေမယ့် ဝါသနာက တစ်ယောက် တစ်မျိုးပင်။

ယောက ယောကျ်ားဆန်ဆန် Construction လုပ်ငန်းတွေ၊ ပြည်ပနဲ့ပတ်သက်ပြီး Export, Inport လုပ်ငန်းတွေ စိတ်ဝင်စားပြီး နှင်းက Fashion Design ကို စိတ်ဝင်စားသည်။

ထို့ကြောင့်လည်း ပြည်ပသွင်းကုန်ထုတ်ကုန်ကမ္ဘာကြီးတွေမှာ ယောက ရှယ်ယာတွေလိုက်ထည့်ထားပြီး နှင်းကတော့ Fashion Design သင်တန်းကျောင်းဖွင့်ပြီး ကိုယ်တိုင်လည်း နိုင်ငံခြားအထိ သွားလေ့လာသင်ယူသည်။

ကျောင်းပြီးခါစ ဆယ့်ရှစ်နှစ်လောက်ကတည်းက စီးပွားရေးကို စိတ်အားထက်သန်စွာ ခြေစုံပစ်ဝင်လုပ်ခဲ့သူတွေမို့ သူတို့ဘဝမှာ ငွေကြေးနဲ့အောင်မြင်မှုတွေက မရှိနိုင်သည့်ပျော်စရာကစားစရာတွေ ဖြစ်ခဲ့သည်။

ပြည်ပမှာ ပညာသွားသင်တော့လည်း ကိုယ်ဝါသနာပါရာ အတတ်ပညာရဲ့ ဒီပလိုမာတွေရအောင် ယူနိုင်ခဲ့ကြပြီး ကျင်လည်ရာလောကတိုင်းမှာ ကွင်း(နှ) ရထားသူတွေချည်းပင်

www.burmeseclassic.com

www.burmeseclassic.com

တော့မဟုတ်။

ခပ်လန်းလန်း ခပ်ဆန်းဆန်းတွေနှင့် အမြဲလို နမျစ်တက်ကြွနေတာပါပဲ။

ယခုလည်း နှစ်ယောက်သား ဝတ်စားလာတာတွေက ကြော်ငြာရိုက်မယ့်မင်းသမီးတွေ ရှုံးသွားလောက်ပြီး အနောက်တိုင်းမော်ဒယ်လ်တွေ လက်မှိုင်ချသွားနိုင်သည်။

သက်နှင်းဆက်ဆိုသည့် နှင်းက အဝါရောင်တောက်တောက် အောက်ရှူး Pants နှင့် အပေါ်က အစိမ်းရောင်လွင်လွင် လည်ထောင်လက်ပြတ် ကိုယ်ကျပ်အင်္ကျီလေးကို တွဲဝတ်ထားပြီး လည်ပင်းကနေ ရင်ညွန့်အထိ ပုလဲပုတီးကုံးတွေ ဆင့်ဆွဲထားသည်။ ရွှေညိုရောင်ဆံပင်အခွေအလိပ်တွေတော့ ဒီအတိုင်းပခုံးပေါ်ဖြန့်ကျဲနေစေပြီး ဘဲဥပုံ နားဆွဲဝိုင်း အဖြူရောင်ခပ်ကြီးကြီးကို ဆွဲထားသည်။

စီးလာသည့် ဦးဆွန်ရှူးလေးက ပေါ့ပါးမလိုနှင့် ဒေါက်က သုံးလက်မခွဲကြီးတောင်မို့ လမ်းရိုးရိုးလျှောက်တာတောင် သိပ်မသက်သာလှ။

ပြည်တွင်းပြည်ပစျေးကွက်အတက်အကျ အနိမ့်အမြင့်နဲ့ စပ်လျဉ်းပြီး ယောတို့ ဝေဖန်သုံးသပ်ပြီဆို အဖြေက နှစ်ခုမရှိ အပိုအလို အလျော့အတင်းမရှိ၊ ကွက်တိဖြစ်နေရမည်။

အားလုံးထက် ကွက်ကျော်မြင်တတ်လို့ အားလုံးရဲ့ရှေ့မှာ အမြဲရှိနှင့်နေသော ယောအတွက် နံပါတ်တစ်ဆိုတာ အဆန်းမဟုတ်တော့။

နှင်းလည်း ထို့အတူပါပဲ။

Designer လောကမှာ အချိန်တိုအတွင်း နာမည်တစ်လုံးယူနိုင်ခဲ့တာ နည်းနည်းနောနော အရည်အချင်း ရင်းနှီးပေးဆပ်ရမှုမဟုတ်။

အခြေအနေ၊ အချိန်အခါနဲ့ ငွေကြေး ဝိဖဝါသနာတွေ ပေါင်းစပ်ပြီး ဇွဲလုံ့လပါ ရင်းထုတ်ခဲ့ရတာမို့ ရရှိသည့်အောင်မြင်မှုက ကံကောင်းခြင်းမဟုတ်သော ထိုက်တန်မှုတစ်ခုပင်။

ယူတတ်လို့ရခဲ့တဲ့နေရာတစ်ခုနောက်, လိုက်ရင်း တခြားဘာကိုမှစိတ်မဝင်စားနိုင်ခဲ့တဲ့ အသက်အစိတ်အရွယ် မိန်းကလေးတွေဆိုပေမယ့် သူမတို့စိတ်ခံစားမှုတွေက Out of date တွေ

www.burmeseclassic.com

www.burmeseclassic.com

ယောကတော့ ရင်ဘတ်အောက်နားမှာ လက်တစ်ဝါးစာ လောက်ရှိသည့် ဖဲပြားစည်းထားသည့် ခရမ်းရောင်ဂါဝန်လေးကို ဒူးဖုံးရုံ Pants အဖြူကျပ်ကျပ်ကလေးနှင့် တွဲဝတ်ထား၏။ ဖြောင့်စင်းနေသည့် ရွှေဝါရောင်ဆံပင်တွေကို နောက်မှာ စုချည်ထားပြီး ဆံထုံးလေးလို ခေါက်တင်ထားကာ ခရမ်းရောင်ပြေပြေပါသော Gucci မျက်မှန်ကို တပ်ထားတာမို့ သူမရဲ့ဖြူစင်ဝင်းနုစ်သည့် အသားအရေနှင့် လွန်စွာလိုက်ဖက် တောက်ပနေလေတော့သည်။

သူမက နှင်းလို Fancy တွေ သိပ်စိတ်မဝင်စားပေမယ့် နဂိုရှိပြီးသားမျက်နှာလေးကိုတော့ ဂရုတစိုက်ခြယ်မှုန်းထားတတ်တ၏။

နဂိုမည်းနက် ကော့ပျံနေသော မျက်တောင်တွေပေါ်မှာ အဝတ်အစားနဲ့လိုက်မည့် ကာလာတွေတင်သည်။ မိတ်ကပ်တွေ အရမ်းမသုံးပေမယ့် ဖူးအိနေသော နှုတ်ခမ်းနုစ်လွှာက မဂ္ဂဇင်းစာမျက်နှာတွေက ကြော်ငြာမယ်လေးတွေလို အပြစ်ရှိရှိတောက်ပြောင်နေတာကြောင့် စွဲမက်ငေးမောဖွယ်ကောင်းနေပြန်သည်။

ဘယ်အချိန်ကြည့်ကြည့်, လင်းထင်းတောက်ပနေသော

အလှက ယောကိုပိုပြီး ဘုန်းတန်းခိုး ကျက်သရေတိုးစေသလား မသိ။ နှင်းကျတော့လည်း Designer ပီပီ ခပ်မိုက်မိုက်ကလေး ဝတ်တတ် စားတတ်တာကြောင့် အားလုံး ငေးခနဲဖြစ်သွားတတ်သည်။

မဆိုစလောက်ညိုတဲ့ နှင်းအသားလေးက မကြာခဏ Beauty Saloon သွား, ပေါင်းတင် ရွှေသွင်းတဲ့အကျိုးကျေးဇူးတွေကြောင့် ဝင်းဝင်းနုစ်နုစ်ကလေးပေမယ့် နဂိုဝင်းမွတ်ဖြူဥနေတဲ့ ယောကိုတော့ မဒီပေ

ဘယ်နေရာသွားသွား, အလှန်းစား အမိုက်စားလေးတွေ ဝတ်တတ်တဲ့ သူမတို့နှစ်ယောက် အခုတော့ လူထူပါတယ်ဆိုတဲ့ ရန်ကုန်-အင်းစိန်လမ်းမတစ်နေရာမှာ မရှုနိုင်မကယ်နိုင် ဒုက္ခတွေ့နေရသည်။

"ဒုက္ခပဲ, ဘယ်လိုလုပ်မလဲ ယော"

နှင်းရဲ့ရုံ့မဲ့မဲ့မေးခွန်းအဆုံး ယော ကိုယ့်ခြေထောက်ကို ငုံကြည့်လိုက်သည်။ ခြေနင်းခုံပေါ်တင်ထားတဲ့ ခြေဖမိုးဖြူဖြူ ခြေချောင်းသွယ်သွယ်လေးတွေက အနက်ရောင်ကြိုးသိုင်း Hiဖိ

www.burmeseclassic.com

www.burmeseclassic.com

လူတွေအစုလိုက်အပြုံလိုက် အကူအညီတောင်းဖို့တော့ မလွယ်ဘူးလေဟာ''

''ငါသိပါတယ်ဟဲ့''

''သိတယ်ဆိုရင်လည်း မေတ္တာဖြင့် ကူညီပါမည်ဆိုတဲ့ သကောင့်သားတစ်ယောက် အမြန်ရှာ''

ယောစကားအဆုံး နှင်းက ဟီးခနဲရယ်သည်။

''နင်ပြောတဲ့လူက ဆိုင်းဘုတ်ဆွဲထားမှာလား''

''ရှူပါကိုတစ်ချက်လောက် ရိုက်ပြီး Come on လုပ်ကြည့်ပေါ့ဟဲ့။ နင့်မျက်နှာကိုလည်း အတတ်နိုင်ဆုံး ချိုထား''

''အံမယ်! နင်ပဲ အဲလို အီတီတီမျက်နှာနဲ့ ကားဘေးဆင်းရပ်။ ငါကတော့ တည်တည်တံ့တံ့ပဲ။ အလကားမရရင် ပိုက်ဆံပေး၊ ခိုင်းမယ်။ ဟော. . . ဟော, ဟိုမှာ လူတစ်ယောက် လျှောက်လာတယ်။ သူ့လက်ထဲမှာ ဖိုင်လေးတစ်ခုပဲပါတယ်။ ဘယ်လိုလဲ ယော, အကူအညီတောင်းကြည့်မလား''

ယော ပလက်ဖောင်းပေါ်မှာ လျှောက်လာတဲ့လူကို လှမ်းကြည့်လိုက်သည်။ မိုးပြာရောင်ဖျော့ဖျော့ ရုပ်လက်ရှည်ကို နက်ပြာ

Heel လေးထဲမှာ ငြိမ်သက်နေကြသည်။

ဒီခြေထောက်တွေ ဒီလက်တွေကတော့ ယောရဲ့အနက်ရောင် လက်လက်ထနေသည့် CYGNUS ကြိုးကို ဘယ်လိုနည်းနဲ့မှ ခြေကန် လက်ကား တွန်းနှိုင်မှာမဟုတ်။ ဒီပုံစံတွေနဲ့လည်း ဘယ်လိုမှမဖြစ်။

ကားဘာဖြစ်ပါလိမ့်ဆိုပြီး တံခါးဖွင့်ဆင်းသွားဖို့တောင် အတော်ခက်ဦးမည်။

''ကျွတ်! သေချင်တော့တာပဲ နှင်းရယ်၊ ဒီအတိုင်းတော့ ဘယ်ဖြစ်မလဲ၊ တစ်ယောက်ယောက်ကို အကူအညီတောင်းရမှာပဲ''

နှင်းက မှန်တံခါးကို ဖြည်းဖြည်းချင်းချပြီး အပြင်ဘေးဘီကို ခေါင်းလေးပြူကြည့်သည်။ ယောလည်း လမ်းဘေးပလက်မောင်းပေါ်က လူအသွားအလာကို စောင့်ကြည့် အကဲခတ်နေလိုက်သည်။

''စာစီယောက်တည်းဆို ရလား ယော''

''အင်း, သန်သန်မာမာဆိုရင်တော့ ရပါတယ်။ ဒီနားမှာ

www.burmeseclassic.com

www.burmeseclassic.com

"မရှိဘူး, ဟိုးရှေ့က လှည်းတန်းမီးပွိုင့်မှာပဲ ရှိမှာ။ စျေးသည်ရှိလည်း ကားတွန်းနိုင်တဲ့လူ တစ်ယောက်မှမပါဘူး။ အားလုံး နှပ်ချေးတွေလောင်း ကလေးသာသာတွေချည်းပဲ"

"ဟုတ်လား။ ဒါဆိုလည်း ဗလတောင့်တောင့် ရုပ်ဖြောင့်ဖြောင့်နဲ့ ကောင်လေးတစ်ယောက်ကိုပဲ စောင့်ကြတာပေါ့ဟယ်"

စကားအဆုံး ယောက သီချင်းတစ်ပိုင်းတစ်စကို ခပ်တိုးတိုးညည်းရင်း ခေါင်းလေးမော့ လက်ပိုက်ကာ လမ်းပေါ်ကလူအသွားအလာကို ကားဘက်မှန်ကနေ လှမ်းကြည့်နေလိုက်သည်။

ရုတ်တရက်ဆိုသလို မြင်ကွင်းထဲကိုရောက်လာတဲ့ အဖြူရောင်အရိပ်လေးကြောင့် ယော ခေါင်းထောင်လိုက်မိသည်။

ကောင်လေးတစ်ယောက်...

နဖူးကနေ ပါးရိုးတစ်လျှောက် အုပ်မိုးဝဲဖြာကျနေသည့် ဆံပင်နက်နက်တွေကြားမှ ခေါင်းငုံ့ချထားသည့်မျက်နှာလေးကို မြူနဲ ဝင်းသန့်နေပေမယ့် တီရုပ်အဖြူက ခပ်နွမ်းနွမ်း ဝါကျင့်ကျင့်နဲ့၊ Sky Blue ဂျင်းဘောင်းဘီက ဖြူရော်ရော် အရောင်လွင့် ပေးနိုင်နေသည်။

တိုင်နှင့်ဘာနှင့် အကျအနဆင်မြန်းပြီး Style pants နှင့်တွဲဝတ်လာပုံအရ ဒီအနီးအနား Tower တစ်ခုခုမှာရှိသည့် ကုမ္ပဏီက ဂုဏ်သရေရှိ လူကြီးလူကောင်းလေးဖြစ်ပုံရသည်။

ဒီပုံစံကို ကားတွန်းဖို့ အကူအညီတောင်းရမှာ အားနာစရာ။

"ဟင့်အင်း, သူ့ပုံစံက ဂျန်းဟဲ့။ ကားတွန်းခိုင်းရမှာ အားနာစရာ။ နောက်တစ်ယောက် စောင့်လိုက်ပါဦးမယ်"

ယောရဲ့ပြောပုံကြောင့် နှင်းက နှာခေါင်းရှုံ့ ပခုံးလေးတွန့်ပြီး တံခါးဘောင်ကို တံတောင်နှင့်ထောက်ကာ စိတ်ပျက်လက်ပျက်ဟန်နှင့် ငြိမ်သက်သွားသည်။

"အကူအညီတောင်းတယ်ဆိုပေမယ့် အလုပ်တစ်ခုတိုင်းမှာ ထိုက်သင့်တဲ့လုပ်အားခဆိုတာ ရှိသင့်တယ် နှင်းရဲ့။ ဘာပဲဖြစ်ဖြစ် ပိုက်ဆံပေးတာ ရိုင်းတယ်လို့ထင်ရပေမယ့် သူ့ရဲ့စေတနာကို တုန့်ပြန်တာပဲ။ ဒါကြောင့် ပိုက်ဆံပေးခိုင်းတာလည်း မဆိုးဘူးပဲ။ ဒီနားမှာ စံပယ်ပန်းတို့ဘာတို့ရောင်းတဲ့ လက်ပွေ့စျေးသည်လေးတွေ မရှိဘူးလား'

www.burmeseclassic.com

www.burmeseclassic.com

ဘောင်းဘီအိတ်နှစ်ဖက်ကို လက်မနှင့်ချိတ်ထားပြီး ခြေထောက်တွေက တွေ့သမျှကျောက်ခဲကအစ ရွှက်ခြောက်ကလေးတွေအထိ အားလုံးကို ရှပ်တိုက်ကန်လာပုံက ကလေးလိုလိုဘာလိုလိုနှင့် အပေအတေဆန်လှသည်။

ကြည့်နေရင်းနဲ့ ဘက်မှန်ထဲက အရိပ်လေးက တဖြည်းဖြည်းနီးကပ် ပီပြင်လာတာမို့ ယော. ကိုယ်ကိုရှေ့နည်းနည်းကိုင်းရင်း အသေအချာကြည့်လိုက်သည်။

အားပါး. . . ချောလိုက်တဲ့မျက်နှာလေး။

ယောကျ်ားတန်မဲ့ နီရဲရိုဖတ်နေတဲ့ နှုတ်ခမ်းနှစ်လွှာက ထူထူပြည့်ပြည့်နဲ့ ကောက်ကြောင်းထင်းထင်းလေး။ သွယ်စင်းချွန်မြသည့်နှာတံလေးရဲ့ထိပ်မှာ မျက်ခုံးနက်နက်လေးတွေက ထိစပ်လို့။ မျက်လွှာချထားတာမို့ မျက်ဝန်းတွေရဲ့ ရှူးလက်တောက်ပမှုကို မမြင်ရပေမယ့် ခပ်တိုတိုနဲ့ ထူစိပ်နေသည့်မျက်တောင်ရိပ်တွေကိုတော့ အတိုင်းသားတွေ့နေရသည်။ သူ့ရဲ့မျက်နှာလေးက ဒီလောက်အချိုးကျသေသပ်နေတာတောင် ဝတ်ထားတဲ့အဝတ်အစားတွေက တောက်ပလင်းလက်မှုမရှိ။ နွမ်းဖျော့နေတာ ဘယ်

လိုမှ ရွှဂက်စရာမရှိ။

ပိုနီးလာလေ. ဂျစ်ကန်ကန် ပေကပ်ကပ်နှင့် လောကကြီးကို အလိုမကျသည့်မျက်နှာနှုနှုလေးက ပိုပြီးအထင်ကရ ပီပြင်လာလေသည်။

ကားဘေးနားသို့ ထိုကောင်လေး ရောက်လာတာနှင့် ယော တံခါးအပြင်ကို ခေါင်းပြူပြီးသား ဖြစ်သွားသည်။

''ဟိတ်. . . ရွှတ်! ''

ဘာကြောင့် ဒီလိုကလေးကလား လှမ်းပြီးအသံပြုလိုက်မိမှန်း မသိခင် ယောပုံစံက အခုပဲ ကားပေါ်က ခုန်ဆင်းတော့မလို ကသုတ်ကယက်ဖြစ်နေတာမို့ နှင်းက အလန့်တကြားလေး ခေါင်းထောင်ကြည့်သည်။

ယောရဲ့ခေါ်သံကြောင့် ကောင်လေးက ခြေလှမ်းကို စုံရပ်ပြီး ခပ်စောင်းစောင်းငဲ့ကြည့်သည်။ ထူးဆန်းစွာပင် ထိုအကြည့်တွေမှာ စိတ်ဝင်စားခြင်း. အံ့အားသင့်ခြင်း. အရေးတယူဂရုစိုက်ခြင်း ဘာဆိုဘာမှ အလျဉ်းမပါဘဲ အေးစက်အသက်မဲ့နေသည်။

''ဒီမှာ. . . တို့ခေါ်လိုက်တာပါ။ တစ်ခုလောက် ကူညီ

www.burmeseclassic.com

www.burmeseclassic.com

နိုင်မလား''

သူက မျက်မှောင်တစ်ချက် တွန့်ချိုးပြီးလျှင် ယောတို့နှစ်ယောက်ကို စူးစမ်းသလိုလှမ်းကြည့်၏။

''ဘာဖြစ်လို့လဲ''

မျက်နှာထား တင်းပေမယ့် လေသံကတော့ သိပ်မဆိုးလှတာမို့ ယော အားတက်သွားရသည်။

''ဟို. . . ကား. . . ကားက ဘတ္တရီ ဝပ်နေလို့ အဲဒါ''

''ကျွန်တော် ကားမပြင်တတ်ဘူး''

ပြောပြီးသည်နှင့် သူက ဆက်လျှောက်သွားဖို့ပြင်သည်။

''နေပါဦး, ကားက ပြင်ရမှာလည်းမဟုတ်ပါဘူး''

နှင်းရဲ့ခပ်စူးစူးအော်သံကြောင့် သူက ဒီဘက်ပြန်လှည့်လာသည်။

''ဒါဖြင့် ကျွန်တော်က ဘာလုပ်ပေးရမှာလဲ''

ယောနဲ့နှင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

''ဟို. . . တွန်းပေးရမှာ''

သူက အင်တင်တင်ပုံနှင့် ကားနောက်ပိုင်းကို တစ်ချက်လှမ်းကြည့်သည်။

ယောက နားထင်ကို လက်ညှိုးလေးနဲ့ကုပ်ခြစ်ရင်း,

''ဟို, အကူအညီတောင်းတာဆိုပေမယ့် ဒီကမောင်လေးကို ထိုက်သင့်တဲ့လုပ်အားခ ပေးမှာပါ။ အဲဒီအတွက် တစ်မျိုးမထင်နဲ့နော်။ ဒီအတိုင်းကြီး တွန်းခိုင်းရမှာ အားနာလို့''

ယောစကားမဆုံးခင် သူက လက်ကာပြသည်။

''တော်ပါပြီ, ကျွန်တော် သဘောပေါက်တယ်''

ပြောပြီး ကားနောက်ကို ချက်ချင်းသွားတာမို့ ယောကလည်း ကမန်းကတန်းပင် စက်နှိုးလိုက်ရသည်။

ချက်ချင်းပဲ ကားက မောင်းလို့ရသွားတော့ ယော ဝမ်းသာအားရ ဂီယာချိန်းလိုက်စဉ် နှင်းက အထိတ်တလန့်ပုံစံနှင့်,

''ဟဲ့, ယော ပိုက်ဆံပေးလိုက်ဦးလေ၊ နင်ပဲ ပြောထားပြီး''

''သြော်, အေး. . . ဟုတ်သားပဲ''

ယော လက်တစ်ဖက်က စတီယာရင်ကိုထိန်းကိုင်ထား

www.burmeseclassic.com

www.burmeseclassic.com

"မသိဘူး နှင်းရေ. ရှုပါလေးကိုကြေပြီး သဒ္ဓါတရားတွေ တဖွားဖွားပေါ်လာတယ်ထင်တာပဲ။ အဲဒါကြောင့် ပေးခဲ့မိတာ ဖြစ်မယ်"

ယောရဲ့ပေါ့ပေါ့ပါးပါးပြောပုံကြောင့် နှင်းက ရုံ့မဲ့မဲ့နှင့်ပြန် ကြည့်နေသည်။

"သူ့ကိုကြည့်ရတာ စိတ်ဝင်စားဖို့ မကောင်းဘူးလား ဟင်. နှင်း"

"မကောင်းပါဘူး။ ဘာစိတ်ဝင်စားစရာရှိလဲ။ ရုပ်ကလေး သနားကမားနဲ့ ပုံစံက ပေပေတေတေ။ အကူအညီတောင်းတာ ဘောင် လုပ်ချင်သလိုမလုပ်ချင်သလို အင်တင်တင်နဲ့ ပိုက်ဆံပေး တော့ ပြေးကောက်တာ သွက်လို့။ ကလေးလည်းမဟုတ်တော့ ဘဲ စရိုက်က တစ်မျိုး"

"ငတ်ပါတော့ နှင်းရယ်၊ ရှင်ကတော့ နိုင်စစ်ဟန်ပြော သလို အပျိုကြီးဖြစ်မှာ သေချာနေပြီ"

နှင်းက မျက်စောင်းထိုးသည်။

"စကားပြောရင်း ဘာကိစ္စ နိုင်စစ်ဟန်က ပါလာရသွန်

ရင်း ကျန်လက်တစ်ဖက်က အိတ်ထဲက ပိုက်ဆံကိုနှိုက်လိုက်ဇ်။ လက်ထဲမှာ တစ်သိန်းအုပ်တစ်အုပ် ပါလာသည်။ နှုတ်ယူပြီး ခွဲ ပေးလိုက်ဖို့ အချိန်မရသလို အဲလိုလုပ်ဖို့ ယောမှာလည်း ဆန္ဒမရှိ ပါ။

ဒါကြောင့် ယော ပိုက်ဆံတစ်အုပ်လုံး ပြတင်းပေါက်က နေ လွှတ်ချပေးခဲ့ရင်း လက်ပြန္ဒတ်ဆက်ထားခဲ့သည်။

ရုပ်ရှင်တွေထဲမှာ မြင်ဖူးထားသလို သူက စိတ်ဆိုးဒေါသ ထွက်စွာ တောက်မခေါက် ခါးမထောက်ပါ။

ယော ပစ်ချပေးခဲ့သည့်ပိုက်ဆံအုပ်ကို ပြေးကောက်ပြီး ဝမ်းသာအံ့ဩသွားပုံလေးနှင့် ယောတို့ကားလေးကို လှမ်းမျှော် ကြည့်လိုက်တာကို ကားနောက်ကြည့်မှန်ကနေ မြင်လိုက်ရတာ ကြောင့် ယော ကြည်နူးပီတိဖြစ်စွာ ပြုံးလိုက်မိဇ်။

"ဟဲ့. ယော. ပိုက်ဆံတွေက ပေးတာ များလိုက်တာ။ အဲလောက်ပေးဖို့ လိုလို့လား"

ယော ပြုံးလက်စမျက်နှာနှင့်ပင် နှင်းကိုငဲ့ကြည့်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com

တာလဲ''

''ညော်၊ စပ်မိစပ်ရာပေါ့''

မချိုမချဉ်အပြုံးနှင့် စ,ချင်သလိုဖြစ်နေသော ယောဂ၏ မျက်နှာကိုကြည့်ပြီး နှင်းက ဟွန့်ခနဲအသံထွက်မဲ့၏။ နိုင်စစ်ဟန် ဆိုတာ နှင်းကို အထက်တန်းကျောင်းသားဘဝကတည်းက လိုက် ပိုးပန်းခဲ့သူဖြစ်ပြီး ယခုထိ ဘယ်ကောင်မလေးကိုမှ အတည်မတွဲ ဘဲ နှင်းကိုသာ ဇွဲကြီးကြီးနှင့် အမျှော်လင့်ကြီး မျှော်လင့်နေဆဲ တည်း။

နှင်းကလည်း မာနကြီးနေတာလား, တကယ်ပဲ မချစ်နိုင် တာလားမသိ။ ငယ်သူငယ်ချင်းဆိုသည့် အတိုင်းအတာလေးနှင့် ခင်ခင်မင်မင်နေခဲ့ပေမယ့် ချစ်ရေးဆိုတိုင်း အကြောက်အကန့်ငြင်း ဆန်နေဆဲပင်။

ထို့ကြောင့် နှင်းကွယ်ရာရောက်တိုင်း နိုင်စစ်ဟန်က 'နှင်း ကတော့ အပျိုကြီးလုပ်မှာနဲ့တူတယ်' ဟု ယောရှေ့မှာပင် ရင်ဖွင့် ညည်းညူကာ တစ်ဖက်လှည့်နှင့် အကူအညီတောင်းနေက၏။

အရမ်းမချမ်းသာပေမယ့် သူ့အရည်အချင်းနှင့်သူ ကိုယ်

ပိုင်လုပ်ငန်းကို ဦးစီးလုပ်ကိုင်နေသော နိုင်စစ်ဟန်နှင့် နှင်းကို သဘောမတူစရာအကြောင်းမရှိပေမယ့် ယောက တိတိလင်းလင်း တော့ အောင်သွယ်မလုပ်ခဲ့ပါ။ ယခုလို မထိတထိ စကားလေး တွေနှင့်သာ စနောက်ခြင်းရှိသည်။

နှင်းကလည်း နှင်းပါပဲ။ နိုင်စစ်ဟန်နှင့်အစခံရတိုင်း ဆတ် ဆတ်ခါ နာသွားတတ်တာ ဟိုးငယ်ငယ်တုန်းကအတိုင်း မပြောင်း လဲသေးချေ။

''ညော်, တို့မျှားကတော့ ကြိုက်လာပေးမယ်သူ မရှိ သေးတော့ ဈေးကိုင် ပဲမျှားမနေနိုင်ပေါင်။ ကြုံတုန်း သဘောကျ တာတွေ့ရင် ကြိုက်ပစ်လိုက်မှာပဲ။ ခုနတစ်ယောက်ကို တကယ် ခိုက်တယ်, သိလား။ သူ့အထာတွေက အသစ်ဟဲ့''

ယောရဲ့ ပိုပိုသာသာအပြောကြောင့် သူမမျက်နှာ ပိုပြီး တွန့်မဲ့ ရှုံ့တွသွားသည်။

''ဟွန်း! နောက်ထပ်တောင် ထပ်တွေ့ချင်နေသေးလား မသိ။ တစ်ခါတည်း လိပ်စာလေးဘာလေး တောင်းထားလိုက်ပါ လား''

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

အစားအသောက်တွေကို အလျဉ်ပယ်,မှာကာ ပလုပ်ပလောင်းစားနေသော သူ့ကိုကြည့်ပြီး မြတ်မိုး မျက်လုံးပြူးသွားမိသည်။

စားပြီးသား ပန်းကန်လွတ်တွေလည်း သူတို့စားပွဲပေါ်မှာ ပုံထပ်နေသေးသည်။ ဒါကိုပင် သူက အားရပုံမပေါ်သေးဘဲ တစ်ဖက်က စားနေရက်နှင့် တစ်ဖက်က မီးခဲ့ကြီးကတ်ပေါက ရနိုင်သောအစားအသောက်တွေကို ထပ်ကြည့်နေတာမို့...

"သုည, တော်ပြီလေကွာ၊ အိမ်ကိုဝယ်သွားဦးမလို့လား"

"အပေအတေပေမယ့် မာနလေးကတော့ ခပ်လွင့်လွင့်ပဲ ဆရာ။ လိပ်စာတောင်းတာတောင် အလွယ်တကူပေးမယ့်ရှပ်မဟုတ်ဘူး"

"ဒါဆိုလည်း သူ့လိပ်စာကို ပိုက်ဆံပေးပြီး ဝယ်လိုက်ပေါ့ဟယ်"

ခပ်ရွဲရွဲပြောလိုက်သော နှင်းစကားအဆုံး ပိုက်ဆံအုပ်ကို ဝမ်းသာအားရပြေးကောက်ပြီး အံ့သြတကြီးဖြစ်သွားသော ခပ်ဝါးဝါးပုံရိပ်လေးကို ယော ဖျတ်ခနဲပြေးမြင်လိုက်ရ၏။

တကယ်ပဲ သူ့ဆီက ဘာမဆို ငွေနဲ့ဖလှယ်ယူလို့ ရနိုင်သလား။

ဟင့်အင်း... ဒီအတွက်နဲ့တော့ မင်းကို အထင်မသေးပါဘူး ကောင်လေးရယ်။ ဘာမဆို စိတ်ထဲရှိတဲ့အတိုင်း ဂရုမစိုက်ဘဲ လုပ်ကြတ်တာလေးကို ချစ်တာ။

အဲဒီလို ဟန်ဆောင်မှုမပါတဲ့ အဖြူထည်သက်သက်ပဲ မဟုတ်လား။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com

မြတ်မိုးက စားလည်းစားနိုင်လွန်းသော သုညကိုကြည့်ပြီး တအံ့တသြခေါင်းရမ်းသည်။

"ဒါနဲ့ မသိလို့မေးပါရစေဦး. . . မင်း ဒီလောက် အစားကောင်းအသောက်ကောင်းတွေ လာစားနေပုံထောက်တော့ အခြေအနေကောင်းလာပြီထင်တယ်"

မြတ်မိုးရဲ့အမေးကို သုညကမဖြေ၊ လက်ကာပြရင်း လာချပေးသောကိတ်နှင့်မစ်ရှိတ်ကို စားရန်ဟန်ပြင်သည်။

ကိတ်မုန့်ကို ဇွန်းနှင့်ကော်စားပြီး မစ်ရှိတ်ကို ပိုက်နှင့်တစ်ချက်မွှေရင်းမှ ဘောင်းဘီအိတ်ထဲက ပိုက်ဆံတစ်ထပ်ကို မြတ်မိုးရှေ့ ထုတ်ပြလိုက်သည်။

"ဟာ! ပိုက်ဆံတွေ များလှချည်လား သုည၊ မင်း ဘယ်မှာ ခွင်ဖန်လာတာလဲ"

မြတ်မိုးက ပိုက်ဆံတွေကို မထိရဲမကိုင်ရဲဟန်နှင့်ကြည့်ပြီး မေးလိုက်တာမို့ သုညက မစ်ရှိတ်ကို စုပ်သောက်နေရင်းမှ မျက်လွှာပင့်ကြည့်သည်။

"ဘာမှမဖေးနဲ့၊ စားမှာသာစား။ ဘယ်ခွင်မှလည်း မသွ

"ဘယ်က အိမ်ကိုဝယ်သွားရမှာလဲ။ ဒီမှာ လက်စသတ်ပြီး မုန့်အချိုတစ်ခုလောက် မှာစားမလို့ကြည့်နေတာ"

"မင်းဗိုက်က ဆန့်သေးလို့လား"

"ဆန့်တာပေါ့၊ ဟော, ဒီကိတ် မမိုက်ဘူးလား။ ပုံထဲမှာတောင် စားချင်စရာ။ ဂျူး. . . ဂျူး. . . နာခေါင်းထဲတောင် အနံ့ရလာသလိုပဲ။ ဒါလေး မှာမယ်, သောက်စရာလည်း တစ်ခုခုမှာဦးမှ။ မင်းရော ဘာစားမလဲ"

"ဟင့်အင်း, တော်ပြီ၊ ဒီလောက်စျေးကြီးတာတွေ အများကြီးစားကျင့်မရှိဘူး"

မြတ်မိုးစကားကြောင့် သုညက ခွက်ထိုးခွက်လန်အော်ရယ်လေသည်။ ထို့နောက်. . .

'မင်းကတော့ ငတုံးပဲ' ဟု ခပ်တိုးတိုးရေရွတ်ကာ ချောကလက်နှင့် ခရင်(မ်)အနှစ်တွေကို လှလှပပပုံဖော်ထားသောကိတ်ကို မှာလိုက်ကာ ပုံထဲမှာပြထားသည့် အရောင်အသွေးလှလှစတော်ဘယ်ရီမစ်ရှိတ်တစ်ခွက်ကိုလည်း လက်ထောက်ပြလျှက် ဒါပါယူခဲ့ပါဟု ထပ်ပြောလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ ဒါက လုပ်အားခ ရထားတာ''

''လုပ်အားခ! ဒီလောက်များတဲ့လုပ်အားခမျိုး ငါတော့ တစ်ခါမှမရဖူးပါဘူး''

''အရမ်းသဘောကောင်းပြီး. . . ငွေကို ရေလိုသုံးနိုင်တဲ့အလုပ်ရှင်မျိုးနဲ့ မင်း မတွေ့သေးလို့ နေမှာပေါ့။ ငါကတော့ ဒါတွေ တကယ်ရလာတာ ငါ့လုပ်အားခအစစ်ပဲ''

သုညစကားကို မြတ်မိုးက အံ့အားတသင့် နားထောင်နေပြီး မယုံရဲဟန်နှင့် စိုက်ကြည့်နေသည်။ စကားတစ်ခွန်းကို ပေါ့ပေါ့ပါးပါးပြောတတ်ပေမယ့် သုညဆိုတဲ့ကောင်က မြတ်မိုးကို လိမ်တော့မပြောတတ်။ လိမ်ပြောရမယ့်လူတွေလည်းမဟုတ်။ မရှိအတူ ရှိအတူ ဆိုးတူကောင်းဖက်တွေမို့ တစ်ယောက်အကြောင်း တစ်ယောက် အသိဆုံး။

''ဒါဆို မင်း ကားပွဲစားတွေဘာတွေ အရောင်းအဝယ် ဝင်လုပ်လာတာလား''

မြတ်မိုးမေးခွန်းအဆုံး သုညက ဟက်ခနဲတစ်ချက်ရယ်သည်။

''ကားပွဲစား၊ ဟုတ်လား၊ ကားပွဲစားလုပ်ဖို့မပြောနဲ့ ကားပွဲစားတန်းကတောင် ဖြတ်မလျှောက်ဖူးဘူး။ ငါက အဲလို တော်ကီနဲ့လုပ်စားမယ့်ကောင်လား၊ မြတ်မိုးရ။ စကားတောင် အဆီအငေါ်တည့်အောင် နားဝင်ချိုအောင် မပြောတတ်တာ။ သူများကို စကားချိုချိုနဲ့ ချုပ်ပြီးရိုက်ထည့်ဖို့ သာတောင်မဖြစ်နိုင်သေးတယ်''

''မသိဘူးလေကွာ. မင်းရလာတာ ငါ့လို ထောင့်ငါးရာနှစ်ထောင်မျိုးမဟုတ်ဘဲ တစ်သိန်းလောက်ကြီးဆိုတော့ ငွေတွေ အလုံးလိုက်ရတဲ့ ပွဲစားတို့ဘာတို့မျှား လုပ်ခဲ့သလားလို့။ အင်း. ငါလည်းမေးသာမေးရဲတာ.မထင်ပါဘူး။ မင်းမှာ အရောင်းအဝယ်နဲ့ပတ်သက်တဲ့ အဆက်အသွယ်မှမရှိတာ''

''ဟား. . . ဟား. . . ငါ့ကို အဲလောက်အထင်ကြီးတယ်ပေါ့လေ။ ကိစ္စမရှိပါဘူး. အထင်မသေးရင် ပြီးရော။ ဒါတွေသန့်သန့်ရှင်းရှင်းရလာတာ။ အဲဒါတော့ လုံးဝယုံပြီးတော့ မင်းပါးစပ်ထဲကဟာတွေ အစာအိမ်ထဲ တန်းတန်းမတ်မတ်ရောက်အောင် စိတ်ချလက်ချမျိုပစ်လိုက်. ကြားလား ဘုရားဒကာ''

www.burmeseclassic.com

www.burmeseclassic.com

သူညအပြောကြောင့် မြတ်မိုးက အားတုံအားနာပြုံးရင်း သူညရှေ့က ကိတ်မုန့်ကို ကယောင်ကတန်းလှမ်းနှိုက်သည်။

''ဟေ့ကောင်, စားချင်ရင် သပ်သပ်တစ်ခု မှာပါလား။ ဘာ ခုမှ ရောယောင်ပြီး ငါ့မုန့် လာနှိုက်နေရတာလဲ''

''မေ့...မေ့သွားတာ၊ အဲလေ ယောင်လို့ပါကွာ''

ရှက်ကိုးရှက်ကန်းဖြစ်သွားသော မြတ်မိုးကိုကြည့်ပြီး သူ မုန့်ဝါးရင်း အားရပါးရအော်ရယ်ပစ်လိုက်သည်။ မြတ်မိုးကလည်း ခပ်တိုးတိုးရှက်ရယ် လိုက်ရယ်လေသည်။

''ဟယ်! ယော, ဟိုမှာ ဟိုမှာ...ဟိုကောင်လေး မှတ်လား''

''ဘယ်မှာလဲ, ဘယ်ကောင်လေးလဲ နှင်းရဲ့''

အပေါ်ထပ်သီးသန့်ဝိုင်းမှာထိုင်ရင်း အောက်ထပ်ကိုဆင်းသည့် ကြောင်လိမ်လေ့ကားကွေ့နားလေးက ဝိုင်းမှာ ထိုင်နေသော ကောင်လေးနှစ်ယောက်ကို လက်ညှိုးညွှန်ပြရင်း နှင်းက တအံ့တသြ ထအော်သည်။

ယောလည်း ကော်ဖီခွက်ကိုချပြီး နှင်းညွှန်ပြရာဆီ လှမ်း

ငုံကြည့်လိုက်မိသည်။

''ဟုတ်ပါတယ်, ငါတို့ကို ကားတွန်းပေးလိုက်တဲ့ကောင်လေးပါ။ ကြည့်စမ်း...မုန့်တွေကို ပါးဖြဲနားဖြဲ အားရပါးရတွယ်နေတာပဲ''

နှင်းက သူကိုယ်တိုင်ပြောပြီး သူ့ဘာသာ အတည်ပြုထောက်ခံကာ လက်တလောလူပျိုရူးမှုကိုလည်း ဝေဖန်လိုက်သေးသည်။ ဟုတ်ပါရဲ့။

ယော ထိုကောင်လေးကို အံ့သြငြိမ်သက်စွာ ငေးကြည့်မိရက်သားဖြစ်သွားသည်။ ယောတို့ကြည့်နေတုန်းမှာပဲ သူက သူ့သူငယ်ချင်းကို စကားလှမ်းပြောပြီး ဝါးလက်စတန်းလန်းနှင့် ပါးစပ်ကြီး,ဟပြီး အော်ရယ်လိုက်တာမို့ နှင်းက ခပ်ရွဲ့ရွဲ့ပုံစံနှင့် သူ့နှုတ်ခမ်းတွေရှေ့မှာ လက်ကလေး အုပ်ကာလိုက်တ၏။

''အမယ်လေး...ရွံစရာကောင်းလိုက်တာ၊ ပါးစပ်ထဲမှာ မုန့်တွေဝါးလက်စနဲ့ အဲလောက်ပြောဆိုရယ်မောနေရလား။ ယော, နှင့်လူက တကယ့်စရိုက်ပဲ''

နှင်းက သူ့ပါးစပ်ကိုသူ လက်ဝါးနဲ့အုပ်ကာရင်း မသေး

www.burmeseclassic.com

www.burmeseclassic.com

အတိုင်းသားမြင်နေရသည်။ အရပ်ကလည်း ခြောက်ပေနီးနီးမို့ ယောက ကလေးလို့သုံးနှုန်းလိုက်တာကို နှင်းက ဘုရား,တလျက် မဲ့ရွဲ့ရေရွတ်လေသည်။

"အင်းလေ. . . ကလေးပဲပေါ့။ ငါတို့ထက် လေးငါးနှစ်လောက် ငယ်တဲ့ဥစ္စာ"

"ဩော, သူက နင့်ကို မှတ်ပုံတင်တွေ မွေးစာရင်းတွေ လာပြထားလို့လား"

"မှက်နာလေးကြည့်တာနဲ့ သိတယ်၊ အလွန်ဆုံးရှိ ဆယ့်ကိုး,နှစ်ဆယ်ပဲ။ လူက ထွားနေလို့"

"တကတည်း မပြောလိုက်ချင်ဘူး. . . ဒေါ်ရွှေယောတို့လည်း တစ်ခါပဲတွေ့ရသေးတယ်၊ ဟိုက ဘယ်လိုပြုစားလိုက်သလဲမသိဘူး။ သည်းသည်းကိုလှုပ်နေတာပဲ"

"ဒါကတော့ဟယ်, ငါက ချစ်သောမျက်စိနဲ့ကြည့်တာကိုး။ ရှင်ကတော့ မာကျောကျောနဲ့လည်းမရ, ချိုချိုသာသာနဲ့ အနွံတာခံမယ့်လူလည်း မလိုနဲ့။ အင်း. . . ငှက်ပျောတုံးနဲ့ နီးပြီ"

"အမယ်လေး. . . ရှင်ပဲ နှစ်ပါးသွားဇာတ်ကို မြိုင်မြိုင်

သလို ပြောလိုက်ပေမယ့် ယောကတော့ သူ့ရဲ့ကလေးဆန်လှသော ချစ်စဖွယ်အပြုအမူတွေကို ဘယ်က ဘယ်လိုပေါ်လာမှန်းမသိသော ခွင့်လွှတ်နားလည်စိတ်နှင့် ခပ်ပြုံးပြုံးပဲ ငေးကြည့်နေလိုက်မိသည်။

သူ့နေရာမှာ တခြားတစ်ယောက်သာဆို အသနဲ့အပြန့် အလှအပကြိုက်သော ယောတစ်ယောက် ဝေါ်ခနဲထိုးအန်ချသွားနိုင်တာ သေချာလှ၏။ ယခုတော့ဖြင့်. . .

"ဟဲ့, ယော၊ အမယ်လေး ငေးနေလိုက်တာ။ ဒီလောက် ဖြစ်ပျက်နေတဲ့ အပေအတေစရိုက်ကို နင်မို့ ရှုမငြီးဖြစ်နေတယ်။ အံ့ပါ့"

"အပေအတေမဟုတ်ပါဘူးဟယ်၊ ရှင်ကလည်း ကလေးကို နှိပ်ကွပ်လိုက်တာ"

"ဘာ! ကလေးကို၊ မြတ်စွာဘုရား, ဒါကြီးက ကလေးလား"

အပေါစားစပို့ရုပ်အနက်ရောင်က သူ့ကိုယ်မှာ ကပ်ကျပ်နေပြီး တောင့်တင်းသန်မာသော သူ့ရဲ့ခန္ဓာကိုယ်အချိုးအစားကို

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

"ကဲ, စားလို့ပြီးပြီဆိုတော့ ပလာဇာတွေ စင်တာတွေ ဆီ တစ်ပတ် ပတ်လိုက်ရအောင် Window shopping ပေါ့"

ဟုပြောပြီး ထွက်လာသော သူညနောက်သို့ တောသားမြို့ရောက်ဒီဖိုင်းနှင့် မြတ်မိုးက ကုပ်ချောင်းချောင်းလေး ပါလာ၏။

"ငါပဲ မြို့ထဲမရောက်တာ ကြာလို့လားမသိဘူး၊ ကုန်တိုက်တွေ မားကက်တွေ ပိုများလာသလိုပဲနော်"

မြတ်မိုးက ကုန်တိုက်သစ်ကြီးကို မော့ကြည့်ပြီး တအံ့ဘာသြစကားဆိုသည်။ သူကတော့ တစ်စုံတစ်ရာစကားမဆိုဘဲ

ဆိုင်ဆိုင်ကပါ, ဒေါ်ရွှေယော။ ခုလည်း သွားတွေ့ပြီး နှုတ်ခွန်းဆက်လိုက်ပါဦး"

နှင်းရဲ့အရွဲ့တိုက်စကားအဆုံး ယောက တမင်တကာ လှလှပပပြုံးရင်း ကော်ဖီခွက်ကို လက်စသတ်လိုက်ကာ...

"တကူးတကတော့ နှုတ်မဆက်ဘူး နှင်းရေ၊ ဖူးစာသာပါလာရင် တောင်စဉ်ခုနစ်သွယ်ကာကာ, သီတာခုနစ်တန် ခြားခြား,...ဘာနဲ့မှ တားမရဘူးတဲ့။ နောက်ထပ် ဆုံကိုဆုံရဦးမှာ။ ကြည့်လိုက်"

ဟုပြောပြီး လက်ဖျစ်တစ်ချက် ဖျောက်ခနဲတီးပြလိုက်တော့ နှင်းက မျက်စောင်းတစ်ချက်ကို နှင့်နှင့်နဲနဲထိုးချလိုက်လေတော့တ၏။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com

KTR ဆိုသည့် သုံးထပ်အဆောက်အဦး Shoppin Mall ကြီးကို မမှိတ်မသုန်ငေးကြည့်နေမိ၏။

သူတို့နှစ်ယောက် ကြည့်နေစဉ်မှာပင် အနက်ရောင် မာစီဒီးတစ်စီးက မှန်တွေအလုံပိတ်လျက် Shopping Mall ၏မြေအောက်ကားပါကင်သို့ မောင်းဝင်သွားတာကို မြင်လိုက်ရလေသည်။

သူညက မျက်မှောင်တွန့်လျက် ထိုကားလေးကိုလှမ်းကြည့်ပြီး ခပ်ဆိုင်းဆိုင်းဖြစ်နေတဲ့ခြေလှမ်းတွေကို ထိုရှေ့မှထွက်ခွာရန် အရှိန်ယူလိုက်၏၏

"မင်းပဲ လျှောက်ကြည့်မယ်ဆို၊ ဒီထဲ ငါတစ်ခါမှမရောက်ဖူးဘူး။ ဝင်ရအောင်လေ"

ကလေးတစ်ယောက်လို ပြောလိုက်သောမြတ်မိုးကို သူ အားနာစာ တစ်ချက်လှည့်ကြည့်လိုက်ပြီး...

"လာပါကွာ. ဟိုရှေ့နားလေးမှာ Centre အသစ်တစ်ခု ရှိပါသေးတယ်။ Sunshine...လေ. အဲဒါက ပိုမိုက်တယ်၊ အကျယ်ကြီးပါ၊ စက်လှေကားတွေနဲ့၊ ပစ္စည်းတွေ ခင်းကျင်းထား

တာကလည်း သေသပ်တယ်။ ပြီးတော့ ဘေးပတ်လည်မှာ စားသောက်ဆိုင်တန်းတွေ အများကြီးနဲ့ တရုတ်စာ ဂျပန်စာကနေ မြန်မာ့ရိုးရာမုန့်တွေအထိ အစုံရတယ်"

"သူညရာ. မင်းကိုများ အဲဒီပိုင်ရှင်က ပိုက်ဆံပေးပြီး ကြော်ငြာခိုင်းထားလား။ မင်းပြောတာနဲ့ ငါတောင် တော်တော် သဘောကျသွားပြီ"

မြတ်မိုးစကားကြောင့် သူရယ်လိုက်မိသည်။ အဲဒီလို ရိုးတာ အေးတာတွေကြောင့်ပဲ မြတ်မိုးကို သူ ညီအစ်ကိုရင်းလို ခင်မင်တွယ်တာရခြင်းဖြစ်၏။

"ဒါနဲ့ ဟိုထဲကို မင်း ဘာလို့မဝင်တာလဲ။ အဲဒီမှာ မင်း တစ်ခုခုလုပ်ထားတာမျိုးတော့ မရှိပါဘူးနော်"

သူည ဟက်ခနဲခေါင်းမော့ရယ်လိုက်ပေမယ့် ဘာမှမဖြေ၊

"မင်းက ငါ့ဆိုရင် အလစ်သမား အချောင်သမားဖြစ်ရမယ်လို့ အမြဲတွေးနေတာပဲနော်"

သူ့ရဲ့မချိတင်ကဲ ရေရွတ်သံကြောင့် မြတ်မိုးက ခေါင်းကုပ်ရင်း ဟီးခနဲရယ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မိလေသည်။

''နေဦး. နောက်တစ်ခု ရွေးထားသေးတယ်၊ အဲဒါဝတ်ပြဦးမယ်''

ပြောပြောဆိုဆို သူညက Fitting Room ထဲသို့ လှစ်ခနဲပြန်ဝင်သွားသည်။ ပြန်ထွက်လာတော့ ဖြူလွေနေသည့် Alter Shirt ကို နက်ခ်တိုင်တစ်ခုနဲ့ လျော့ရဲရဲစည်းနှောင်လျက် ကိုရီးယားမင်းသားတွေ ဆောင်းလေ့ရှိသော အနားပတ်ပါသည့် ဦးထုပ်တစ်လုံးကို ဆောင်းထားသောသူညပုံစံကြောင့် မြတ်မိုးပါးစပ်ပြဲရုံမက မျက်လုံးပါ မှိုပြူးသွားသည်။

''မိုက်လား. .. မပြီးသေးဘူး. ကျန်သေးတယ်''

ပြောရင်း ခါးတိုကုတ်အင်္ကျီတစ်ထည်ကို ဝတ်ပြလိုက်သော သူညပုံစံက လုံးဝအပျံစားဖြစ်သွားတော့၏။

သူက ကော်လာအဖြူရောင်ခပ်ကြီးကြီးကို ကုတ်အင်္ကျီအနက်ပေါ် သေသပ်စွာ ဆွဲတင်ရင်း မှန်ထဲမှတစ်ဆင့် မြတ်မိုးကို ပြုံးပြသည်။

''ဒါတွေ တစ်ထည်ပြီးတစ်ထည် ယူဝတ်နေတာ မင်း

Sunshine ထဲရောက်သောအခါ မြတ်မိုးမှာ အလွန်စျေးကြီးလွန်းလှသော အဝတ်အစားတွေကိုကြည့်ပြီး သဘောကျမိသော်လည်း ဝယ်ဝတ်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တာမို့ မထိရဲမတို့ရဲနှင့် ကုပ်ချောင်းချောင်းလေးသာ လိုက်ကြည့်နေလေသည်။

သူညကတော့ ဒီလိုမဟုတ်၊ အဝတ်အစားတွေ အိတ်တွေ ဖိနပ်တွေကို ရဲရဲတင်းတင်းပဲ ဆွဲယူကြည့်ကာ သူသဘောကျသည့်ဝတ်စုံတွေကို Fitting Room ထဲအထိ ယူသွားကာ ဝတ်ကြည့်ပြီး တကယ်ဝယ်တော့မည့်အလား မှန်ရှေ့မှာ အမျိုးစုံအိုက်တင်ထုတ်ကာ လမ်းသလားလိုက်သေး၏။

''ဘယ်လိုလဲ မြတ်မိုး. ငါနဲ့ဒီဝတ်စုံ လိုက်ရဲ့လား''

တော်ရုံအရပ်နိမ့်သူ၊ ပိန်လွန်းဝလွန်းသူတွေ ဝတ်လျှင် ကြည့်မကောင်းတတ်သော အောက်ရှူးပန့်(ခ်)ဘောင်းဘီအနက်ရောင်နှင့် ကော်လာစနှင့်လက်တွေက အဖြူရောင်ဖြစ်ပြီး ကိုယ်ထည်ကို ပေဒါဖျော့ဖျော့နှင့် ဝေ့(စ်)ကုပ်ပုံစံ တွဲစပ်ထားသော အင်္ကျီလေးက သူညနဲ့ကျတော့ ပြန်မဆွဲတတ်ရက်စရာ စမတ်ကျလှပနေတာမို့ မြတ်မိုးမှာ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com

တကယ်ဝယ်မလို့လား''

''ကျွတ်! ရှူး. . . တိတ်တိတ်လေးနေ''

သူညက ခန္ဓာကိုယ်ကို တစ်ပတ်လှည့်လာရင်း မြတ်မိုးနှုတ်ခမ်းရှေ့မှာ လက်ညှိုးတစ်ချောင်း ကန့်လန့်ဖြတ် လာကပ်တာ။ ပြီးတော့ Fitting Room ထဲပြန်ဝင်သွားပြီး မူလအဝတ်အစားနှင့် တစ်လှမ်းချင်း ပြန်ထွက်လာသည်။

ထို့နောက် အဝတ်အစားတွေကို တစ်စုံမှမကြိုက်လေဟန်၊ စိတ်တိုင်းမကျဟန်နှင့် စုတ်သပ်ခေါင်းရမ်းလျက် နေရာမှာ လာပြန်ချိတ်တာ။ ခုန အရုပ်ပေါ်မှာ ဆောင်းပေးထားသည့်ဦးထုပ်ကိုလည်း စနစ်တကျပြန်တင်သည်။

အားလုံးပြီးသည်နှင့် သူ့ရဲ့မူပိုင်စတိုင်(လ်)အတိုင်း ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ချိတ်ကာ ထိုနေရာမှ ကျောခိုင်းထွက်လာတာမို့ မြတ်မိုးလည်း သက်ပြင်းရှိက်ရင်း လိုက်ခဲ့ရလေတော့တာ။

တော်ပါသေးရဲ့၊ တခြား Centre တွေလို နောက်က တကောက်ကောက်လိုက်ကြည့်နေတတ်တဲ့ Sale person တစ်

ယောက်မှမရှိပေလို့။ နို့မို့ဆို သုညလုပ်ပုံတွေက မျက်နှာပူစရာ။

''သုည''

''ဘာလဲကွာ''

''မင်းက အဝတ်အစားတွေကို ဝတ်ကြည့်ပြီး တစ်ထည်မှလည်း မယူဘူး။ သဘောကျလို့ ယူဝတ်ပြီးမှ ပိုက်ဆံပါရက်နဲ့ မကြိုက်လို့ ထားပစ်ခဲ့သလိုမျိုး ဘာလို့လုပ်တာလဲ''

''ပျော်လို့''

''ဘာ!''

''ပျော်လို့လုပ်တာလေ၊ အဲဒါမျိုး ငါအမြဲလုပ်နေကျ။ အဲဒီအရသာမျိုးကို ငါတို့လိုလူမွဲတွေပဲ ခံစားနိုင်တယ်။ ပိုက်ဆံမပါတော့ မဝယ်နိုင်ဘူး။ ဒါပေမဲ့ အပိုင်မရပေမယ့် ခဏဝတ်လိုက်ရတယ်။ ရသေ့စိတ်ဖြေပေါ့ကွာ''

သူ့စကားကို နားထောင်ပြီး မြတ်မိုးက ခေါင်းညိတ်တာ ဘာအတွက် ခေါင်းညိတ်မှန်းတော့မသိ။

'စျေးနှုန်းတွေက ဒေါ်လာနဲ့ရေးထားတော့ ဘယ်လောက်မှန်း ငါနားမလည်ဘူး။ ဒါပေမဲ့ မင်းဆီမှာရှိတဲ့ပိုက်ဆံနဲ့ဆို သုည

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပြီလား. ဒါနဲ့ ဒီထဲရောက်ပြီးမှ တစ်ခုခုတော့ ဝယ်မှကောင်းမယ်။ ဘာဝယ်မလဲ. . . စဉ်းစားဦး''

''အိမ်မှာတော့ သွားတိုက်ဆေးဘူး ကုန်နေတယ်ကွ''

''ဟုတ်လား. ဒါဆို သွားတိုက်ဆေးဘူးပဲ ဝယ်သွားကြတာပေါ့''

နှစ်ယောက်သား ရယ်မောရင်း သုညက စင်ပေါ်မှ သွားတိုက်ဆေးဘူးကြီးတစ်ဘူးကို လှမ်းယူသည်။ ထို့နောက် အောက်ထပ်သို့သွားရန် လှေကားအတိုင်း ဆင်းလာခဲ့ကြလေသည်။

လက်တွန်းလှည်းလေးတွေတွန်းလျက် စင်ပေါ်မှပစ္စည်းတွေကို အလကားရသလို ယူထည့်နေသော ဈေးဝယ်သူတွေကို ကြည့်ပြီး မြတ်မိုး အားကျနေသည်။

''ငါတို့လည်း ပိုက်ဆံရှိပြီး တစ်ရက်လောက်တော့ ဒီလို လျှောက်ဝယ်ပစ်ရမယ်''

မြတ်မိုးစကားကြောင့် သုညက တစ်ခုခုပြောရန် ပြင်လိုက်စဉ် Security ဝတ်စုံနှင့်ကောင်လေးနှစ်ယောက်က သုညနှင့်မြတ်မိုးထံ ပြေးလာပြီး တစ်ဖက်တစ်ချက်စီ ဝိုင်းလိုက်တာဖြင့်

တော်တာလေးတစ်စုံတော့ ဝယ်နိုင်မှာပါကွာ။ မင်းနဲ့ အဲဒီအဝတ်အစားတွေနဲ့ လိုက်တယ်ကွ. မင်းသားကျနေတာပဲ။ ဝယ်လိုက်ပါလား''

မြတ်မိုးရဲ့ ကလေးဆန်ဆန်အပြောကြောင့် သူ ခေါင်းမော့ပြီး ဟက်ဟက်ပက်ပက်ရယ်လိုက်မိ၏။ ထို့နောက် မြတ်မိုးပခုံးကို ဖက်လိုက်ကာ. . .

''အဲဒါတွေဝယ်လိုက်ရင် တစ်ထည်တည်းနဲ့ ဒီပိုက်ဆံတွေ ပြောင်သွားမှာပေါ့ကွ။ ထုံးစံအတိုင်း လမ်းဘေးဆိုင်တွေက ဝယ်ရင် မင်းနဲ့ငါနှစ်ယောက်လုံးအတွက်လည်း ရတယ်. ဈေးလည်း သက်သာတယ် မဟုတ်ဘူးလား''

ခပ်မြူးမြူးပြောလိုက်သော သုညစကားအဆုံး မြတ်မိုး (၄) ဂကျူးဇူးတင် အားနာသောအကြည့်နှင့်ကြည့်ကာ. . .

''ခုနလည်း ငါ အဲလိုတွေးမိပါတယ်။ ဒါပေမဲ့. . . အဲဒီအဝတ်အစားတွေက မင်းနဲ့သိပ်လိုက်နေတော့''

''နားစမ်းပါကွာ. အဲဒါတွေ မေ့လိုက်စမ်းပါ။ အခု ဒီကပြန်ရင် လမ်းမှာ မင်းနဲ့ငါ့အတွက် အဝတ်အစား ဝင်ဝယ်မယ်။

www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်လုံး အံ့အားသင့်သွားရလေသည်။

"ဘာလုပ်တာလဲကွ"

သုညက လက်ကိုဆတ်ခနဲရှုန်းရင်း ခပ်ဆတ်ဆတ်ပြန်အော်လိုက်တော့ Security တစ်ယောက်က...

"မင်းတို့ ပစ္စည်းတစ်ခု Cash မလုပ်ဘဲ ယူလာတယ်၊ အဲဒါကြောင့် ဖမ်းတာ"

"ပစ္စည်း... ဘာပစ္စည်းလဲ"

"ဟို... ဒီသွားတိုက်ဆေးဘူးလား"

မြတ်မိုးနဲ့သုညရဲ့မေးခွန်းကို Security တစ်ယောက်က ခေါင်းညိတ်ဖြေသည်။

"ဟုတ်တယ်. အဲဒါအတွက် ငွေမရှင်းခဲ့လို့ မန်နေဂျာရုံးခန်းကို ခဏလိုက်ခဲ့ပါ"

"ဟာ. မဟုတ်တာ၊ ဒါအပေါ်ထပ်မှာရှင်းဖို့မေ့လာတာ၊ အောက်ထပ်ကောင်တာမှာ ရှင်းမှာပေါ့"

"အဲဒါတွေ ဒီမှာရှင်းလို့မရဘူးခင်ဗျ၊ မန်နေဂျာရုံးခန်း လိုက်ခဲ့ပါ"

"ကျွတ်! ဒုက္ခပဲ"

ပိုင်းဝန်းအကဲခတ်စူးစမ်းနေသော လူတွေရဲ့မျက်လုံးတွေကြောင့် သုညတစ်ကိုယ်လုံး ပူထူရှိန်းနွေးကာ စပ်ဖျဉ်းဖျဉ်းဖြစ်နေသလိုပင် ခံစားလိုက်ရသည်။

မြတ်မိုးကိုကြည့်တော့လည်း မျက်နှာလေး ငယ်လို့။ ဘာတတ်နိုင်မှာလဲ။

ဒီနားမှာ စျေးဝယ်သူတွေကြား အသံကျယ်ကျယ်နဲ့ ငြင်းခုန်နေမယ့်အစား မန်နေဂျာရုံးခန်းလိုက်သွားတာက ပြဿနာကို အမြန်ရှင်းနိုင်ဦးမည်ဟု သဘောပိုက်ကာ နှစ်ယောက်လုံး လိုက်လာခဲ့ရ၏။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

"သေချာရဲ့လား နှင်းရယ်၊ နင့်ဥစ္စာကလည်း ခုလေးတင် မုန့်သွားစားတုန်းက, တွေ့လိုက်သေးတဲ့ဟာ။ အခုပဲ Shopping Centre ထဲ ဝင်ခိုးတယ်ဆိုတော့"

"ဩော်, ဟုတ်ပါတယ်ဆို၊ ယောကလည်း ငါကိုယ်တိုင် CCTV ကနေ ကြည့်နေတဲ့ဟာ။ နင်လာရင် တွေ့ရလိမ့်မယ်"

"ဟဲ့, ဘာပဲဖြစ်ဖြစ် သက်သက်ညာညာတော့ လုပ်နော်၊ သေချာလည်း မေးပါဦးဟယ်။ မနေ့ကျ ဒေါ်နုန်းနွယ်နိုနဲ့လည်း လွဲမထားနဲ့ဦးနော် နှင်း။ နင်ကိုယ်တိုင်မေးမြန်း, သိလား"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

နှင်း၊ ဖုန်းလေးကို စားပွဲပေါ်အသာချပြီး ခါးကိုမတ်လိုက်ကာ စားပွဲပေါ်ကို လက်နှစ်ဖက်လုံး ကူးခြွေရစွာတင်လျက် အခန်းထဲသို့ Security နှစ်ယောက်နှင့်အတူ ဝင်လာသောကောင်လေး နှစ်ယောက်ကို မမှိတ်မသုန်စိုက်ကြည့်နေလိုက်မိသည်။

တစ်ယောက်ကတော့ ခပ်ရိုးရိုး ကုပ်ချောင်းချောင်းနှင့် ရုက်ကြောက်နေပုံမျိုးပဲဖြစ်ကာ ယောရဲ့မင်းသားချောကတော့ အသည်းယား အမြင်ကပ်ဖွယ်ကောင်းလောက်အောင် မိုက်ကန်းကန်း ထုံပေပေမျက်နှာမျိုးနှင့် ရှိနေလေသည်။

နှင်းက Security နှစ်ယောက်ကို ပြန်ထွက်သွားရန် မေးဆတ်ပြလိုက်ပြီး မန်နေဂျာဒေါ်နန်းနွယ်နီဘက်သို့လှည့်ကာ,

"လုပ်စရာရှိတာ ဆက်လုပ်ပါ၊ နှင်းကိုယ်တိုင်ပဲ ဒီကိစ္စကို ဖြေရှင်းလိုက်ပါ့မယ်"

မန်နေဂျာနှင့်မတူဘဲ ပိုင်ရှင်ဖြစ်ပုံရသော နှင်းဆိုသည့် အမျိုးသမီးကို သူည စူးခနဲတစ်ချက်ကြည့်မိသည်။

"ကဲ, ဘယ်လိုလဲ၊ ပစ္စည်းတန်ဖိုးရဲ့ဆယ်ဆကို လျော်မလား... ဒါမှမဟုတ်..."

"စိတ်ချ, ငါကလည်း ကိုယ်တော်ချောကို ပညာပြချင်နေတာနဲ့ အတော်ပဲ၊ ဒါနဲ့ ငါ့ကိုတော့ သူ မမှတ်မိလောက်ပါဘူးနော်။ နင့်ဆိုရင်တော့ မှတ်မိချင်မှတ်မိမှာ"

"နှင်း... ခပ်ပါးပါးပဲနော်၊ သိပ်အပြင်းစားကြီး သွားမရိုက်နဲ့။ ကျုပ်စိတ်ဆိုးမှာ"

ယောရဲ့အပြောကြောင့် နှင်းက သဘောကျသလို တခစ်ခစ်ရယ်သည်။ ယောက သူလိုချင်မက်မောတာတို့ ဖြစ်ချင်တာတို့ကို တောင်းဆိုတိုင်း ရှင်ဟယ် ကျုပ်ဟယ်နဲ့ ချစ်စနိုးပြောနေကျ ဖြစ်သည်။

"နှင်း... ငါပြောတာ ကြားရဲ့လား၊ ကလေးကို သိပ်ပြီးဟောက်မနေနဲ့။ တကယ်ယူယူ မယူယူ စွတ်ဖြမနေနဲ့။ ငါမလာနိုင်ဘူးဆိုပြီး ပညာတွေပြလွှတ်လိုက်လို့ကတော့ မလွယ်ဘူးနော်"

"အေးပါ ရွှေယောရဲ့၊ ဒါပဲနော်, ဟိုမှာလာနေပြီ။ ဖုန်းချလိုက်တော့မယ်,သိလား။ သူပြောတာဆိုတာလေးတွေ ရှင်နားထောင်ရအောင် Record လုပ်ထားပေးမယ်၊ ဟုတ်ပြီလား"

"OK...ကျေးဇူးပဲ နှင်း"

www.burmeseclassic.com

www.burmeseclassic.com

"ဘာမှမလုပ်ပေးနိုင်ဘူး. ကျွန်တော်တို့ ဒါကို ခိုးလာတာမဟုတ်ဘူး။ အပေါ်ထပ်က ယူခဲ့တာမှန်တယ်၊ ဒါပေမဲ့ အောက်ထပ်မှာ ရှင်းမလို့"

"အဲဒါ နံရံမှာ စာကပ်ထားပြီးသားလေ၊ မြန်မာ, English, Chinese သုံးဘာသာတောင် ရေးထားတာ"

"ခင်ဗျားတို့ ဘယ်နှဘာသာနဲ့ရေးရေး, သတိလည်း မထားမိဘူး။ ပြီးတော့ ဒါက မတော်တဆမေ့ပြီး ပါလာတာ။ ဒီ Centre ထဲက ထွက်မသွားမချင်း ကျွန်တော်ခိုးတယ်လို့ စွပ်စွဲလို့မရဘူး"

"ဒါကတော့ တခြား Market တွေ Centre တွေမှာ System တစ်မျိုးနဲ့ ဝန်ဆောင်မှုပေးချင်ပေးနိုင်ပါလိမ့်မယ်။ Sunshine မှာတော့ သက်ဆိုင်ရာနေရာအလိုက် Cash လုပ်ဖို့ မေတ္တာရပ်ခံထားပြီးသားပါ။ ပစ္စည်းတစ်ခုကို ဝယ်တဲ့နေရာမှာလည်း မတော်တဆတို့ မေ့လျော့တယ်ဆိုတဲ့ကိစ္စတွေက မဖြစ်သင့်ဘူး မဟုတ်လား။ ဒီတော့ စည်းကမ်းအတိုင်း အရေးယူရမှာပဲ"

သူမစကားအဆုံး သုညက သက်ပြင်းရှိုက်လျက် ကျွတ်

ခနဲ စုတ်သပ်လေသည်။

"အဲဒီစည်းကမ်းဆိုတာနဲ့ပဲ ကျွန်တော်တို့က သူခိုးအဖြစ် ခံပြီး ပစ္စည်းတန်ဖိုးကို မတန်တဆလျော်ရတော့မှာလား"

မြတ်မိုးမှာ သွားတိုက်ဆေးဘူးကို မျက်နှာငယ်နှင့်ကြည့်ရင်း 'ငါမကောင်းလို့၊ ဒါမျိုး လမ်းထိပ်စတိုးဆိုင်မှာ ဝယ်လည်း ရရဲ့သားနဲ့၊ အရစ်ရှည်လို့ သူခိုးဖြစ်ရပြီ' ဟုတွေးနေမိလေသည်။

"အဲဒီလိုမှမလျော်ဘူးဆိုရင်တော့ တခြားတစ်နည်း သုံးရမှာပဲ"

"ကောင်းပြီ၊ ဒါဆို ကျွန်တော်မခိုးဘူး။ ဒါပေမဲ့ ခင်ဗျားတို့ဆုံးဖြတ်တဲ့အတိုင်း လိုက်နာမယ်။ ဆယ်ဆတော့ မလျော်ဘူး၊ ကြိုက်သလိုလုပ်"

"သုည"

မြတ်မိုးက သူ့ကိုတံတောင်နှင့်တွက်ကာ လျှောက်မလုပ်ဖို့ မျက်ရိပ်ပြလေသည်။

"တန်ရာတန်ကြေးထက် တစ်ပြားမှပိုမပေးနိုင်ဘူး။ စည်းကမ်းအတိုင်း အရေးယူမယ်ဆိုရင်လည်း ကြိုက်သလိုလုပ်ပစေ"

www.burmeseclassic.com

www.burmeseclassic.com

"ရတယ်လေ, ဒါဆိုလည်း ရှင့်ဓာတ်ပုံတစ်ပုံတော့ ရိုက်ယူထားလိုက်မယ်။ ဒီတစ်နှစ်လုံး ဒီ Centre ထဲမှာ ရှင့်ပုံက အလစ်သမားတစ်ယောက်အဖြစ် ရှိနေမှာနော်"

နှင်းရဲ့စကားကြောင့် သူ့ဘက်က ရှူးရှူးရှားရှား ဒေါသတွေနှင့် အကြောက်အကန့်ငြင်းဆန်လိမ့်မည်ဟု ထင်လိုက်မိသော်လည်း တကယ့်တကယ်ကျတော့...

"OK...ခင်ဗျားတို့ချထားတဲ့စည်းကမ်းအတိုင်း သတ်မှတ်အရေးယူတယ်ဆိုတော့လည်း သဘောပေါ့"

ဟု ခပ်အေးအေးပြန်ပြောလိုက်တာမို့ နှင်း မသိမသာ မျက်ခုံးပင့်လိုက်မိတ်။

ထို့နောက် နှင်းက i phone လေးကိုဆွဲယူပြီး သူ့ကို ဓာတ်ပုံရိုက်ရန် ဟန်ပြင်တော့ သူက သွေးအေးငြိမ်သက်စွာပင် သူ့စိတ်ကြိုက်အနေအထားနှင့် ဓာတ်ပုံအရိုက်ခံရန် ပြင်လေသည်။

Cover Model တစ်ယောက်လို စိတ်ကြိုက် Post ပေးနေသောသူ့ကို နှင်း တအံ့တသြကြည့်နေခိုက်...

"ဒီအတိုင်း ဖြစ်တယ်မှတ်လား"

ဟုဆိုလိုက်တာမို့ ခေါင်းညိတ်ပြရင်း အလျှင်အမြန်ရိုက်ယူလိုက်ရလေတော့တ်။

ထို့နောက်တွင် သူက ဘောင်းဘီအိတ်ထဲမှ ငါးရာတန်တစ်ရွက်ကိုထုတ်ပြီး နှင်းရှေ့စားပွဲပေါ် ချပေးသည်။

"ဒါ သွားတိုက်ဆေးဘူးဖိုး ငါးရာ"

ဟု အေးစက်စက်လေသံနှင့်ဆိုရင်း နှင်းရှေ့မှ ချာခနဲလှည့်ထွက်သည်။

"နေဦး, ရှင့်နာမည်နဲ့အသက် ပြောခဲ့ဦး"

သူက ခပ်တွန့်တွန့်မဲ့ပြုံးရင်း ခေါင်းငဲ့ကြည့်သည်။

"သုည"

"ဘာ!"

"သုညလေ, Zero ပေါ့။ Zero မှ Plus နဲ့မဟုတ်ဘူး၊ Minus zero... အသက်ကတော့ အမေ့ကိုပြန်မေးရဦးမယ်"

သူ့နောက်ကျောကိုကြည့်ရင်း နှင်း သတိလက်လွတ်ပြုံးမိသွားသည်။

တကယ်ပေလွယ်ပါလား

www.burmeseclassic.com

www.burmeseclassic.com

ယောရေ. . . နင့်ရဲ့ကိုယ်တော်လေးရဲ့နာမည်က သုည တဲ့။ သုညမှ အနှုတ်လက္ခဏာနဲ့ သုညဆိုပဲ။

☺☺☺

အခန်း (၅)

ယောမှာ နှင်းယူပြသော သူ့ရဲ့ဓာတ်ပုံကိုကြည့်ပြီး တအံ့တသြ မျက်ခုံးပင့် ပြုံးလိုက်မိသည်။ အဲဒီနောက်တော့ ဓာတ်ပုံထဲမှ သူ့စတိုင်(လ်)ကိုကြည့်ပြီး ရယ်ချင်လာတာမို့ ဟက်ဟက်ပက်ပက် အော်ရယ်လိုက်လေတော့တ၏။

''ဘယ်လိုလဲ, ယော၊ ရှင်တောင် စိတ်ထဲကနေ လက်ဖျားခါသွားပြီမှတ်လား''

ယော ဝခါင်းတရမ်းရမ်းနှင့် ရယ်ရင်း ဓာတ်ပုံကိုဆွဲယူကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

''သူ့နာမည်က သုညတဲ့လား၊ နာမည်ရင်းလား''

''မသိဘူး၊ သူကတော့ ပြောသွားတာပဲ။ သူက အန္တိမလက္ခဏာနဲ့သုညတဲ့''

''ဘာရယ်''

''Minus zero ပါတဲ့ဆို၊ အသက်ကို မေးတော့လည်း အမှေကိုပြန်မေးဦးမယ်တဲ့။ နှင့်လူကတော့ တကယ့် ကမ္ဘာတလွှားမှာ ရှာမှရှားပဲ ယောရေ။ အဲဒီမှာ ဓာတ်ပုံအရိုက်ခံသွားတဲ့ဒီဇိုင်းကိုလည်း ကြည့်ဦး၊ အဲဒါဘာစတိုင်(လ်)လဲ''

နှင်းပြောကာမှပင် ဓာတ်ပုံထဲမှ သူ့အမူအရာကို ယောအသေအချာပြန်ကြည့်ဖြစ်လေသည်။

ဘာစတိုင်(လ်)ပါလိမ့်ဟု သိပ်ကြာကြာမစဉ်းစားလိုက်ရ။ မျက်နှာတစ်ခုလုံး အုပ်ကွယ်လုနီးပါး တစ်ခြမ်းစောင်းဆံပင်ရှည်ရှည်တွေကြားမှ ခေါင်းငုံ့မျက်လွှာပင့်ကြည့်နေသော သူ့မျက်လုံးတွေကြောင့် ယော တစ်စုံတစ်ရာကို သတိပြုမိစွာပင်၊ ဟက်ခနဲရယ်ချလိုက်မိတော့တ်။

''ဒါ ဘယ်လူ့စတိုင်(လ်)မြစ်ရမှာလဲ နှင်းရဲ့။ သေသေချာ

ချာကြည့်စမ်းပါဦး၊ လက်မကို မေးဖျားနားကပ်ပြီး မျက်လုံးလှန်ကြည့်တာ Death-note ထဲက အယ်(လ်)ရဲ့စတိုင်(လ်)ပေါ့''

''ဩော်၊ အေး၊ ဟုတ်သားပဲ၊ ဒါကြောင့် ဒီပုံစံမျိုး ငါမြင်ဖူးပါတယ်လို့ထင်နေတာ။ လက်စသပ်တော့ မောင်မင်းကြီးသားက အယ်(လ်)ရဲ့အမူအရာတွေ အတုခိုးပြီး စတန့်ထွင်သွားတာကိုး။ မှတ်သားလောက်ပါရဲ့၊ ဆိုင်ကပစ္စည်းကို အလစ်သုတ်တဲ့လူပါလို့ နံရံကပ်ကြော်ငြာမှာကို ကြော်ငြာမော်ဒယ်(လ်) လုပ်နိုင်းတယ်များ မှတ်နေလားမသိဘူး။ လုပ်သွားပုံကိုက အချိုးမကျမုန်းစရာ''

''အံမယ်, အဲဒီမုန်းစရာကိုပဲ ရှင်ကိုယ်တိုင် ဖုန်းနဲ့ဓာတ်ပုံရိုက်ယူထားလိုက်တာမဟုတ်လား ဒေါ်သက်နှင်းဆက်ရဲ့''

ယောစကားအဆုံး နှင်းက မျက်ခုံးတစ်ဖက်ကို ဟန်ပါပါပင့်ရင်း ပခုံးတွန့်လျက် လက်ဝါးနှစ်ဖက်ကို ဖြန့်ပြလေသည်။

''ငါကတော့ ထုံးစံအတိုင်း လုပ်လိုက်တာပဲလေ။ သူကို က ထောင့်မကျိုးတာ။ အံမယ်. . . သူပြောသွားတဲ့စကားတွေကို ရှင်နားထောင်ကြည့်ဦး၊ တကယ့်အကျောကြီးနဲ့ဆရာ။ ဟောဒီ

www.burmeseclassic.com

www.burmeseclassic.com

မှာ Record လုပ်ထားတယ်. ရှင်ပြန်နားထောင်ကြည့်။ တစ်စက်
ကလေးမှလည်း အကြောက်အရွံ့မရှိဘူး။ သူနဲ့ပါလာတဲ့ကောင်
လေးကတော့ ကုပ်ချောင်းချောင်းနဲ့ သနားစရာကောင်းပါရဲ့။ သူ
ကတော့ သွားတိုက်ဆေးဘူးဖိုးတွေဘာတွေ ငါ့ကိုထုတ်ပေးပြီး
ဆောင့်ကြွားကြွားယူသွားတာ။ ဓာတ်ပုံရိုက်မယ်ဆိုတော့လည်း သူ့
သဘောအတိုင်း ဘယ်လိုနေနေဆိုတဲ့အထာကြီးနဲ့၊ တွေ့တယ်
မှတ်လား, ဓာတ်ပုံသာ သူ့ရှေ့မှာ ချက်ချင်းကူးလို့ရရင် အောက်
မှာ လက်မှတ်ပါ ထိုးပေးသွားမယ့်သဘောရှိတယ်။ တကယ်
မလွယ်ဘူး''

နှင်းက သူ့နဖူးသူ လက်ဖနောင့်နှင့်ရိုက်လိုက်၊ ခေါင်း
တွေရမ်း, လက်တွေခါလိုက်နှင့် သူညကို တကယ်ဆလဲသနေ
ဟန် ပြောပြသည့်အခါ ယောမှာ မရယ်ဘဲမနေနိုင်။

''တော်ပါတော့ နှင်းရယ်၊ ငါတော့ အူတွေပြတ်တော့
မယ်၊ တကယ်ရယ်ရလွန်းလို့။ ဒါနဲ့ သူ ခိုးတယ်ဆိုတာတော့
မဟုတ်ဘူးမှတ်လား''

နှင်းက ယောကိုမျက်စောင်းထိုးရင်း ရုံးခန်းထောင့်မှ

ရေခဲသေတ္တာဆီ ထသွားကာ ကိုလာတစ်ဘူးကို ထုတ်ယူလာပေး
သည်။ ထို့နောက်မှ. . .

''အဲဒီလို နိမိတ်ပြမေးခွန်းကွေ့နဲ့ အပြစ်က ကွင်းလုံး
ကျတ်အောင် မဆယ်စမ်းပါနဲ့ ယောရယ်။ စည်းကမ်းအတိုင်းဆို
ရင်တော့ ခိုးမှုမြောက်တယ်ပြောရမှာပဲ''

''ပြောကာမှပဲ အပြစ်က ပိုကြီးသွားရပြန်ပြီ''

''အို! ဒါတင်ဘယ်ကမလဲ၊ သူကလည်း မှားသေး, ဆက်
ဆံရေးကလည်း ခက်ထန်မာကျောလိုက်တာ နှစ်ယောက်မရှိဘူး။
အလစ်သမားတစ်ယောက်အဖြစ် သူ့ဓာတ်ပုံကို ဒီမှာကပ်ထား
မယ်ဆိုတော့လည်း သူက အေးဆေး။ ကဲ, ဘယ်လိုစရိုက်လဲ
နင်မသိဘူးနော်, ယော။ ငါက ကောင်းကောင်းအကဲခတ်တတ်
တယ်။ အဲကောင်လေးက အသက်သာငယ်တယ်, တကယ့်ဘု
ဂလန်ခွစာ အရုက်အကြောက်ဘာမှမရှိတဲ့ အပေအတေလေး''

နှင်းရဲ့ပျစ်ပျစ်နှစ်နှစ်ဝေဖန်သံအဆုံး ယော သက်ပြင်း
တစ်ချက် ရိုက်လိုက်မိသည်။

''နှင်ကသော့ ဘာမှအကောင်းမမြင်ပါလား နှင်းရယ်''

www.burmeseclassic.com

www.burmeseclassic.com

"သူလုပ်သမျှလည်း အကောင်းတစ်ကွက်မှ မရှိဘူးလေ ယောရဲ့။ ပေတဲ့ မိုက်တဲ့ ရွှတ်တဲ့နေရာမှာ နံပါတ်တစ်။ ငါမမြင်ဖူးသေးတဲ့ တကယ့်အသစ်"

"ကဲပါ, ထားပါတော့၊ ဒါနဲ့ ဒီပုံကို နင်က တကယ်ကပ်ထားမလို့လား"

နှင်းက ကိုလာကို တစ်ငုံစုပ်သောက်လိုက်ပြီး ဆတ်ခနဲခေါင်းညိတ်လိုက်ကာ...

"အင်းပေါ့, ကပ်ရမှာပေါ့၊ ဘာဖြစ်လို့လဲ"

"ဟယ်! မဟုတ်တာ နှင်းရယ်၊ မလုပ်ပါနဲ့"

"အံမယ်! မလုပ်လို့ရမလား၊ သူကိုယ်တိုင်တောင် ဂရုမစိုက်ဘဲ ခွင့်ပြုသေးတဲ့ဟာ။ နင်က ကြားထဲက ဘာဖြစ်နေတာလဲ"

"မလုပ်ပါနဲ့ဟယ်၊ နင် ဒီပုံကို သိပ်ကပ်ချင်နေရင် ဒီမှာ မကပ်နဲ့။ ငါ့ရုံးခန်းထဲမှာ လာကပ်, ဟုတ်ပြီလား"

"ရောဂါပဲ ဒေါ်ရွှေယော၊ ရှင်ကတော့ တကယ်ကျွမ်းနေပြီနော်။ ကြွေမယ့်ကြွေတော့ လေမရ နေမခဘဲ အစိမ်းကြွေ

ကြွေပစ်လိုက်တာပါပဲလား။ ကျွတ်...ကျွတ်...သနားစရာ"

"မိန့်ခင်း အစုတ်အပြတ်မ"

ယောက ရှက်စနိုးကျိန်ဆဲရင်း နှင်းကို ဖိုင်တွဲနှင့်လှမ်းရိုက်သည်။ နှင်းက ခါးလေး ကော့ရှောင်ရင်း...

"အံမယ်, ရှက်ရမ်းရမ်းနေတယ်၊ မဟုတ်လို့လား"

"ဟဲ့, နှင်း ဘယ်လိုဖြစ်နေတာလဲ"

"ဘယ်လိုမှမဖြစ်ဘူး၊ ငါက ပုံမှန်, နင်ကမှ အဆိပ်တက်နေတာ။ ကြည့်လုပ်နော်, အဲဒါ လေပြည်မဟုတ်ဘူး၊ မုန်တိုင်း, သိရဲ့လား"

နှင်းစကားကြောင့် ယော နှုတ်ခမ်းလေးကိုက်ရင်း ရှက်ပြုံး ပြုံးလိုက်မိလေသည်။

သူညက မုန်တိုင်းတဲ့လား...

အချစ်ဆိုတာ လေပြည်လို့ ဘယ်သူကပြောလဲ၊ အဲဒါ စိတ်ကူးယဉ်သမားတွေ ရေးတဲ့ကဗျာစာသားတွေပါ။

အချစ်က မုန်တိုင်းလည်း ဖြစ်ချင်ဖြစ်မယ်၊ လှိုင်းတံခြင်လည်း ထန်မယ်ပေါ့။ ဟုတ်တယ်...ဟုတ်။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

"ကဲ၊ ဘယ့်နယ်ရှိစ သူည၊ ပိုက်ဆံမရှိတော့ဘူးမှတ်လား"

ပါးစပ်က ခေါက်ဆွဲအဝါးမပျက်ဘဲ၊ လက်တစ်ဖက်က ဘောင်းဘီအိတ်ကို စမ်းနိုက်နေသောသူ့ကိုကြည့်ပြီး ပြောလိုက်သော မြတ်မိုးစကားကြောင့် သူ မျက်မှောင်ကြုတ်ပြီး စွေကြည့်လိုက်မိသည်။

"ဘာလို့မရှိရမှာလဲ၊ ရှိလို့ပဲ မင်းကို တစ်နေ့တစ်မျိုး မရိုးရအောင် ဝယ်ကျွေးနေတာပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com

သမျှကို ငေးမောနားထောင်နေရင်းမှ မျက်မှောင်ကြုတ် ခေါင်းလေးငဲ့လိုက်ကာ...

"နေပါဦး၊ မင်းက ငါ့ကို တကယ့်ဟိုတယ်ကြီးတွေက အစားအသောက်တွေကို လိုက်ကျွေးချင်တယ်ဆိုတော့ မင်းကရော အဲဒီမှာ သွားစားဖူးလို့လား"

ဟု ကောက်ကာငင်ကာ မေးလိုက်လျှင် သည်မှာ ရုတ်တရက် ဘာဖြေရမှန်းမသိ ကြောင်အမ်းအမ်းဖြစ်သွားရလေသည်။ ပြီးမှ ဟီးခနဲရယ်ချလိုက်ရင်း...

"စားတော့မစားဖူးဘူးပေါ့ကွာ... ဒါပေမဲ့ ရုပ်ရှင်တွေ ဗီဒီယိုတွေထဲမှာ သူဌေးဆိုရင် အဲလိုနေရာမျိုးတွေသွားပြီး စားပွဲနဲ့အပြည့် စားကောင်းသောက်ကောင်းတွေ မှာစားကြတာကို မြင်ဖူးထားတော့ မင်းကိုစားစေချင်လို့ပါ။ မင်းက ငါ့ရဲ့သူငယ်ချင်းလည်းဟုတ်, ကျေးဇူးရှင်လည်း ဟုတ်နေတော့လေ, ဟဲဟဲ"

"ဒါဆို ဥရောပစာတွေ ပင်လယ်စာတွေဆိုတာရော မင်းက ဘယ်လိုသိဝနလဲ"

စစ်စစ်ငပါက်ငါက် မေးနှိုင်လွန်းလှသောမြတ်မိုးကြောင့်

"အေးလေ, အဲဒီလို နေ့တိုင်း ဆိုင်တွေမှာ လိုက်ဝယ်ကျွေးလို့ မင်းမှာ ပိုက်ဆံမရှိတော့ဘူးမဟုတ်လား"

သူညက သိပ်ပြီးဂရုမစိုက်လေဟန် ဆီချက်ခေါက်ဆွဲကို အေးအေးဆေးဆေး ဆက်စားနေသည်။ သုံးပွဲမြောက် ဆီချက်ပန်းကန် ပြောင်သလင်းခါသွားမှ နှုတ်ခမ်းကို တစ်ရှူးနှင့် သုတ်ကာ မြတ်မိုးကိုမော့ကြည့်ဇ်။

"ဒါက မင်းကို ထရိတ်ဒါးတို့ ဆီဒိုးနားတို့မှာ လိုက်ကျွေးချင်တာက ဒီလိုလမ်းဘေးဆိုင်တွေမှာ မရနိုင်တဲ့ ဥရောပစာတွေ ပင်လယ်စာတွေ မင်းကို စားစေချင်တာ။ ဒါပေမဲ့ ပိုက်ဆံက မင်းမြင်တဲ့အတိုင်းပဲ တစ်နေ့တခြား ပါးပါးလာတော့ ဒီလိုဆိုင်မျိုးမှာပဲ ကြေးအိုးလောက် ဆီချက်လောက်နဲ့ပဲ တင်းတိမ်ကျနပ်လိုက်ရတာပေါ့ကွာ။ အခုလိုကျတော့ ခဏခဏလည်း စားရတယ်၊ ဝိုက်လည်းပြည့်တယ်၊ မဟုတ်ဘူးလား။ တွက်ခြေကိုက်တယ် ပြောရမှာပေါ့။ ငါတို့အတွက် အဝတ်အစားလည်း အဖတ်တင်တယ်လေ"

မြတ်မိုးက သူ့ရဲ့ခပ်အေးအေးပုံစံအတိုင်း သည်ပြော

www.burmeseclassic.com

www.burmeseclassic.com

နေရာကို ဖျတ်ခနဲလှမ်းကြည့်မိသွားသည်။

အဆစ်မပေါ်ဘဲ ခပ်ပြည့်ပြည့်ဖြစ်နေတာမို့ အရောင်မကျသေးဘူးဆိုတာ သိသာနေ၏။ ထို့အတူ မြတ်မိုးရဲ့အမူအရာတိုင်းမှာ သူ့ကိုအားနာရိပ်တွေ စွန်းထင်းနေတာကိုလည်း သတိထားမိလိုက်သည်။

"မနက်ဖြန်မဟုတ်ဘူး, နောက်တစ်ပတ်နဲ့တောင် မင်းအလုပ်ပြန်ဆင်းလို့ မဖြစ်သေးဘူး မြတ်မိုး။ အခုတောင် အိမ်မှာ မင်းက ရေတုံကင် နှိပ်လိုက်, ရေပုံးဆွဲလိုက် လုပ်နေလို့ လက်က အရောင်မကျသေးတာ။ အလုပ်သွားဆင်းရင် ပိုဆိုးလာလိမ့်မယ်"

"ငါနားနေတာ တစ်ပတ်ကျော်လာပြီကွာ၊ ပြီးတော့ မင်းမှာလည်း ငွေကြေးအခက်အခဲရှိနေပြီမဟုတ်လား။ အလုပ်မလုပ်ဘဲ နောက်ထပ်ကံကောင်းပြီး ပိုက်ဆံရတော့မှာမှမဟုတ်တာ"

"နောက်ထပ် ပိုက်ဆံအချောင်ရမယ်လို့ ငါမပြောမိပါဘူး မြတ်မိုးရာ။ မနက်ဖြန် မင်းအစား ငါထွက်လုပ်မှာပေါ့"

"ဟာ! မဟုတ်တာ, မဖြစ်နိုင်တာ"

မြတ်မိုးက သူ့စကားကို အကြောက်အကန်ထပြီး ကန့်

သူညာမှာ ကယောင်ကတမ်းနဲ့ ခေါင်းပင် ကုတ်လိုက်မိတော့တ်။

"မင်းကလည်းကွာ စစ်လိုက်မေးလိုက်တာ အကွက်ကို စေ့နေတာပဲ။ အဲဒါတွေလည်း သူများပြောတာ ကြားဖူးနေတာပေါ့။ တကတည်းမှပဲ စေတနာတောင် ပျက်လာပြီ"

သူက စိတ်မရှည်သလိုပြောလိုက်တော့ မြတ်မိုးက ဘာမှ စောဒက မတက်တော့ဘဲ ပြုံးနေလေသည်။

"ပိုက်ဆံအတွက်တော့ ဘာမှပူမနေစမ်းပါနဲ့ကွာ။ လူမစွမ်း နတ်မ,တွဲ။ တော်ရင် သူ့အလိုလိုကြွဖန်ဖြစ်လာတာပဲ။ မင်းအလုပ်လုပ်နေတုန်းက ငါက တုပ်ကွေးဖြစ်ပြီး အိပ်ရာထဲ လဲနေတယ်။ ဟော, ဒ မင်းလက်အဆစ်ရောင်လို့ အလုပ်မဆင်းနိုင်တော့ ငါ အလုပ်တစ်ခုရပြီး ပိုက်ဆံရတယ်။ ဒါပဲလေ, ကုသိုလ်ကံဆိုတာ"

"ဘာပဲဖြစ်ဖြစ် လောလောဆယ်တော့ ဒီဝိုင်းရှင်းပြီးရင် မင်းလက်ထဲမှာ ကားခပဲ ကျန်မယ်မှတ်လား။ မနက်ဖြန် အလုပ်ပြန်ဆင်းမှဖြစ်မှာပါ"

စကားအဆုံး သူ မြတ်မိုးရဲ့ညာဘက်လက်ကောက်ဝတ်

www.burmeseclassic.com

www.burmeseclassic.com

ကွက်ဇာ။။

''ဘာလို့မဖြစ်နိုင်ရမှာလဲ, မင်းတောင် လုပ်နိုင်သေးတာ၊ ငါလည်း လုပ်နိုင်တယ်။ ဒီမှာကြည့်, ကိုယ့်လူ၊ လူကို အရင်ရှိုး လိုက်ဦး။ ပိန်ညောင်ညောင် ပျော့စိပျော့ဖတ်ကောင် မဟုတ်ဘူး''

''ဘာမှမဆိုင်ဘူး, ငါ့အလုပ်က လုပ်နေကျလူမဟုတ် ရင် တအားပင်ပန်းတာ''

''ဘယ်သူမှ မွေးကတည်းက ဘိလပ်မြေအိတ်တွေ သံ ချောင်းတွေ ထမ်းပိုးပြီး မွေးမလာပါဘူး မြတ်မိုးရာ။ တိုက်အမြင့် ကြီးတက်ပြီး ငြမ်းတွေပေါ်ကနေ ဆေးသုတ်ရတာကိုလည်း ငါ သဘောကျတယ်ကွ။ လေလေး တဖြူးဖြူးနဲ့ ရွှဲခင်းလည်း မိုက် တယ်လေ''

''ကျွတ်!. . . မဟုတ်တာ''

မြတ်မိုးက မျက်မှောင်ကြုတ် စုတ်သပ်ရင်း ခေါင်းရမ်း သည်။

''မဖြစ်နိုင်တာ မရှိသလို မလုပ်နိုင်ဘူးဆိုတဲ့အလုပ်လည်း မရှိလောက်ပါဘူး မြတ်မိုးရယ်။ အလုပ်တစ်ခုကို မလုပ်နိုင်ဘူးဆို

ရင် အဲဒီလူ ပျင်းလို့ပဲ။ အဲ, ကျန်းမာရေးမကောင်းတဲ့လူတော့ မပါဘူးပေါ့ကွာ''

သူ့အကြောင်းပြချက်နဲ့သူတော့ အံဝင်ခွင်ကျပင်။ မြတ် မိုးမှာသာ ခေါင်းတရမ်းရမ်း။

''မင်းနဲ့မဖြစ်လို့ မဖြစ်ဘူးပြောတာပေါ့ကွာ။ အလုပ်ပင် ပန်းတာထက် မင်း နေပူကြောက်တယ်ဆိုတာ ငါသိပါတယ်''

မြတ်မိုးစကားအဆုံး သူည နှုတ်ခမ်းကိုတင်းတင်းစေ့, မျက်မှောင်ကြုတ်ပြီး ငြိမ်သက်သွားသည်။ ဒါပေမဲ့. . .

''ဘာပဲဖြစ်ဖြစ်ကွာ, ငါလုပ်နိုင်မှာပါ''

ဟုအခိုင်အမာ ထုပ်ပြောလိုက်သေးသည်။

မြတ်မိုးက သက်ပြင်းဖွဖွရှိုက်ရင်း ခေါင်းရမ်း၏။ ဘယ် လောက်ပဲ စိတ်အားထက်သန်နေနေ, စတွေ့ကတည်းက အကြမ်း အရမ်း ဘာမှမလုပ်နိုင်သော သူညပုံစံကို အကဲခတ်မိပြီးသားမို့ ဘယ်တုန်းကမှ သူနဲ့အတူ အလုပ်ကြမ်းတွေလုပ်ဖို့ မခေါ်ခဲ့ချေ။

ယောကျ်ားလေးချင်း တူပေမယ့် သူညက မြတ်မိုးနှင့် အသွေးအမွေးချင်းမတူ။

www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ သုညစိတ်ဓာတ်ကို ခပ်ရေးရေး နားလည်ထား သူလည်းဖြစ်သည်။ စားဝတ်နေရေးအတွက် နေပူစပ်ခါး ထွက်ပြီး ကြုံရာ ကျပမ်းလုပ်စားမယ်ဆိုတာ သုညရဲ့သရုပ်မှန်မဟုတ် ဘူးဆိုတာ သူတို့နှစ်ယောက် စတင်တွေ့ဆုံခဲ့သည့်နေ့က အဖြစ် အပျက်က သက်သေခံလိမ့်မည်။

အဲဒီနေ့က...

☺☺☺

အခန်း (၇)

အဲဒီနေ့က မြတ်မိုး အလုပ်က ပြန်လာတော့ ညနေ တော်တော်စောင်းနေပြီ။

တစ်ယောက်တည်းနေသူမို့ ထမင်းဟင်းချက်မစားတော့ ဘဲ လမ်းထိပ်က ထမင်းဆိုင်လေးမှာ လပေးနှင့် ချိုင့်ဆွဲစားသော မြတ်မိုးမှာ အလုပ်က ပြန်လာတိုင်း ထမင်းဆိုင်မှာ ထမင်းဝင်ယူ ရသည်။

ဒီလိုတစ်ခါတည်း ဝင်ယူသွားတော့ လမ်းကျဉ်းကျဉ်း ခပ်မှောင်မှောင်နှင့် ခြောင်ကျလှသောအိမ်ကနေ ထမင်းဆိုင်ကို

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ခါ ပြန်ထွက်လာစရာ မလို။

အိမ်ရောက်တာနှင့် ရေမိုးချိုးပြီး ထမင်းချိုင့်ဖွင့်စားလိုက်ရုံပင်။ မြတ်မိုးက တော်ရုံနှင့် ရပ်ကွက်လေးထဲ ထွက်လေ့မရှိသလို ကွမ်းမစား ဆေးလိပ်မသောက်သူမို့ ကွမ်းယာဆိုင်တွေဘာတွေလည်း သိပ်မရောက်ဖြစ်ချေ။

သူ့အတွက် မဖြစ်မနေ လိုအပ်တတ်သော ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဆပ်ပြာ စသည့် ဘာဘာညာညာလေးတွေ ဝယ်မှသာ လမ်းထိပ်စျေးဆိုင်လေးကိုရောက်သည်။ မိမရှိဖမရှိ နယ်ကနေ တက်လာသောမြတ်မိုးမှာ ဘုန်းကြီးကျောင်းမှာ ကပ္ပိယလုပ်နေသည့် ဘကြီးဝမ်းကွဲ ဦးဖိုးနီကို အားကိုးပြီး ဘုန်းကြီးကျောင်းတွင် စရိတ်ငြိမ်း.တည်းကာ အလုပ်တစ်ခုလုပ်မည်ဟု ကြံစည်ခဲ့သော်လည်း ကပ္ပိယဘကြီးမှာ သူမရောက်ခင် တစ်လနီးပါးလောက်ကပင် ဆုံးပါးခဲ့သည်ဆိုသောကြောင့် ယခုလို ရပ်ကွက်အတွင်းမှာ အိမ်သေးသေးတစ်လုံးငှားပြီး ကြဖန်နေထိုင်ကာ လုပ်ကိုင်စားသောက်နေခြင်းဖြစ်၏။

ထောင့်ကျ အပိုးကျိုး သေဝပ်သော နဂိုစိတ်ရင်းကြောင့်

မြတ်မိုးအတွက် လက်ရုံးအားကိုးအလုပ်တစ်ခုမှ မရှား။ တောမှာတုန်းက စိတ်ကူးယဉ်ခဲ့သလို စုမိဆောင်းမိမဖြစ်သေးပေမယ့် နေ့စဉ် ဝင်ငွေလေးနှင့် စေ့စပ်လောက်ငှာ နေနိုင်စားနိုင်ပြီး အိမ်ကလေးကို သုံးလပြတ် ငှားထားနိုင်သော မြတ်မိုးဘဝက သိပ်တော့ ပူပင်ကြောင့်ကြစရာမလိုချေ။

အဲဒီလို အေးအေးချမ်းချမ်းဘဝထဲကို သုည ရောက်လာပုံက သည်းထိတ်ရင်ဖိုနှင့် အဆန်းတကြယ်နိုင်လှသည်။

ထုံးစံအတိုင်း ထမင်းဆိုင်ကနေ ထမင်းချိုင့်လေး ယူပြီးအထွက် ခြေလှမ်းသုံးလှမ်းမပြည့်ခင် နောက်ကနေ ပခုံးကို တစ်စုံတစ်ယောက်က အရှိန်ပြင်းပြင်းနှင့် ပစ်တိုက်လာတာမို့.

''ဒုံ! ဂလွမ်!. . .''

''ဟဲ့! သောက်ပလုပ်တုတ်''

တစ်ဆက်တည်းဆိုသလို ထွက်ပေါ်လာသော အုတ်ခဲနှင့်ထမင်းချိုင့် ဆောင့်မိသံ၊ ထမင်းဆိုင်ရှင် ဒေါ်တုတ်နဲ့ မြတ်မိုးတို့ရဲ့ အလန့်တကြား အော်ဟစ်ယောင်ရမ်းသံတွေအဆုံး ဆောရီးဟူသော တောင်းပန်သံတစ်ပိုင်းတစ်စနှင့် ဝင်တိုက်လာသူမှာ

www.burmeseclassic.com

www.burmeseclassic.com

ရှေ့ကို ဒရောသောပါး ပြေးထွက်သွားတာမို့ မြတ်မိုးမှာ မည်သူ့ကို ဒေါသထွက် ရန်တွေ့ရမှန်းမသိဘဲ ယောင်နန ရပ်ကျန်ခဲ့ရလေသည်။

''ဒီလူ့နှယ်... လူတစ်ယောက်လုံးကို ဝင်တိုက်သွားရလောက်အောင် ကန်းနေသလားမသိဘူး''

ဒေါ်တုတ်ရဲ့ မကျေမနပ် ဝေဖန်ပြစ်တင်သံအဆုံး မြတ်မိုးနှုတ်မှ 'အင်းလေ'ဟု သံယောင်လိုက် ထောက်ခံလိုက်မိသည်။ ထို့နောက် အုတ်ခဲခင်း လမ်းကလေးပေါ်မှ ထမင်းချိုင့်ကို နှမြောတသစွာ ကောက်လိုက်ရတော့၏။

''ဟဲ့ကောင်လေး၊ ဟင်းတွေ ကုန်ပြီမှတ်လား''

ဒေါ်တုတ်က မြတ်မိုးကို လှမ်းမေးသည်။

''မကုန်သေးဘူး အဒေါ်၊ အရည်တွေတော့ ဖိတ်ကုန်တယ်။ ဟာ... ကျွန်တော့်ချိုင့်ကလေး ပိန်သွားပြီဗျ''

ဟင်းရည်တွေ ဖိတ်စင်ကုန်တာကို ခံနိုင်ရည်ရှိသော်လည်း ချိုင့်ငယ်လေး ပိန်သွားတာကိုတော့ မြတ်မိုး ဝမ်းနည်းသွားမိသည်။

ဒီချိုင့်လေးက အပေါင်ဆုံးအဟောင်းဆိုင်က ဝယ်ထားတာဆိုပေမယ့် အထူသားလေးမို့ ဈေးမနည်းလှ။ မြတ်မိုး နှမြောတသစွာ ချိုင့်ကလေးကိုမြှောက်ကြည့်နေခိုက်...

''ဟေ့... ခုနကောင်လေးတစ်ယောက် ပြေးသွားတာတွေ့လိုက်လား။ ဆံပင်ရှည်ရှည်နဲ့ ဂျင်းဘောင်းဘီဝတ်ထားတယ်လေ''

ဟူသောမေးသံနှင့်အတူ လူသုံးလေးယောက် မောကြီးပန်းကြီး ရောက်လာသည်။ မြတ်မိုးမှာ ချိုင့်ပိန်သွားသောကြောင့် ဒေါသစိတ်အရှိန်မြင့်တုန်း ခုနပြေးသွားသူနောက်ကို အသေရရအရှင်ရရပုံစံတွေနှင့် လိုက်လာကြသူတွေကို မြင်ရသည့်အခါ ဘာတွေညာတွေ စဉ်းစားမနေတော့ဘဲ...

''ဟာ... တွေ့တယ် တွေ့တယ်၊ ဟောဒီလမ်းအတိုင်း ပြေးဝင်သွားတယ်''

ဟု ဝမ်းသာအားရ လမ်းညွှန်လိုက်တော့၏။

''ကျေးဇူးပဲ.ဒီကောင်က အလစ်သမား၊ မိအောင် ဖမ်းရမယ်''

www.burmeseclassic.com

www.burmeseclassic.com

ပြောပြီး ထိုလူတွေမှာ မြတ်မိုးတို့လမ်းကလေးထဲ ပြေးလိုက်သွားကြလေတော့တ၏။

ငါ့ချို့ငံ့ကို ပိန်အောင် ဝင်တိုက်သွားတဲ့ကောင် မိစမ်းပါစေဗျာ။

မြတ်မိုးရင်ထဲက လိုက်လိုက်လဲလဲကြီး ဆုတောင်းပေးလိုက်သည်။

''ဩော်, ဒါကြောင့် သင်းက လူမမြင်သူမမြင် သေပြေးရှင်ပြေး ပြေးသွားတာကိုး။ အလစ်သမားများ ကြောက်စရာ''

''ဟုတ်ပါ့ အဒေါ်ရယ်၊ ဒါကြောင့် ကျွန်တော် လမ်းညွှန်လိုက်တာ။ တွေ့ရင် သင်းတော့ နာပြီ''

''တွေ့ဖို့တော့ မလွယ်လှဘူးဟဲ့၊ လမ်းက အချိုးအကွေ့တွေက များများ။ ဟိုဘက်ရောက်ရင် ကိုင်းတောတွေလည်း ရှိသေးတာ။ နောက်ပြီး ရှေ့ကပြေးသွားတဲ့လူက ဝိဇ္ဇာလို့ ဟိုခေတ်က ခြေမြန်စာပို့သမားသေလို့ ဝင်စားသလားမှတ်ရတယ်။ နောက်ကလိုက်ဘဲ့လူတွေက စမ်းတဝါးဝါးမေးနေရသေး''

ဒေါ်တုတ်၏မှတ်ချက်ကို မြတ်မိုးသိပ်လက်မခံချင်။ ဘာ

ပဲဖြစ်ဖြစ် ကိုယ့်စီးပွားရေးကို တုတ်နဲ့ထိုးသွားသူမို့ ဖမ်းမိသွားစေချင်သည်။

မိမှ နောက်အလစ်သုတ်ဦးမလား, မိုးမမြင် လေမမြင် ပြေးဦးမလားဟဲ့ဆိုပြီး နားရင်းတွေ ဖြတ်အုပ်ပစ်ရမှာ။ ငါ့ချို့ငံ့ပိန်သလို သူ့ခေါင်းလည်း ဟက်တက်ကွဲ. . . အေးရော။

''ဟဲ့, ကောင်လေး။ ဘာရပ်လုပ်နေတာလဲ။ သွားမှာဖြင့် သွားလေ။ ဩော်. . . ဟင်းရည်တွေ ဖိတ်သွားတယ်ဆို။ ပေး, ငါထပ်ထည့်ပေးလိုက်မယ်''

''ဟာ, ရတယ် အဒေါ်၊ မထည့်နဲ့တော့။ နည်းနည်းပဲ ဖိတ်တာပါ''

မြတ်မိုးမှာ ဒေါ်တုတ်ဆိုင်ရှေ့မှ လှည့်ထွက်လာကာ ခုန အလစ်သုတ်သမားအကြောင်း စဉ်းစားလိုက်၊ ပိန်သွားသောချို့ငံ့ဖင်ကို မှောင်ရိပ်ပျိုးပြအလင်းရောင်အောက်မှာ မြှောက်ကြည့်လိုက်လုပ်ရင်း မိမိ၏အိမ်ကလေးရှေ့သို့ ရောက်လာခဲ့တော့သည်။

မီးခလုတ်တွေ မဖွင့်ရသေးခင် မြတ်မိုး လွယ်အိတ်ထဲက လက်နှိပ်ဓာတ်မီးလေးကို အရင်ထုတ်ပြီး အိမ်တံခါးကို ဖွင့်ရန်

www.burmeseclassic.com

www.burmeseclassic.com

ပန်းအိုးလေးထဲမှသော့ကို နှိုက်လိုက်သည်။

"ဟင်!"

ပန်းအိုးထဲမှာ သူ ဇနီးတိုင်းထားခဲ့သောသော့ကို မတွေ့ရတော့ချေ။ အထားများ မှားသလားဆိုပြီး ဓာတ်မီးနှင့် ဟိုဒီဝေ့လိုက်ပြီး လွယ်အိတ်ထဲပါ စမ်းကြည့်လိုက်သည်။

"ဒုက္ခပဲ... သော့ ဘယ်ရောက်. ဟ!"

ဓာတ်မီးရောင်အောက်မှာ သူ့အိမ်တံခါးကြီးက သော့ဖွင့်ရက် ဟောင်းလောင်းကြီးပွင့်နေတာမို့ မြတ်မိုး အံ့သြလန့်ဖျပ်သွားရတော့တ်။

မနက်က သေသေချာချာပိတ်ခဲ့သောတံခါးက ဘယ်သူ့လက်ချက်နှင့် ပွင့်နေပါလိမ့်ဟူသော အတွေးတ်နောက်ကွယ်တွင် ငါ့အိမ်ကို သူခိုးဝင်ပြီလားဟူသော ပူပန်စိတ်ကြောင့် အိမ်ပေါ်သို့ ဒရောသောပါး ပြေးတက်လိုက်မိသည်။

အိမ်ပေါ်ရောက်ရောက်ချင်း မီးခလုတ်ရှိရာသို့ အရင်သွားပြီး ကမန်းကတန်းဖွင့်လိုက်တော့ ထောက်ခနဲမြည်သံနှင့်အတူ တစ်အိမ်လုံး လင်းချင်းသွားတော့သည်။

"ဟဲ့, အမယ်လေး... ဘာကြီးတုန်းဟ"

အိမ်ခန်းထောင့်မှာ သူ့ဖျာတွေ ခေါင်းအုံးတွေကို အကျအနခင်းပြီး စောင်ခေါင်းပြီးခြုံကာ ကွေးကွေးကြီးအိပ်နေသူကြောင့် မြတ်မိုး လန့်အော်ကာ နောက်ကို ခြေတစ်လှမ်းပင် ခုန်ဆုတ်သွားမိတော့တ်။

ထို့နောက်မှ ငါ့အိမ်ထဲကို တိတ်တဆိတ် ကျူးကျော်ဝင်ရောက်နေသူပါလားဟု အတွေးဝင်ကာ ကြောက်စိတ်အစား ဒေါသဖြစ်ကာ အနားကို တိုးသွား၍ စိတ်ထဲမှ တစ်,နှစ်,သုံးဟု ရေတွက်မိကာ စောင်ကို ဖျတ်ခနဲဆွဲလှန်လိုက်လျှင်...

"ဟာ... ဘာလုပ်တာလဲကွ"

ဟူသောအော်သံကို ကြားလိုက်ရပြီး သူနဲ့ရွယ်တူ ကောင်လေးတစ်ယောက်ကို တွေ့လိုက်ရလေတော့တ်။

"အံမယ်... သူခိုးက လူဟစ်လို့ မင်း ငါ့အိမ်ထဲ ဘာဝင်လုပ်နေတာလဲ။ ပြောစမ်း! ဟေ့ကောင်"

"အိပ်နေတာ မင်းမတွေ့ဘူးလား"

"ဘာ! အိပ်နေတာ ဟုတ်လား၊ မင်း ခိုးမလို့ ဝင်လာပြီး

www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင်၊ ဟော့ကောင်. . . မင်း၊ မားပြ. . . အဲ့၊ အနုကြမ်း အလစ်သမားမှတ်လား။ ခုန ငါ့ကိုဝင်တိုက်သွားတာ မင်း"

"ရှူး. . . မင်းပါးစပ်ပိတ်ထား"

မြတ်မိုး ယောင်ပြီး သူ့စကားအတိုင်း ကိုယ့်ပါးစပ်ကို လက်နှင့်ပိတ်လိုက်မိ၏။ ပြီးမှသတိဝင်ကာ အော်မည်ပြုခိုက်.

"မင်း အော်ရဲ အော်ကြည့်၊ ငါ့ကိုလာဖမ်းရင် မင်းကိုပါ ကြံရာပါအဖြစ် ဆွဲခေါ်သွားမယ်။ မလုပ်ရဲဘူး မထင်နဲ့. . . မင်း သတ္တိရှိရင် အော်လိုက်စမ်း"

"ဘာ! မင်း. . . မင်းကမျှား"

မြတ်မိုး မချင့်မရဲဖြစ်စွာ သူ့ကို ကြောင်ငေးကြည့်နေမိသည်။ ပုံစံက မော်ဒယ်(လ်)ဘွိုင်းလိုလို ဘာလိုလို သားသားနားနား။ ရုပ်က ဖြူဖြူချောချော သန့်သန့်ပြန့်ပြန့်နှင့် သေမထူးနေမထူးဒီဇိုင်း၊ ဖမ်းကာ မိုက်ခဲလာလုပ်နေသော ကောင်လေးကို မြတ်မိုး ဒေါသဖြစ်ပေမယ့် ဖြုံသွားမိတာတော့ အမှန်ပင်။

"မင်း. . . မင်း ငါ့ကိုဝင်တိုက်သွားတာ၊ ဒီမှာကြည့်. ငါ့ဆို့ငှ် ပိန်သွားပြီ. တွေ့လား"

မှ ငါ့အသံကြားလို့ အိပ်ချင်ယောင်ဆောင်နေတာမှတ်လား"

သူ့စကားအဆုံး ထိုကောင်လေးက မထီတရီပြုံးလိုက်ပြီး. . .

"ငါက မင်းအိမ်ကို ဝင်ခိုးတယ်၊ဟုတ်လား။ မင်းကိုယ် မင်း သိပ်အထင်ကြီးမနေနဲ့။ အိမ်ထဲလည်း တစ်ချက်ဝေ့ကြည့်ဦး၊ မက်လောက်စရာရှိရဲ့လားလို့"

"ဘာ. . . မင်း စော်ကားလှချည်လား။ ပိုင်ရှင်မသိဘဲ အိမ်ထဲလည်း ဝင်လာသေး, ဒါနဲ့ မင်းကို ငါမြင်ဖူးသလိုပဲ"

မြတ်မိုးစကားကြောင့် သူက ပေစောင်းစောင်းပြန်ကြည့်သည်။ သူ့မျက်လုံးတွေက မြတ်မိုးထံမှ စကားတစ်ခုံတစ်ရာကို စောင့်စားအကဲခတ်နေဟန် စူးစိုက်ငြိမ်သက်နေသည်။

တစ်ခဏာချင်းမှာ မြတ်မိုး အဖြေတစ်ခုကို ဆက်စပ်စဉ်းစားလို့ ရသွားသည်။ 'ဆံပင်ရှည်ရှည်နဲ့ ဂျင်းဘောင်းဘီဝတ်ထားတယ်၊ အလစ်သမား' ဆိုတဲ့စကားတွေနှင့် ယခု သူ့အိမ်ထဲတိတ်တဆိတ် ဝင်ရောက်နေတာကို တစ်ခုချင်း ကွင်းဆက်ကြည့်မှ. . .

www.burmeseclassic.com

www.burmeseclassic.com

''ဆောရီး''

''လာပြန်ပြီ ဆောရီး၊ မင်း. . . မင်းကွာ. ခုနကတည်းက မိလိုက်ဖို့ကောင်းတယ်။ မင်း သူများပစ္စည်းကို လုလာတာမှတ်လား''

မြတ်မိုးရဲ့ ကိုတ်မနိုင်ခဲမရစကားအဆုံး သူက မျက်မှောင်ကြုတ်ကြည့်သည်။

''ဘာ! ငါက ဘယ်သူ့ပစ္စည်း လုရမှာလဲ၊ မင်းကို ဘယ်သူပြောတာလဲ''

''ခုန မင်းနောက်လိုက်လာတဲ့သူတွေ ပြောတာလေ။ မင်း တစ်ခုခုလစ်ပြေးလာလို့တဲ့။ မင်း ဘာငြင်းမလို့လဲ။ ဆွဲကြိုး ဖြတ်ပြေးလာတာလား, ပိုက်ဆံအိတ် လုပြေးလာတာလား၊ တစ်ခုခုပဲ''

''အဲဒါတွေ မင်းပဲလုပ်''

''အံမာ, ငါ့များ ဘာမှတ်နေလဲ၊ မင်းသာ အလစ်ဆမား''

''ဟော့ကောင်. . . တော်စမ်း! မင်းအသံပြဲကြီးနဲ့ ငါ့ကို တလစ်တည်း လစ်မနေနဲ့။ ငါ ဘာမှလစ်မပြေးဘူး၊ ခုနေ ငါ့ကို

လာဖမ်းလည်း ဘာသက်သေမှမရှိဘူး''

''သြော်, မင်းက ဖျောက်ဖျက်ပစ်လိုက်ပြီကိုး''

''အစကတည်းက ငါဘာမှယူမလာတာ၊ မင်း ငါ့ကို အတင်းမစွပ်စွဲနဲ့''

''ဒါဆို ခုနအဖမ်းခံလိုက်ပါလား၊ မင်း,ယူမလာရင် သူတို့ လိုက်လာပါ့မလား''

''အဖမ်းခံရရင် ဝိုင်းတွယ်လို့ သေသွားမှာပေါ့ကွ၊ ငါ့လက်ထဲမှာ ဘာပစ္စည်းမှရှိမနေပေမယ့် ငါ့ဗိုက်ထဲပါလာတာ သူတို့သိနေတာပဲ''

သူ့စကားအဆုံး မြတ်မိုး မျက်လုံးပြူးသွား၏။

''ဟင်! ဒါဆို မင်းက ပစ္စည်းတွေကို မျိုချခဲ့တာပေါ့၊ ဟုတ်လား''

မြတ်မိုးရဲ့မျက်လုံးပြူး မျက်ဆန်ပြူးအမေးကြောင့် သူက ခွီးခနဲရယ်ကာ. . .

''ဟုတ်တယ်, မျိုချလာတာ၊ ဒါပေမဲ့ မင်းထင်သလို ရွှေငွေပစ္စည်းတော့ မဟုတ်ဘူး, ထမင်းဟင်းတွေ''

www.burmeseclassic.com

www.burmeseclassic.com

"ဘာ!"

"မင်း နားမရှင်းဘူးနဲ့တူတယ်၊ ဒီလို, ငါ ထမင်းဆိုင်တစ်ဆိုင်မှာ ထမင်းဝင်စားတယ်။ ပြီးတော့ ပိုက်ဆံမပေးဘဲ ထွက်ပြေးလာတယ်။ အဲဒါကြောင့် ငါ့ကို ဝိုင်းသမဖို့ လိုက်လာကြတာ"

"မြတ်စွာဘုရား!"

မြတ်မိုး တကယ့်ကို တအံ့တသြ ဘုရားတ,မိတော့တ၏။ သူက အေးဆေးစွာပြုံးရင်း မြတ်မိုးကိုကြည့်နေသည်။

"သိပ်လည်း အံ့သြမနေပါနဲ့ကွာ၊ အိမ်ကထွက်ပြေးလာပြီးကတည်းက အဲဒါမျိုးတွေ မကြာခဏလုပ်နေကျပါ။ အင်း, ပြေးလိုက်လွှားလိုက်ရတာ စားထားတာတွေတောင် ဘယ်ရောက်မှန်းမသိတော့ဘူး။ ဗိုက်တောင် ဆာလာပြီ"

စကားပြောရင်း သူ့အကြည့်တွေက မြတ်မိုးထမင်းချိုင့်ဆီ ရောက်လာသည်။

"ဒါနဲ့ မင်း အိမ်ထဲကို ဘယ်လိုဝင်တာလဲ၊ ဟိုသော့ကို ဘယ်လိုတွေ့သွားတာလဲ"

"ငါလည်း မှောင်မည်းထဲ လျှောက်စမ်းရင်း တွေ့သွား

တာ။ မီးဖွင့်ရင် ငါ့ကိုတွေ့သွားမှာစိုးလို့ မှောင်ထဲမှာပဲ အသာအိပ်နေလိုက်တာ။ မင်းအိမ်အနေအထားကြည့်တာနဲ့ ယောကျ်ားလေးတစ်ယောက် တည်းနေမှန်းသိလို့ စိတ်ချလက်ချနေနေတာ။ ခုနမင်းကို ဝင်တိုက်မိတာ ငါတောင်းပန်ပါတယ်"

"ရပါတယ်ကွာ"

ထမင်းတစ်နပ်အတွက် သေပြေးရှင်ပြေး ပြေးလာရသော သူ့ကိုကြည့်ပြီး မြတ်မိုးရင်ထဲ စာနာသနားမိသွားသည်။ ပြီးတော့ သူ့ရုပ်ရည်က ဘယ်လိုမှ ဒုစရိုက်သမားရုပ်မပေါက်ဘဲ အနုပညာဆန်နေတာကိုလည်း အံ့ြ့ဴယ် သတိထားလိုက်မိ၏။

"မင်းရော ထမင့်းစားပြီးပြီလား"

"မစားရသေးပါဘူး"

မြတ်မိုးစကားအဆုံး သူ့မျက်လုံးတွေက လက်ခနဲဖြစ်သွားသည်။

"အတော်ပဲ, မင်းအခုစားမှာဆို ငါ့ကိုလည်း ကျွေးကွာနော်, ငါ ဗိုက်ဆာလို့"

မြတ်မိုး သက်ပြင်းတစ်ချက်ချရင်း ခေါင်းညိတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com

နောက် ဟင်းခွက်ထဲကအရည်တွေကို ထမင်းထဲ အကုန်နီးပါး ဆမ်းပစ်လိုက်တာမို့ မြတ်မိုး ပါးစပ်အဟောင်းသားဖြစ်သွားရော။

"ငါ အရည်နဲ့ပဲ စားမယ်၊ မင်း ဘဲဥနဲ့စားလိုက်"

သူ့စကားကြောင့် မြတ်မိုးရင်ထဲ နင့်ခနဲဖြစ်သွားရသည်။

"မဟုတ်တာကွာ. . . တစ်ခြမ်းယူပါ"

"ရပါတယ်, ငါ ဒီအတိုင်းပဲ စားပါ့မယ်"

"ရော့ပါ, တစ်ခြမ်းယူ"

မြတ်မိုးက တစ်ခြမ်းဝိုင်းပြီး အတင်းထည့်ပေးတော့ အားတုံအားနာပုံစံနှင့် မော့ကြည့်ပြီး. . .

"ငါ ဘဲဥအနှစ် မစားဘူး"

ဟုဆိုကာ အနှစ်လေးတစ်ဝက်ကို ပြန်ထည့်ပေးတာမို့ သူအသာငြိမ်နေလိုက်သည်။ တစ်ဆက်တည်းမှာပင် ခုမှစတွေ့ရသောလူတစ်ယောက်ကို မြတ်မိုး ခင်မင်တွယ်တာသွားမိတော့။

ကိုယ်တိုင်က ဥတစ်လုံး တစ်ကောင်ကြွက်မို့ သူ့ကို သူငယ်ချင်းလိုရာ ညီအစ်ကိုလိုပါ သံယောဇဉ်ဖြစ်သွားရခြင်းပင်။

"ဩော်, ဆောရီး. . . မေ့ပြီး မင်းကိုအလှည့်မပေးမိဘူး

လျှင်တော့ သူက ကလေးတစ်ယောက်လို ဟန်ဆောင်ကင်းစွာ သဘောတကျ ပြုံးလိုက်လေသည်။

"နေဦး, ငါ ရေချိုးလိုက်ဦးမယ်"

"ဟာ, ချိုးမနေပါနဲ့တော့ကွာ၊ အပြင်မှာ မိုးတွေရွာနေတာ မမြင်ဘူးလား။ ဖျားနာနေဦးမယ်။ လာပါ, ထမင်းပဲ စားလိုက်တော့"

ဒီကောင်, ဘယ်ဘဝကတည်းက တော်လာတာပါလိမ့် ဟုတွေးရင်း မြတ်မိုး ထမင်းချိုင့်ကို ဖွင့်လိုက်သည်။ အရည်ကျဲကျဲနှင့် တစ်လုံးတည်းသော ဘဲဥချဉ်ရည်ဟင်းကိုကြည့်ပြီး သူ မသိမသာနှာခေါင်းရှုံ့သည်။

"ငါ့အိမ်မှာ အိုးခွက်ပန်းကန် ဘာမှမရှိဘူး။ ဒွန်းလည်း ဒီတစ်ချောင်းပဲ။ တစ်ယောက်တစ်လှည့်စားမှ။ ထမင်းကတော့ နှစ်အံဆိုတော့ တစ်ယောက်တစ်အံစီ စားလို့ရပါတယ်။ အဆင်ပြေလား"

"ရပါတယ်"

သူကပြောပြီး ချိုင့်အံတစ်ခုကို ကောက်ယူသည်။ ထို့

www.burmeseclassic.com

www.burmeseclassic.com

ရော့ ဖွန်း''

အတွေးနှင့်ငေးငိုင်နေသော မြတ်မိုးမှာ သူကမ်းပေးသော ဖွန်းကို ယောင်တောင်တောင်နှင့် လှမ်းယူလိုက်ပေမယ့် ထမင်းမစားဖြစ်။

''မင်းပဲ အရင်စားလိုက်ပါကွာ၊ ပြီးမှစားတော့မယ်၊ တစ်လုပ်စီ စားလိုက် စောင့်လိုက် လုပ်နေရတာ သိပ်မဟုတ်သေးပါဘူး''

သူက မြတ်မိုးစကားကြောင့် ဖွန်းကိုပြန်ယူပြီး ခပ်သုတ်သုတ်စားလေသည်။ ပြီးမှ...

''ငါ မင်းကိုကျေးဇူးအရမ်းတင်တယ်၊ ပြီးတော့ အားလည်း နာတယ်''

ဟုပြောလေသည်။

''မင်း ဝရဲ့လား၊ မဝသေးရင် ထပ်ယူဦးလေ။ ငါသိပ်မဆာပါဘူး''

''တော်ပါပြီကွာ၊ ဘဲဥတစ်လုံးကို တစ်ဝက်စီခွဲပြီး တောင်းစားရတာတောင် လွန်လွန်းနေပြီ။ ငါ မင်းကိုအားနာတယ်၊ ထပ်

လည်းမစားတော့ပါဘူး။ မင်းသဘောကောင်းမှန်း စတွေ့ကတည်းက သိပါတယ်''

'မင်း မရိုးသားမှန်းလည်း ငါအကဲခတ်မိပါတယ်' ဟု ပြောမိတော့မလိုရှိပြီးမှ...

''ငါကတော့ မင်းကို နားမလည်နိုင်အောင်ဘဲ''

ဟုစကားကို အဆင်ချောအောင် ပြင်ပြောလိုက်ရလေသည်။

မြတ်မိုးစကားကြောင့် သူက ဘာမှမဖြစ်သလို အေးစက်စက်ပြုံးကာ...

''နောက်တော့ နားလည်သွားမှာပါ၊ ငါက လူကောင်းမဟုတ်ပေမယ့် လူဆိုးလည်းမဟုတ်ပါဘူး၊ အခြေအနေအရ မလုပ်ချင်ဘဲ လုပ်ခဲ့ရတာပါ။ ခုနေသာ ငါ့မှာပိုက်ဆံရှိရင် ထမင်းဆိုင်ကနေ အသက်လုပြေးစရာ မလိုတော့ဘူးလေ။ ငါက လူတစ်ဖက်သားကို တောင်းပန်ရမှာလည်း သိပ်ဝန်လေးတာ။ မင်းသာငါ့နေရာမှာဆို အတော်ခံမှာပေါ့နော်။ ဒါပေမဲ့ တစ်ရက်နှစ်ရက်ထက် ပိုလာရင် တော့ ခံနိုင်ရည်မရှိလောက်ပါဘူး''

www.burmeseclassic.com

www.burmeseclassic.com

မြတ်မိုး သူ့စကားကို စိတ်ပါလက်ပါ ခေါင်းညိတ်ထောက်ခံလိုက်မိလေသည်။

သူက ကျေနပ်စွာ ပြုံးလိုက်၏။

☺☺☺

အခန်း (၈)

''နာမည် ဘယ်လိုခေါ်လဲ''

''ဒါ့နာမည် မြတ်မိုး၊ မင်းကရော''

သူက အချိုင့်လေး ပါကာ နှစ်ခွလိုဖြစ်နေသည့် မေးစေ့ကို လက်ညှိုးနှင့်တို့ပြီး မျက်မောင်ကြုတ်နေ၏။ အတော်ကြာမှ,

''ဒါ့နာမည်က, အင်း. . . ဒါ့နာမည် ဇီးရိုးကွ''

''ဘာ. . . ဇီးယို, ဟုတ်လား''

''ဟာ, ဘယ်က ဇီးယိုလဲ၊ ဇီးရိုး. . . ဇီးရိုး''

သူက လက်ညှိုးနှင့်လက်မကို ဝိုင်းလျက် ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com

တာမို့ မြတ်မိုး သဘောပေါက်သွားရသည်။

"မင်းနာမည်ကြီးကလည်း ခေါ်လို့မကောင်းလိုက်တာ, ဇီးရိုးတဲ့။ ဒီလိုလုပ်ပါလား. . . ခေါ်ရလွယ်အောင် မြန်မာမှုပြုပြီး သုညလို့ပြောင်းလိုက်လေ"

မြတ်မိုးစကားအဆုံး သူက မျက်မှောင်ကြုတ်နေရင်းမှ ဆတ်ခနဲခေါင်းညိတ်လေသည်။

"ကောင်းသားပဲ, မင်းကြိုက်သလိုခေါ်လေ"

အဲဒီလောက်ထိ သဘောလွယ်ပုံမျိုးကို ခုမှစတွေ့ဖူးတာမို့ မြတ်မိုးမှာ အံ့အားသင့်နေမိတ်။

စတွေ့တွေ့ချင်း သူ့အိမ်ပေါ် ခပ်တည်တည်တက်အိပ်ပြီး ထမင်းတောင်းစားသည်။ တစ်ညတည်းဖို့ ခွင့်တောင်းပြီး မိုးလည်းလင်းရော. . .

"ငါ မင်းနဲ့အတူနေလို့ရမလား"

ဟုပြောလာသောကြောင့် မြတ်မိုးမှာ နားကြားလွဲသလားဟုပင် ထင်လိုက်ရတော့တ်။

"ဘာတွေစဉ်းစားနေတာလဲ ငါ မင်းဆီက ဘာတစ်ခု

မှ အလကားကပ်မစားပါဘူးကွ။ ငါလည်း အလုပ်လုပ်ပြီး စားဝတ်နေရေးအတွက် ပိုက်ဆံရှာမှာပါ"

ဘာမှပြန်မပြောဘဲ တွေဝေငြိမ်သက်နေသောမြတ်မိုးကို ကြည့်ပြီး သူက အားတက်သရော ထပြောလိုက်လေတ်။ တကယ်တော့ မြတ်မိုးစဉ်းစားနေမိတာ စားဝတ်နေရေးကိစ္စက အဓိကမဟုတ်။

"ငါ့ဘဝကတော့ မင်းမြင်တဲ့အတိုင်းပဲ၊ ဒီအိမ်လေးမှာဖြစ်သလိုနေပြီး ကြံသလိုစားတယ်, ကျရာအလုပ်လုပ်တယ်, ဘာမှထွေထွေထူးထူးကိစ္စတွေ မရှိဘူး။ မင်း ဒီမှာနေလို့လည်း ငါ့အတွက် ဝန်မလေးပါဘူး။ ဒါပေမဲ့ ငါ မင်းရဲ့နောက်ကြောင်းကိစ္စတွေကို စိတ်ပူတယ်"

"ငါ့နောက်ကြောင်းကိစ္စဆိုတာ. . . "

"ဟို, မနေ့ကလို အဖြစ်မျိုးတွေပေါ့"

မြတ်မိုးစကားကြောင့် သူက ဆံပင်တွေကို တစ်ချက်သပ်တင်ရင်း ဟက်ခနဲရယ်သည်။

"အဲဒါတွေက ပါးပါးလေးပါကွာ၊ မကောင်းဘူးလို့ပေ

www.burmeseclassic.com

www.burmeseclassic.com

မြတ်မိုးရဲ့လက်ကို ကြည်နူးပီတိနှင့် ဆွဲယူဖျစ်ညှစ်ပြီးပြလေသည်။ တစ်ယောက်တည်း အထီးကျန် အဖော်မဲ့နေတဲ့ဘဝထဲကို မထင်မှတ်ဘဲ ဝင်ရောက်လာသောသူ့ကိုကြည့်ပြီး မြတ်မိုးလည်း ပြုံးလိုက်မိသည်။

''မင်းလည်း တစ်ကောင်ကြွက်, ငါလည်း တစ်ကောင်ကြွက်ပဲ သူငယ်ချာ။ ငါတို့ ဒီနေ့ကစပြီး ဘဝတက်လမ်းကို အတူတူရှာကြတာပေါ့။ ရေစက်မကုန်သရွေ့ မင်းနဲ့ငါ အတူနေခွင့်ရှိမှာပါ။ ဒါနဲ့ မင်းနာမည်ကိုတော့ သိပြီးပါပြီ။ အသက်ကရော. အဲ. . . အရေးကြီးတာ မင်းရဲ့မှတ်ပုံတင်''

''မှတ်ပုံတင်, ဟုတ်လား''

''အေးလေ, မင်းရဲ့မှတ်ပုံတင်ပေါ့၊ အဲဒါက အရေးကြီးတယ်ကွ. မင်းအတွက် ညီ့စာရင်းတိုင်ရမယ်၊ ပြီးတော့ အလုပ်တွေဘာတွေ လုပ်တော့လည်း. . .''

''ဟား. . . ဟား. . . ဟား''

သူ့စကားမဆုံးခင် ထရယ်လိုက်သော သူညကိုကြည့်ပြီး မြတ်မိုးက ကြောင်တောင်တောင်နှင့်. . .

မယ့် တစ်ဝမ်းတစ်ခါးပြဿနာကို အလွယ်နည်းနဲ့ ရှင်းခဲ့မိတာပါ။ ငါက ပေတေ လေလွင့်နေတဲ့လူဆိုပေမယ့် ဖိုးတွမ်တီးလည်း မဟုတ်ဘူး. . . ခိုးဆိုးလုယက်နေတဲ့လူလည်းမဟုတ်ဘူး။ အဲဒါတော့ စိတ်ချလက်ချယုံ''

''ငါ မင်းမညာဘူးဆိုတာ ယုံပါတယ်၊ ပြီးတော့ မင်းကို မြင်မြင်ချင်း ခင်တယ်၊ အဲဒါကြောင့် လက်ခံခဲ့တာ။ မင်း ဒီမှာ နေမယ်ဆိုတာလည်း ငါဘာမှမကန့်ကွက်ပါဘူး။ ငါနဲ့အတူနေပြီး မင်းရဲ့စားဝတ်နေရေးကို ရိုးရိုးသားသားဖြေရှင်းမယ်ဆိုတဲ့အတွက် ဝမ်းသာပါတယ်''

''ကျေးဇူးတင်လိုက်တာကွာ. . . တကယ်တော့ ငါက အသိုက်ပျက်တစ်ခုကနေ ကစဉ့်ကလျား လန့်ပျံလာတဲ့ငှက်တစ်ကောင်ပါ။ နားခိုစရာတစ်ခုကို ရှာဖွေရင်း လမ်းပေါ်မှာ ငါဘဝက လေလွင့်ပျက်ဆီးတော့မလိုဖြစ်ခဲ့ရတာ အခုလို မင်းနဲ့အတူ နေခွင့်ပေးတဲ့အတွက် ပြောမပြတတ်လောက်အောင် ကျေးဇူးတင်ပါတယ်''

သူက ကျေးဇူးတင်စကားကို လှိုက်လှိုက်လဲ့လဲ့ဆိုရင်း

www.burmeseclassic.com

www.burmeseclassic.com

''ဘာရယ်တာလဲကွ''

ဟု ပြန်မေးလေသည်။

''မှတ်ပုံတင်ဆိုလို့ပါ။ ငါ့မှာ မှတ်ပုံတင်မရှိဘူးကွ''

''ဘာ! မင်းမှာ မှတ်ပုံတင်မရှိဘူး, ဟုတ်လား။ နေပါဦး... မင်းအသက် ဆယ့်ရှစ်နှစ်ပြည့်ပြီးပါပြီနော်''

''ပြည့်ပြီးပါပြီ''

''ဟာ, ဒါဆို မှတ်ပုံတင် ရှိသင့်နေပြီကွ''

''ပျောက်သွားပြီ''

''အဲလို အလွယ်မပြောနဲ့လေ''

မြတ်မိုးစကားကြောင့် သူက ရှုတည်တည်နှင့် ပြန်ကြည့်သည်။ ထိုနောက် အေးစက်စက်လေသံနှင့်...

''ငါက အိမ်ကထွက်ပြေးလာတဲ့ကောင်၊ အေးအေးဆေးဆေး ခရီးထွက်လာတာမဟုတ်ဘူး။ ငါ့မှာ ဘာမှတ်ပုံတင်မှမပါဘူး။ လိုချင်ရင် အိမ်ပြန်ယူမှ ရမယ်''

''မင်းအိမ်က နီးလို့လား''

မြတ်မိုးရဲ့ အူကြောင်ကြောင်နိုင်လှသောစကားကြောင့်

သူက ရယ်လိုက်ရင်း...

''ဘယ်သူမဆို မသွားချင်တဲ့နေရာက အဝေးဆုံးပဲ သူငယ်ချင်း။ ငါ့အိမ်နဲ့ပတ်သက်တဲ့အကြောင်း နောက်ထပ် ဘယ်တော့မှမမေးပါနဲ့''

ထိုစကားတစ်ခွန်းကြောင့်သာမဟုတ်၊ လေးနက်ပြင်းထန်တဲ့ ခံစားချက်တစ်စုံတစ်ရာကို သူ့မျက်နှာမှာ မြင်လိုက်ရတာမို့ နဂိုက မေးမည်ဟုကြံစည်ထားသော သူ့အိမ်သူမိသားစုအကြောင်း ဘာမှထပ်မမေးဖြစ်တော့ချေ။

သည်ဟူသော ပါးစပ်ထဲ တွေ့ရာအမည်တစ်ခုကိုသာ ပိုင်ဆိုင်သောသူ့တွင် သေချာရေရာသည့် နောက်ကြောင်းရာဇဝင်တစ်စွန်းတစ်စမှ ပါမလာသော်လည်း စိတ်ဝင်စားဖွယ် လျှို့ဝှက်ချက်တစ်ခု ရှိနေမှန်း မြတ်မိုး ရိပ်မိလိုက်သည်။

''ငါ့ရင်ထဲမှာ ငါ့မိသားစုနဲ့ပတ်သက်ပြီး အစိုင်အခဲတစ်ခု ရှိနေသေးတယ်။ ဒါကြောင့် အဲဒါတွေကို ဘယ်သူ့ကိုမှ ပြန်ပြောပြချင်စိတ်လည်း မရှိဘူး။ တစ်နေ့တော့ မင်း ငါ့ကိုနားလည်လာမှာပါ။ အခုလောလောဆယ် ကြမ်းတမ်းလွန်းတဲ့ ငါ့ရဲ့အတိတ်

www.burmeseclassic.com

www.burmeseclassic.com

ကို မေ့ဖျောက်ထားချင်တယ်''

သူ့စကားအဆုံး မြတ်မိုး သဘောပေါက်နားလည်စွာ အလိုက်တသိ ခေါင်းညိတ်ပြလိုက်တ်။ သူက မပြောချင်တာကို ဖွတ်အတင်းမမေးသော်လည်း စိတ်ဝင်စားတာမို့ တစေ့တစောင်းတော့ အကဲခတ်မိလေသည်။

တဖြည်းဖြည်းနဲ့ သိလာရတာက သူညဟာ မြတ်မိုးလို အလုပ်ကြမ်းတွေနဲ့ ထိတွေ့နီးစပ်မှုမရှိတာတစ်ခုနှင့် တစ်လောက လုံးကို အရွဲ့တိုက်ချင်စိတ် ဝင်နေတာပင်ဖြစ်သည်။

သူလုပ်ချင်တာရှိလျှင် ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်သည့် သူညဟာ သူမလုပ်ချင်တဲ့အလုပ်ကိုလည်း ယောင်လို့ပင် လှည့်မကြည့်သည့်အထိ ခေါင်းမာ ပေကပ်လှသည်။

အဲဒီအချိုးတွေကြောင့် မြတ်မိုး လုပ်သည့်အလုပ်တွေမှာ သူ့ကို ဘယ်တော့မှ ခေါ်မခိုင်းခဲ့ခြင်းဖြစ်တ်။

''မြတ်မိုး, မင်း ဘာတွေဒီလောက်တွေးနေတာလဲ။ ငါ မနက်ဖြန် အလုပ်ဆင်းမယ်နော်. . . ဒါပဲ''

လွန်ခဲ့တဲ့လပေါင်းများစွာဆီ စိတ်လည်နေသောမြတ်မိုး

မှာ ရုတ်တရက် လက်တို့ပြောလိုက်သည့် သူညအသံကြောင့် ဖျတ်ခနဲမော့ကြည့်လိုက်သည်။

သူညပုံစံက တစ်ခါတလေ အဲလိုမိုက်ကန်းကန်နဲ့ ခပ်တည်တည်ဖြစ်နေပြီဆို ပြောမရဆိုမရ တားရခက်တော့တ်။

''နေပါဦးကွာ, ငါလည်း. . .''

''ဘာမှပြောမနေနဲ့တော့၊ ငါ မနက် မင်းအလုပ်လုပ်တဲ့ဆိုဒ်ထဲသွားမယ်။ ဘာပဲဖြစ်ဖြစ် အလုပ်တစ်ခုတော့ ရမှာပဲ။ ငါ ယောက်ျားပါကွ, အပင်ပန်းခံနိုင်ပါတယ်။ မင်း ငါ့ကို မလုပ်နိုင်ဘူးလို့ ထင်နေတဲ့အစွဲကြီးကို ဖျောက်ပစ်လိုက်စမ်းပါ။ ငါနဲ့မင်း အတူတူပဲ. . . မင်းစားသလိုစားပြီး မင်းနေသလိုနေနိုင်ရင် မင်း အလုပ်တွေလည်း လုပ်နိုင်ရမှာပေါ့''

''ဒါပေမဲ့ မင်း အဲဒါတွေ မလုပ်ဖူးဘူးလေ''

မြတ်မိုးစကားအဆုံး သူညက ခေါင်းညိတ်ရင်း မျက်ခုံးပင့်လိုက်ကာ. . .

''ဟုတ်တာပေါ့. . . ငါ မင်းလို အလုပ်ကြမ်းတွေ လက်ကြောတင်းတင်းနဲ့မလုပ်ဖူးဘူး။ ဒါကြောင့် ငါ ထမင်းတော်ဖူးတယ်

www.burmeseclassic.com

www.burmeseclassic.com

အကျင့်ပျက်ဖူးတယ်လေ။ အဲဒါကောင်းလား. . . တကယ်လို့ မင်းငါ့ကို အလုပ်တစ်ခု လုပ်ခွင့်မပေးရင် ထင်ရာလျှောက်လုပ်ရင်း အချိန်မရွေး ကျေး (jail) ထဲရောက်သွားနိုင်တယ်''

ဟုပြန်ပြောလိုက်တာမို့ မြတ်မိုးမှာ မည်သည့်စကားနဲ့မျှ မချေပနိုင်တော့ဘဲ သက်ပြင်းတစ်ချက်ရှိုက်ရင်း ခပ်ဝေးဝေးသို့ ငေးမောငြိမ်သက်သွားရလေတော့တ၏။

☺☺☺

အခန်း (၉)

သပြေညိုဆောက်လုပ်ရေး၏ ဆိုဒ်တာဝန်ခံ ကိုအောင်သက်မှာ ဖုန်းဆက်နေရင်း ငြမ်းဆင်ထားသည့် အထပ်မြင့်တိုက်နံရံမှာ ဆေးသုတ်နေသည့် ဖြူဖြူချောချောနှင့် အလုပ်သမားရုပ်မထွက်သော ကောင်လေးတစ်ယောက်ကို အမှတ်မထင်တွေ့လိုက်ရတာမို့ တအံ့တသြငေးမိကာ မြင်ဖူးသလိုရှိသော ထိုကောင်လေးကို ဘယ်မှာမြင်ခဲ့မိပါလိမ့်ဟု အပြင်းအထန်စဉ်းစားမိလေသည်။

''ဟဲလို. ကိုအောင်သက်. . . ဟဲလို. ကြားလားဗျ ကျွန်တော်ပြောနေတာ''

www.burmeseclassic.com

www.burmeseclassic.com

မှာ ဒရိုင်ဘာ။

"ဟာ! ဒီကောင်လေးက"

အောင်သက်နှုတ်က လွှတ်ခနဲထွက်သွားတော့ အနီးက ဖြတ်သွားတဲ့အလုပ်သမားအဖွဲ့ခေါင်းဆောင် ဇော်ထွေးက...

"ဘယ်ကောင်လေးလဲဆရာ၊ ဘယ်သူ့ကိုပြောတာလဲ"

ဟု ဘုမသိဘမသိ ဝင်မေးလေသည်။

"ဟိုပေါ်က ဆေးသုတ်နေတဲ့ကောင်လေးကို မင်းသိလား"

"ဩော်, သူက ဒီနေ့မှ လာဆင်းတာလေ။ ဟိုနေ့က ချော်လဲပြီး လက်အဆစ်လွဲသွားတဲ့ကောင်လေးကို ဆရာသိတယ် မဟုတ်လား, မြတ်မိုးလေ။ အခု ဒီကောင်လေးက မြတ်မိုးသူငယ်ချင်း, မြတ်မိုးကိုယ်စား သူလုပ်ပါရစေဆိုလို့ ကျွန်တော် လက်ခံထားလိုက်တာ။ ဘာဖြစ်လို့လဲ ဆရာ"

"သူ့နာမည်က"

"ဟို, မမေးမိဘူးဆရာ"

"ထားပါတော့, ငါ သူနဲ့စကားပြောချင်တယ်"

"ဗျာ! ဟုတ်ကဲ့, ကြားပါတယ် ကိုဦး၊ ပြော...ပြောပါ"

သတိလက်လွတ်ငေးနေသော ကိုအောင်သက်မှာ ရုတ်တရက် အကြည့်တို့ကိုလွှဲဖယ်ရင်း တစ်ဖက်ကို အလျှင်အမြန် ပြန်ဖြေလိုက်ရသည်။

"ဒါဆို သေသေချာချာဂရုစိုက်ပေးနော်၊ ဒီနေ့ ရှယ်ယာရှင်တွေနဲ့ ဘော့(စ်) လာမှာ။ အဲဒါ ဆိုဒ်ထဲမှာ ဘာမှအများအယှင်း မရှိစေနဲ့။ ပစ္စည်းစာရင်းတွေ ကျွန်တော်လာရင် တစ်ခါတည်းယူလာမယ်။ ဂိုထောင်ထဲက လက်ကျန်ပစ္စည်းစာရင်းတော့ ခင်ဗျားလုပ်ထားလိုက်"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

သူ ဖုန်းပြောအပြီး ခုနကောင်လေးကို ပြန်ကြည့်မိပြန်၏။ ဘယ်သူပါလိမ့်ဆိုတာထက် ဘယ်နေရာမှာ တွေ့ဖူးခဲ့ပါလိမ့်ဟု နက်နက်နဲနဲတွေးရင်း ကိုယ်တိုင်ကျင်လည်ဖြတ်သန်းခဲ့ဖူးတဲ့ ပတ်ဝန်းကျင်တွေကို ပြန်စဉ်းစားမိသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို ရောက်မလာခင်က သူ လုပ်ခဲ့တာ ကားဝယ်ရောင်း၊ အဲဒီအရင် သူဌေးကြီးတစ်ဦးရဲ့အိမ်

www.burmeseclassic.com

www.burmeseclassic.com

မနည်းဖွဲ့တင်းထားရလေသည်။

ထိုစဉ် ခြံဝင်းကြီးထဲသို့ Mark II အဖြူရောင်တစ်စီးနှင့် CYGNUS အနက်ရောင်တစ်စီးတို့ ရှေ့ဆင့်နောက်ဆင့် ဝင်လာတာမို့ သုညရော တခြားအလုပ်သမားတွေပါ အလုပ်လုပ်နေရာမှ လှမ်းငေးလိုက်မိလေသည်။

Mark II ပေါ်မှ ဆင်းလာတာကတော့ ထိပ်ပြောင်ပြောင်လူကြီးတစ်ဦးနှင့် သူ့ရဲ့အတွင်းရေးမှူးမလေးတစ်ဦး၊ အမျိုးသားတစ်ဦးဖြစ်၏။ CYGNUS အနက်ရောင်ကားကြီးရဲ့ ရှေ့ခန်းဘေးဘယ်ညာတံခါးတွေ ပွင့်အသွားမှာတော့ အလွန်ချောမောလှပသောအမျိုးသမီးနှစ်ယောက်ကို တွေ့လိုက်ရတာမို့ အားလုံး အလုပ်ဆီကို အာရုံမရောက်တော့ဘဲ ငေးကောင်းကောင်းနှင့် ငေးနေမိကြ၏။

သုညကတော့ CYGNUS ပေါ်မှဆင်းလာသော အမျိုးသမီးနှစ်ယောက်ကိုကြည့်ပြီး မျက်မှောင်ကြုတ်လိုက်မိသည်။ ထိုနောက် သီချင်းတစ်ပုဒ်ကို လေချွန်လိုက်ပြီး သူ့အောက်တည့်တည့်မှာ ရောက်နေသည့်အမျိုးသမီးနှစ်ယောက်ကို နောက်တန်

"အခု ကျွန်တော် ခေါ်ပေးရမလား"

အောင်သက် နာရီကို တစ်ချက်ကြည့်လိုက်သည်။

"နေဦး၊ အခု ငါလုပ်စရာတွေ ရှိသေးတယ်။ ဒီနေ့ သူဌေးနဲ့ သူ့မိတ်ဆွေတွေ ဒီကိုလာမှာ။ ပြီးမှ ငါ့ဘာသာ သွားတွေ့လိုက်မယ်"

"ဆရာ့အသိလား"

"အင်း. . . ထင်တာပဲ"

သူ့အဖြေကြောင့် ဖော်ထွေးက ခေါင်းကုပ်ရင်း ထွက်သွားသည်။

ငြမ်းပေါ်မှာရပ်ပြီး ဆေးသုတ်နေတဲ့သုညကတော့ သူ့ကို မကြာခဏလှမ်းကြည့်နေသည့် တာဝန်ခံမန်နေဂျာ ကိုအောင်သက်ကို သတိမထားမိဘဲ နေပူကိုအံတုရင်း အလုပ်နားချိန်ကို သာ ယုံကြည်နေမိသည်။

မျက်လုံးထဲကို မကြာခဏ ဝင်လာတဲ့ချွေးစက်လေးတွေကြောင့် စပ်ဖျဉ်းဖျဉ်း အိုက်စပ်စပ်ဖြစ်နေသော သုညမှာ အလုပ်လုပ်ရတာ သိပ်စိတ်မပါချင်ပေမယ့် အပြောကြီးခဲ့တာတွေအတွက်

www.burmeseclassic.com

www.burmeseclassic.com

ပါဦး။

သုည ဆေးပုံးထဲက အဖြူရောင်ဆေးရည်တွေထဲ စုတ်တံကိုနှစ်ပြီး ကားဘောနက်တည့်တည့်ကို မတော်တဆလိုလိုနှင့် တမင်တကာ ပစ်ချလိုက်သည်။

"ဒုတ်!"

"ဟာ!"

"ဟယ်!"

ကားဘေးမှာ လက်ပိုက်ရပ်ရင်း ဦးဝင်းတင့်ပြောနေတာတွေကို အာရုံစိုက် နားထောင်နေသည့်ယောမှာ အနီးကပ်ကြားလိုက်ရသည့် တစ်ခုခုပြုတ်ကျသံနှင့် စူးစူးဝါးဝါးအနှံကြောင့် အလန့်တကြားလှည့်ကြည့်လိုက်မိသည်။

"ဟယ်! ယော၊ နင့်ကား၊ နင့်ကားဘောနက်ပေါ်မှာ"

"ဟောတော့၊ သွားပါပြီ၊ ဆေးတွေ ပေကုန်ပြီ။ ဒါကြီးက ဘယ်ကဧရာက်လာတာလဲ"

"အပေါ်က ပြုတ်ကျလာတာနေမှာပေါ့"

နှင်းရဲ့စကားအဆုံး ဦးဝင်းတင့်နှင့်ယောမှာ အပေါ်သို့

ခါ ပြန်ကြည့်လိုက်သည်။

တစ်ယောက်က မျက်မှန်အနက်ခပ်ကြီးကြီးကို တပ်ထားပြီး ဦးထုပ်ဆောင်းထားတာမို့ အပေါ်စီးမှကြည့်တော့ မျက်နှာကို သဲသဲကွဲကွဲမမြင်ရ။

နောက်တစ်ယောက်ကတော့ စတိုင်လ် ခပ်မိုက်မိုက်နှင့် မျက်မှန်ကို နဖူးဆစ်ပ်အထိ ပင့်တင်ကာ ဆံပင်အလှကို လူမမြင်မှာ စိုးသည့်အလား နေပူတာတောင် ဦးထုပ်မဆောင်းဘဲ ပဲမျှားနေတာကြောင့် ဘယ်သူဘယ်ဝါဆိုတာ သုည ချက်ချင်းမှတ်မိသွားသည်။

ဒီမိန်းမဆီမှာ သုည အကြွေးရစရာရှိသေးသည်လေ။ လွန်ခဲ့တဲ့ရက်သတ္တပတ်က Sunshine မှာ သူနိုးလို့စွပ်စွဲခဲ့တာတွေ ဘယ်မေ့လိမ့်မှာလဲ။

တွေ့ကြသေးတာပေါ့ မမလှလှတို့ရယ်၊ ခင်များတို့က ချမ်းသာတယ်ဆိုတဲ့ဂုဏ်တွေ မောက်နေတော့ တစ်ဖက်သားကို မရှိခိုးနိုး စွပ်စွဲချင်နေကြတောပေါ့။ ကဲ. . . ဒီတစ်ခါ ကျွန်တော့် အလှည့်ဆိုတော့ နည်းနည်းလောက် စိတ်လှုပ်ရှားကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com

အထိတ်တလန့်မော့ကြည့်လိုက်မိလျှင် လေကားအမြင့်ကြီးပေါ်မှ သုတ်သီးသုတ်ပျာ ဆင်းလာသော ကောင်လေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ဦးဝင်းတင့်က ဆေးအဖြူတွေ မြင်မကောင်းအောင် စွန်းထင်း ပေကျံသွားသော ယောရဲ့ကားကြီးကိုတစ်လှည့်၊ ဆွေ့ဆွေ့ခုန်မတတ် ဒေါသဖြစ်နေတဲ့နှင်းကိုတစ်လှည့်၊ အံ့သြမှင်တက်နေတဲ့ယောကို တစ်လှည့်ကြည့်ရင်း တောက်ခေါက်လေသည်။

"ဟေ့၊ မောင်မျိုးဦး. . . မောင်မျိုးဦး ဘယ်ရောက်သွားလဲ"

"ဗျာ၊ ကျွန်တော် ဒီမှာ အန်ကယ်(လ်)"

"ဒီမှာ ဟိုမှာတွေ လုပ်မနေနဲ့၊ ဒီမှာ ကားပေါ်ကို ဒါကြီး ပြုတ်ကျလာတယ်၊ ဒီလောက်နမော်နမဲ့ ပေါ့လျော့တဲ့ အလုပ်သမားကို အခုခေါ်စမ်း"

"ဟုတ်. . . ဟုတ်ကဲ့၊ ကိုအောင်သက်. . . ကိုအောင်သက်"

ဦးဝင်းတင်ရဲ့အထွေထွေမန်နေဂျာ မောင်မျိုးဦးမှာ တာ

ဝန်ခံ ကိုအောင်သက်ကိုခေါ်ပြီး ဘယ်သွားရမှန်းမသိ၊ ဟိုပြေး ဒီပြေးဖြစ်နေလေသည်။ ထို့နောက် မြောက်များစွာသောအလုပ်သမားတွေထဲမှာ ဘယ်သူ့ကို ဆွဲခေါ်ရမှန်းမသိဖြစ်နေခိုက်. . .

"ဒီဟာက ကျွန်တော့်လက်ထဲက လွတ်ပြီး ကားပေါ်ကို ပြုတ်ကျသွားတာပါ"

ဟူသောအသံကြောင့် အားလုံး အသံလာရာဆီ ချာခနဲ (တစ်ပြိုင်တည်း) လှည့်ကြည့်လိုက်မိလျှင် စွပ်ကျယ်အနက်ရောင်နှင့် ဂျင်းဘောင်းဘီအတိုတစ်ထည်ကို ဝတ်ထားသော အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် အလုပ်သမားတွေအားလုံးနဲ့မတူ၊ ထင်းနေအောင် ရှင်းသန့်ပေါ်လွင်လှသော ကောင်လေးကို တွေ့လိုက်ရလေသည်။

သူက ခေါင်းမှာဆောင်းထားသည့် ခပ်နွမ်းနွမ်းဦးထုပ်ကို ဆွဲချွတ်ရင်း အားလုံးနှင့်မျက်နှာချင်းဆိုင်မှာ ခြေစုံရပ်လိုက်မှ ယောနဲ့နှင်းမှာ ပါးစပ်အဟောင်းသားဖြစ်သည်အထိ အံ့သြသွားရလေတော့သည်။

"ဟင်! မင်း. . ."

www.burmeseclassic.com

www.burmeseclassic.com

"သူည"

ယောနဲ့နှင်းရဲ့ အာမေဋိတ်သံတွေကြောင့် သူညကိုငေးနေတဲ့ ဦးဝင်းတင့်မှာ အံ့အားသင့်နေပုံနှင့် ယောတို့နှစ်ယောက်ကို ပြန်ကြည့်လေသည်။

"ဟုတ်ကဲ့, ကျွန်တော် သူညပါ။ ဒီမတော်တဆဖြစ်ရပ်အတွက် တောင်းပန်ပါတယ်"

သူညစကားအဆုံး ယော မျက်မှန်ကိုချွတ်ရင်း အသေအချာကြည့်လိုက်မိသည်။ ထိုအခါမှ သူကလည်း မှတ်မိသွားပုံနှင့် ပြန်စိုက်ကြည့်တ၏။ နှင်းကတော့ သူညရဲ့ထုံပေပေမျက်နှာပေးနှင့် အေးစက်တည်ငြိမ်သောလေသံကိုကြည့်ကာ မတော်တဆဖြစ်ရပ်မဟုတ်မှန်း နားလည်လိုက်လေတ၏။

"တောက်! ဒါ သက်သက်မဲ့လုပ်တာ ယော၊ မတော်တဆဖြစ်တာမဟုတ်ဘူး"

"ဒါ အန်ကယ်လ်ရဲ့ လုပ်ငန်းခွင်ထဲမှာဖြစ်တာမို့ အန်ကယ်လ် အနှုးအညွှတ်တောင်းပန်ပါတယ် သမီးရယ်။ ဒီကိစ္စကိုလည်း သမီးတို့ကျေနပ်တဲ့အထိ အန်ကယ်လ် ရှင်းပေးမှာပါ"

ဦးဝင်းတင့်စကားအဆုံး ယောက ဆတ်ခနဲ လက်ကာပြရင်း...

"ရတယ် အန်ကယ်လ်၊ ဒီကိစ္စကို အန်ကယ်လ် ဘာမှစိတ်အနှောင့်အယှက်မဖြစ်ပါနဲ့။ ယောတို့ဘာသာ ရှင်းလိုက်ပါ့မယ်"

ဟုပြောကာ သူ့ထံသို့ လှမ်းကြည့်လိုက်သည့်အခါ အပြစ်ရှိသူတစ်ယောက်ရဲ့ မျက်နှာပေးမျိုးမဟုတ်ဘဲ ယောတို့ဘယ်လောက်ဒေါသထွက် ဆတ်ဆတ်ခါ နာသွားမလဲဆိုတာကိုပဲ စိတ်ဝင်စားပုံနှင့် စိမ်ပြေနပြေ စောင့်ကြည့် အကဲခတ်နေဟန်ကို မြင်လိုက်ရလေသည်။

ရုပ်ပျက်ဆင်းပျက် စွန်းထင်းပေကျံနေတဲ့ ကားပေါ်က အဖြူရောင်ဆေးကွက်ကြီးကိုကြည့်ပြီး ယော နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်မိသည်။ ထို့နောက် ဂျစ်ကန်ကန်ကောင်ကလေးရဲ့ မျက်လုံးတွေဆီ တည့်မတ်စွာ စိုက်ကြည့်ရင်း...

"ကဲ, တို့က မင်းတောင်းပန်တာကို လက်မခံနိုင်ဘူး၊ မကျေနပ်ဘူး... အဲဒီတော့ မင်းဘာလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com

ဖူးတင်ပါတယ်''

''ကျွန်တော်ကတော့ တောင်းပန်ပါတယ်ဆိုတဲ့စကား အပြင် တခြားဘာမှမတတ်နိုင်ဘူးနော်''

''ဘာပဲဖြစ်ဖြစ် ဒါကို မင်း တမင်လုပ်ခဲ့တာမဟုတ်လား။ ဒီအတွက် မင်းမှာတာဝန်ရှိတယ်''

နှင်းစကားအဆုံးမှာ သူက ခပ်လွန့်လွန့်ပြုံးလေသည်။

''ကျွန်တော်က ဘာအတွက် တမင်လုပ်ရမှာလဲ၊ ဘယ်သူဘယ်ဝါမှန်းတောင် သတိမထားမိဘူး။ မတော်တဆလွတ်ကျသွားတာလို့ ပြောပြီးပြီပဲ''

''မင်းအဲလိုပြောတိုင်း ယုံရမှာလား၊ မင်း ငါ့ကိုမကျေနပ်လို့ လုပ်တာမှတ်လား''

''ကျွန်တော်က ဘာကိုမကျေနပ်ရမှာလဲ''

''ဟိုနေ့က Sunshine မှာ''

''ကဲ. တော်ပါတော့ နှင်းရယ်၊ အခုကိစ္စနဲ့မဆိုင်တဲ့ ကိုယ်ခရေးကိုယ်တာတွေ ပြောမနေပါနဲ့တော့''

''ယော. နင်ဘာသိလို့လဲ၊ သူ တမင်လုပ်တာ''

သူက နာခေါင်းတစ်ချက်ရှုံ့ရင်း ပခုံးကို ဟန်ပါပါတွန့်ပြလေသည်။ ဘာမှမတတ်နိုင်ဘူးဆိုတဲ့သဘော။

နှင်းကတော့ အံတကြိတ်ကြိတ်၊ တောက်တခေါက်ခေါက်ဖြစ်နေပြီ။ ထိုစဉ်မှာပင် လူတစ်ယောက် သူမတို့နား ရောက်လာသည်။

''တစ်ဆိတ်လောက်. ကျွန်တော် တောင်းပန်ပါရစေခင်ဗျာ၊ ကျွန်တော် ဒီဆိုဒ်တာဝန်ခံ အောင်သက်ပါ။ အစ်မတို့မကျေနပ်ဘူးဆိုတဲ့အတွက် ဘယ်လိုလုပ်ပေးရမယ်ဆိုတာ ပြောပါ။ ဒါ ကျွန်တော့်အလုပ်သမားမို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်''

နားထဲမှာ ကြားဖူးသလို ရင်းနှီးသလိုရှိတဲ့အသံကြောင့် သူည ထိုလူကို မျက်လွှာပင့်ကြည့်လိုက်သည်။ သူကလည်း ပြန်အကြည့်မို့ မျက်လုံးချင်းဆုံသွားရ၏။ သူက ရင်းနှီးနွေးထွေးစွာ ပြုံးပြပေမယ့် သူညကတော့ စိတ်လှုပ်ရှားစွာ မျက်နှာလွှဲပစ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် အတိတ်ခါးခါးကို သူ သတိတရ မပတ်သက်ချင်တော့။

''ကိစ္စမရှိပါဘူး. ကိုအောင်သက်ရဲ့တာဝန်ယူမှုကို ကျေး

www.burmeseclassic.com

www.burmeseclassic.com

သည်။ အစကတော့ နှင်းဆိုတဲ့အမျိုးသမီးရဲ့ကားထဲပြီး သူ တမင်လုပ်ပစ်ခဲ့တာဖြစ်သည်။

ကားလေးတွန်းပေးရုံနှင့် ပိုက်ဆံတွေအများကြီးကို ရက် ရက်ရောရောပေးခဲ့သော မမရဲ့ကားမှန်းသိလျှင် သူဒီလိုလုပ်မှာ မဟုတ်။

ကိုယ့်လုပ်ရပ်ကို ချက်ချင်းနောင်တရမိတဲ့အတွက် မမ ကျေနပ်အောင် သူ ဘာလုပ်ပေးရ လုပ်ပေးရ မငြင်းတော့ဘူးလို့ ဆုံးဖြတ်ပြီးမှ ကားပေါ်တက်လိုက်ခြင်းဖြစ်၏။

"ယောတို့ကို ခွင့်ပြုပါဦး အန်ကယ်(လ်)၊ နောက်မှတွေ့ တော့မယ်နော်"

"ကောင်းပြီ သမီး၊ တစ်ခုခုအကြောင်းရှိရင် အန်ကယ် (လ်)ကို အကြောင်းကြားပါ သမီး"

"ဟုတ်ကဲ့ရှင့်"

ယောက ဦးဝင်းတင့်ကို ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်လိုက် ပြီး ကားပေါ်တက်လိုက်ပေမယ့် နှင်းကတော့ ကားနောက်ခန်း မှာ ထိုင်နေသည့်သုည်ကို မကျေမနပ်ကြည့်ပြီး စူပုပ်ပုပ် ရှုတင်း

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို ငါရှင်းပါ့မယ်။ ဒီမှာလည်း အန်ကယ့်(လ်)ကို အားနာစရာ"

"ဟာ, ရပါတယ် အန်ကယ်(လ်)က သမီးတို့ကို အား နာနေတာပါ"

"မဟုတ်တာ အန်ကယ်(လ်)ရယ်၊ ယောတို့ကိုအားနာ စရာမလိုပါဘူး။ ဒါပေမဲ့ တစ်ခုတော့ ခွင့်ပြုနော်"

"ဘာများလဲကွယ့်"

"ယော, သူ့ကိုခေါ်သွားချင်လို့ပါ"

"ဩော်"

ဦးဝင်းတင့်က သုညကိုလှည့်ကြည့်သည်။ ယောကတော့ ခပ်အေးအေးပုံစံနှင့်သူ့ကို မေးဆတ်ပြရင်း...

"ကဲ, ကားပေါ်တက်၊ တမင်တကာဖြစ်ဖြစ် မတော်တဆ ဖြစ်ဖြစ် မင်းရဲ့သတိလက်လွတ်ပေါ့ဆမှုအတွက်တော့ တို့ကို တစ် ခုခုပြန်ပေးဆပ်ရမယ်, ဟုတ်ပြီလား။ တောင်းပန်ပါတယ်ဆိုတဲ့ စကားက တို့အတွက် အဆင်မပြေဘူး"

သုည ဘာမှထပ်ပြောမနေတော့ဘဲ ကားပေါ်တက်လိုက်

www.burmeseclassic.com

www.burmeseclassic.com

တင်းပုံစံနှင့်ပင် ယောဘေးမှာ ဝင်ထိုင်လိုက်သည်။

ပြီးတော့ နောက်ကြည့်မှန်ထဲကတစ်ဆင့် သူညကို မျက်စောင်းထိုးပစ်လိုက်ပြီး ယောကိုလည်း 'နင် ဘယ်အကွက်ရွေ့မလဲဆိုတာ ငါရိပ်မိတယ်'ဟူသောမျက်နှာပေးနှင့် ဲ့စောင်းကြည့်လေလျှင် ယောက ရွှေတူရွှကိုကြည့်ကာ ကားကို ဂရုတစိုက်မောင်းနေရင်းမှ အေးဆေး နူးညံ့စွာ ပြုံးလိုက်လေ၏။

☺☺☺

အခန်း (၁၀)

"မင်း ကားမောင်းတတ်သလား"

"မောင်းတတ်ပါတယ်, ဒါပေမဲ့"

သူက ဆက်မပြောသေးဘဲ ယောရဲ့မျက်လုံးတွေဆီ စူးခနဲပြန်ကြည့်သည်။

ယောရဲ့ကိုယ်ပိုင်သီးသန့်ရုံးခန်းလေးထဲမှာ တဒင်္ဂတိတ်ဆိတ်သွားရ၏။ နှင်းကတော့ အပြင်ဘက်ဝရံတာထွက်ပြီး စာအုပ်သွားဖတ်နေသည်။ သူညမျက်နှာကိုမြင်တိုင်း မကျေမနပ် ဒေါသဖြစ်ရတာကို မခံစားနိုင်တာကြောင့် တော်ရာကို ရှောင်ထွက်သွား

www.burmeseclassic.com

www.burmeseclassic.com

သလားမဆိုတတ်။

''ဒါပေမဲ့ဆိုတာက''

''ကားမောင်းတတ်ပေမယ့် တစ်စုံတစ်ယောက်ကို လုံလုံခြုံခြုံနဲ့ အန္တရာယ်ကင်းပြီး သူသွားချင်တဲ့ဆီရောက်အောင် သေချာပေါက်ပို့ပေးနိုင်မယ့် ဒရိုင်ဘာတစ်ယောက်ရဲ့အရည်အချင်းမျိုးတော့ ကျွန်တော့်မှာ ရှိချင်မှရှိမယ်''

ယော ပြုံးလိုက်မိတ်။

''မင်း မဆိုးပါဘူး, တို့ဘာပြောမယ်ဆိုတာ ရိပ်မိသားပဲ။ ဒါပေမဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိတာတော့ ဆိုးတယ်။ မင်းကိုကြည့်ရတာ ဆင်းဆင်းရဲရဲပုံစံလည်း မဟုတ်ဘူး။ ဥပမာ ပြောရရင် သရုပ်ဆောင်တစ်ယောက်က ဘယ်လိုအဆင်အပြင်တွေပဲ ပြောင်းထားထား, ဇာတ်ရုပ်နဲ့ နဂိုပုံစံအံဝင်ခွင်ကျ မဖြစ်သလိုပေါ့''

ယောစကားအဆုံးမှာ သူက ဆတ်ခနဲမဲ့ပစ်ရင်း သရော်မော်ကား အပြုံးတစ်ခုကို ပြုံးလိုက်ကာ...

''ဘာပဲဖြစ်ဖြစ် သူ့ရဲ့ကျရာဇာတ်ရုပ်က ဆင်းရဲစုတ်ပြတ်

သတ်နေတာတော့ တကယ်ပဲလေ။ ပရိသတ်ကလည်း အဲလိုပဲမြင်မှာ''

ဟုပြန်ပြောလေသည်။ ယောက စားပွဲပေါ်တင်ထားတဲ့ သူ့ရဲ့ရှည်သွယ်သွယ်လက်ချောင်းလေးတွေဆီ တစ်ချက်ကြည့်မိရင်း...

''မင်းကို ပထမဆုံးစတွေ့လိုက်ကတည်းက တို့စိတ်ဝင်စားသွားခဲ့တာ''

''ကျွန်တော်ကလည်း ကားတွန်းပေးရုံနဲ့ ပိုက်ဆံတွေအများကြီးပေးသွားတဲ့အစ်မကို စိတ်ဝင်စားပါတယ်''

''ဟုတ်လား, ဒါဆို တို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် စိတ်ဝင်စားမှုရှိတယ်ဆိုတော့ အလုပ်ဖြစ်တာပေါ့။ မင်း တို့ဆီမှာ အလုပ်လုပ်မလား''

''ကျွန်တော့်ရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေကို မစပ်စုဘူးဆိုရင်တော့ အဲဒီကမ်းလှမ်းချက်ကို ဝမ်းသာအားရလက်ခံရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာ စားဝတ်နေရေးနဲ့ပတ်သက်တဲ့အခက်အခဲတစ်ခုရှိတယ်။ လောလောဆယ် ကျွန်တော့်သူငယ်

www.burmeseclassic.com

www.burmeseclassic.com

ကျေအေးပေးလိုက်ဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူးလေ။ ပြီးတော့ တို့သူငယ်ချင်းက မင်းကို ခုထိမကျေနပ်သေးဘူး''

''ကျွန်တော် ဂရုမစိုက်ပါဘူး၊ အစ်မ ကျေနပ်ရင် ပြီးတာပဲ''

အခွင့်အရေးတစ်ခုကို ကလေးဆန်စွာ အသုံးချနေသော ကောင်လေးကို ယော ဘယ်လိုနားလည်ရမှန်းပင် မသိတော့ချေ၊ အဲဒီအချိုးတွေကို နှင်းက အမြင်ကပ်နေတာဖြစ်သည်။

''တစ်ခုတော့ ကြိုပြောထားမယ်နော်၊ မင်းကို တို့ တိကျသေချာတဲ့အလုပ် တစ်ခုမှမပြောရသေးဘူး။ မင်းမှာ အလုပ်နဲ့ပတ်သက်ပြီး နေရာမရှိဘူး။ ဒါပေမဲ့ တို့ရဲ့အလုပ်ကိစ္စတိုင်း မင်းကိုခိုင်းစရာရှိတာ ခိုင်းမှာပဲ။ တို့နဲ့နှင်းမှာ Secretary မရှိဘူး''

''ဘာပဲဖြစ်ဖြစ်လေ, ကျွန်တော့်ကို အလုပ်ခန့်လိုက်တာ အစ်မပဲ၊ ကျွန်တော် အစ်မအလုပ်ပဲ လုပ်ပေးနိုင်မှာပေါ့။ ဝန်ထမ်းတစ်ယောက်တည်းကို အလုပ်ရှင်နှစ်ယောက်က ခိုင်းလို့မမရတာ''

''ဒါက ဒီလိုရှိတယ် ကောင်လေးရဲ့၊ တို့လုပ်နေတဲ့လုပ်ငန်းတော်တော်များများက နှင်းနဲ့စပ်တူလုပ်နေတာတွေချည်းပဲ။

ချင်းတစ်ယောက်အတွက်လည်း တာဝန်ယူထားရတယ်''

''မင်းက. . . ခြေထောက်မရှိဘဲ အပြေးပြိုင်ချင်နေတဲ့ကောင်လေးပဲ''

''အစ်မကရော ဘာထူးလဲ၊ လက်မရှိဘဲ ကလောင်ကိုင်ချင်နေတာမဟုတ်ဘူးလား''

ယော ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိ၏။

''မင်းကိုတော့ ဘယ်လိုနိုင်အောင် ပြောရမှန်းတောင် မသိတော့ဘူး။ ကဲ, ထားပါတော့၊ မင်းရဲ့လုပ်အားခကို တို့ ဘယ်လိုသတ်မှတ်ပေးရမလဲ။ ပြီးတော့ တို့ကားကို အရှုပ်ဆိုးအောင် လုပ်ပစ်ခဲ့တဲ့အတွက် မင်းဆီက လျော်ကြေးတစ်ခုမှ မရသေးဘူးနော်''

''ဘာလဲ, ကျွန်တော့်ကို အလုပ်ခေါ်ခိုင်းတယ်ဆိုတာကားအတွက် အလျော်မပေးနိုင်မှန်းသိလို့ပေါ့။ ဟုတ်လား''

''အဲဒါကတော့ ထင်ချင်သလိုသာ ထင်၊ တို့က ဘယ်နေရာမဆို တရားမျှတစွာ ဆုံးဖြတ်တတ်တယ်။ မတော်တဆပဲဖြစ်ဖြစ်, တမင်လုပ်တာပဲဖြစ်ဖြစ်, မင်းရဲ့ပေါ့ဆမှုကို ဒီအတိုင်း

www.burmeseclassic.com

www.burmeseclassic.com

မလဲလို့ ယော စိတ်မသက်မသာ တွေးလိုက်မိ၏။

"ကျွန်တော့်မေးခွန်းက ဖြေရခက်နေတာမျိုးဆိုရင်တော့ မမေးတော့ပါဘူး။ ကျွန်တော် ပြန်ရှင်းသိမ်းပါတယ်"

"အိုး. . . အဲဒီလိုမဖြစ်စေရဘူး၊ တို့ဖြေနိုင်ပါတယ်။ မင်း ဓာတ်ပုံကို ကြည့်ကောင်းလို့ ကပ်ထားတာပါ။ တို့က Photogenic ဖြစ်တဲ့လူတွေကို သဘောကျတတ်တယ်။ လူတိုင်းတော့ မဟုတ်ဘူးပေါ့"

"ဩော်"

သူက ခပ်အေးအေးပင် မျက်ခုံးပင့်လျက် ခေါင်းညိတ်လေသည်။

"ကောင်းပါတယ်. ကုန်တိုက်ထဲမှာ ကပ်ထားတာထက် စာရင် ဒီထဲမှာဆိုတော့ ပိုပြီးလူသိနည်းတာပေါ့"

"ဘာလဲ. မင်းက လူသိများစေချင်တာလား"

"လူသိမခံချင်တာပါ"

ယောက သူ့ရဲ့ပြောင်ကျကျအပြောကို သဘောကျစွာ ပြုံးရင်း ဖုန်းလေးကို ကောက်ကိုင်လိုက်သည်။

အလုပ်နဲ့ပတ်သက်ရင် တို့မဟုတ်ဘဲ နှင်းက. . . "

"အဲဒါ ကျွန်တော်နဲ့မဆိုင်ဘူး. . . ကျွန်တော်ကတော့ အစ်မရဲ့အမိန့်တစ်ခုတည်းကိုပဲ နားထောင်မှာ"

ဘယ်လိုပြောပြော ခေါင်းမာ ပေကပ်နေဦးမှာပဲဖြစ်သည့် ကောင်လေးရဲ့ ဇွတ်တရွတ်အပြောကြောင့် ယော နှုတ်ခမ်းလေး ကိုက်ပြီး ပြုံးလိုက်မိ၏။

"ကောင်းပါပြီ, မင်းစကားအတိုင်း လက်ခံသဘောတူ လိုက်ပါ့မယ်။ ဒါနဲ့ မင်းနားမလည်တာရှိရင် တစ်ခါတည်းမေးလို့ ရတယ်နော်။ မနက်ဖြန်ကစပြီး မင်း ဒီမှာအလုပ်လုပ်ရတော့မှာ"

"နားမလည်တာမေးရမယ်ဆိုရင်တော့ နံရံက ကျွန်တော့် ဓာတ်ပုံကို ဘာစိတ်ကူးနဲ့ ကပ်ထားသလဲဆိုတာပဲ"

အို!. . .

ယော အပြုံးတစ်ပွင့်ပင် ကွန်ဖြေဆည် မပြုံးလိုက်နိုင်ရာ လောက်အောင် မျက်နှာတစ်ပြင်လုံး ပူထူနီမြန်းသွားရလေတော့၏။

သူက ယောမျက်နှာကို အားမနာတမ်း ခပ်ရဲရဲပင် စိုက် ကြည့်နေလေသည်။ အဲလောက်ထိ ပွင့်လင်းဖို့တော့ ဘယ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com

လှည့်ထွက်သွားလေတော့တ၏။ သူထွက်သွားသည်နှင့် နှင်းက မှန်ကုပ်ကုပ်မျက်နှာပေးနှင့် အခန်းထဲဝင်လာသည်။

''ယော၊ နင်ကတော့ တကယ်ပဲနော်၊ ဟိုကောင်လေးကို အလုပ်ခန့်လိုက်ပြီမှတ်လား''

''အင်းလေ၊ သူ့ကို ငါ့ရဲ့ဒရိုင်ဘာ...''

''တော်ပါ ယောရယ်၊ နင် ဘယ်တုန်းက ဒရိုင်ဘာထားလို့လဲ။ ငါတောင် နင်မောင်းတဲ့ကားပဲ လိုက်စီးနေတဲ့ဟာ''

''အရင်က မထားပေမယ့် အခုထားတော့မယ်လေဟာ''

''တော်ပြီ၊ တော်တော့၊ နင့်ကားကို လိုက်မစီးတော့ဘူး။ အဲ့ကောင်လေးကို တွေ့နေရရင် ငါအသက်တိုလိမ့်မယ်''

''စိတ်ကိုလျှော့စမ်းပါ နှင်းရဲ့။ ကလေးနဲ့တူပြီး ရန်မဖြစ်ချင်စမ်းပါနဲ့''

''လာပြန်ပြီ ဒီကလေး''

နှင်းရဲ့မျက်စောင်းကြောင့် ယော ဇက်ကလေးပုရင်း ပြုံးလိုက်မိ၏။

''ခုကတည်းက ဘာမဆို သူ့အလိုက၊ အလျော့ပေး

''ဟဲလို့၊ ဒက်ဒီ၊ ယောကို တစ်ခုလောက်ကူညီပါဦး။ ယော ကား၊ ဆေးတွေပေသွားလို့၊ အဲဒါ...''

''ဒါလောက်ကတော့ ညည်းဘာသာ ရှင်းနိုင်တာပဲ ယောရဲ့။ ဒက်ဒီ့ကို ဘာလို့အပူကပ်နေတာလဲ''

''ယော မအားလို့ပါ ဒက်ဒီရယ်၊ ဒက်ဒီ့လူတစ်ယောက် လွှတ်ပြီး ယောကားကို ယူခိုင်းလိုက်၊ ပြီးရင် ဆေးတွေ သေသေချာချာဖျက်ပြီး ပြန်ပို့ပေး။ ဒါလေးပဲ...OK...နော် ဒက်ဒီ''

ယော ဖုန်းပြောပြီး သူ့ကိုတစ်ချက်ကြည့်ကာ...

''ဒါနဲ့ မင်းနာမည်က''

''သုညလေ''

''နာမည်အရင်းကိုမေးတာ''

''နာမည်ဆိုတာ ပညတ်ချက်တစ်ခုပဲ။ ကုန်ပစ္စည်းတစ်ခုမှာ တံဆိပ်ကပ် မှတ်သားသလိုပေါ့။ အရင်းတွေ အဖျားတွေ မလိုပါဘူး။ ကျွန်တော် ပြန်လို့ရပြီလား''

''ရပါပြီ၊ မနက်စောစောတော့ ရောက်အောင်လာနော်''

သူက ခေါင်းကို ခပ်သွက်သွက်ညိတ်ပြီး အခန်းထဲမှ

www.burmeseclassic.com

www.burmeseclassic.com

ယောရဲ့ ရွှတ်နောက်နောက်စကားကြောင့် နှင်းက ပခုံးကို လှမ်းရိုက်ကာ...

''နင်နော်...ဘယ်လိုဖြစ်နေတာလဲ''

ဟု မာန်မဲလေသည်။

ယောကတော့ နှင်း အကုတိစိတ်ပုပ်နေတာကို ကျိတ်ပြီး သဘောကျနေတာမို့ တခစ်ခစ်ရယ်မောမိလေတော့တ်။

☺☺☺

အလိုလိုက်ချင်နေပုံနဲ့ ဟိုက အကြောတင်းတင်းနဲ့တော့ တွေ့နေပြီ။ ဟွန်း...ကြည့်လုပ်နော်, ရွှေယော၊ တစ်ခုခုဖြစ်လာမှ ကယ်ပါ ယူပါ မလုပ်နဲ့။ လုံးဝ ဆောရီးပဲ''

''အံမယ်, အံမယ် ပြောပုံကိုက ငါက ဘာဖြစ်နေလို့လဲ''

''သိဘူးလေ, နင်ပဲ သူ့ကိုစိတ်ဝင်စားနေတယ်ဆို''

''အေးလေ, အဲဒါဘာဖြစ်လဲ၊ စိတ်ဝင်စားတာ ဆန်းလို့လား။ သူများနဲ့မတူလို့ စိတ်ဝင်စားမိတာပဲဟာကို''

''ခုမှ ရှူးချင်ယောင်ဆောင်မနေပါနဲ့ ယောရယ်၊ သူ့ကို နင့်ဘေးနားရောက်အောင် ဆွဲခေါ်လိုက်တာကိုက ပုံမှန်မဟုတ်တာ သေချာနေပြီ''

''ကာယက်ရှင် ငါကိုယ်တိုင်တောင် သူနဲ့ပတ်သက်ပြီး ဘာမှမသေချာသေးဘူး။ နင်က ဘာတွေသေချာနေတာလဲ''

''ဒါကတော့ အရိပ်အကဲကြည့် အသိသာကြီး။ ဟိုကလည်း ငါနဲ့သာ ဘုကျကျ ဂျစ်ကန်ကန်၊ နင်နဲ့ကျတော့ လေသံတွေရော မျက်နှာပေးတွေရော ပြောင်းပြီး ရွှန်းရွှန်းဝေနေတာပဲ''

''ဟုတ်လား, ငါတောင် သတိမထားမိဘူး''

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

သူ အိမ်ပြန်ရောက်တော့ ညနေ အတော်စောင်းနေပြီ။

''နောက်ကျလိုက်တာကွာ၊ ငါ မင်းကို ဘာများဖြစ်နေ လဲဆိုပြီး စိတ်ပူနေတာ''

အိမ်ပေါ်တက်တက်ချင်း ပြောလိုက်သော မြတ်မိုးစကား ကြောင့် သူည မျက်မှောင်ကြုတ်လိုက်မိ၏။

''ဘာကိုစိတ်ပူတာလဲ''

မြတ်မိုးက ချိုင့်ထဲမှထမင်းကို ပန်းကန်ထဲ လှယ်ထည့် နေရင်းမှ သူ့ကိုလှမ်းကြည့်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com

"မင်း ဒီနေ့ အလုပ်ထဲမှာ ပြဿနာတက်တယ် မှတ်လား"

ဟု တပ်အပ်မေးလိုက်တာမို့ သူ နည်းနည်းအံ့သြသွားရသည်။ ထို့နောက် မြတ်မိုးမေးခွန်းကို မဖြေသေးဘဲ ထမင်းပန်းကန်ကို လှမ်းယူလိုက်သည်။

"မင်းက ဘယ်လိုလုပ်သိတာလဲ"

မြတ်မိုးက ထမင်းပန်းကန်ကို ဖွန်းခနဲ့မွှေနှောက်နယ်ဖတ်ရင်း သူ့မျက်နှာကို ခပ်တွေတွေကြည့်နေပြီးမှ...

"နေ့လယ်က အလုပ်ထဲက ကိုအောင်သက် လိုက်လာတယ်"

"ဩော်. ဒါဆို မင်းအားလုံးသိပြီးပြီပေါ့"

"အင်း"

"ဘာမှသိပ်အကြီးအကျယ်ဖြစ်တာ မဟုတ်ပါဘူးကွာ။ မိတ်ဟောင်းဆွေဟောင်းတစ်ယောက်နဲ့တွေ့တုန်း နှုတ်ဆက်လိုက်တာပါ။ မင်းနဲ့ငါ Sunshine ထဲမှာ သူခိုးဆိုပြီး အဖမ်းခံရတာ မှတ်မိတယ်မဟုတ်လား။ အဲဒီရန်ကြွေးလေး ဆပ်လိုက်တာ၊ ဖြစ်

ချင်တော့ ခုတ်ရာတခြား၊ ရှရာတလွဲတွေ ဖြစ်ကုန်တာပဲ။ ငါသွားလုပ်ပစ်လိုက်တဲ့ကားက ဟိုအမျိုးသမီးရဲ့ကားမဟုတ်ဘဲ ငှါးကို တစ်ခါက ကားတွန်းခိုင်းပြီး ပိုက်ဆံတွေအများကြီးပေးသွားတဲ့ မမရဲ့ကားဖြစ်နေတယ်။ အဲဒီမှာတင် ငါလည်း ကံကောင်းသွားတာပဲ။ ငါ အလုပ်ရလာပြီ, သိလား"

"ဟုတ်လား, မင်း အဲဒီအမျိုးသမီးတွေရဲ့ကားနဲ့ပါသွားတာ ကိုအောင်သက်ပြောလို့ သိပြီးပါပြီ"

"ဒါနဲ့ အဲဒီလူက ဒီကိုဘာလာလုပ်တာလဲ"

"မင်းကိုတွေ့ချင်လို့တဲ့၊ သူက မင်းကိုသိနေတယ်"

"ဘာ!"

သူ ထမင်းစားရပ်ပြီး မြတ်မိုးကို ဖျတ်ခနဲမော့ကြည့်သည်။

"သူ ငှါးကိုပြောသွားတာတွေကလည်း အများကြီးပဲ။ မေးလိုက်တာလည်း စုံနေတာပဲ။ အဲဒီထဲမှာ ငါတစ်ခုပဲ မှတ်ထားလိုက်တယ်။ အဲဒါကတော့ မင်းနာမည်ပဲ"

"ဘာ! ငှါနာမည်.ဟုတ်လား၊ ငှါနာမည်ကို မင်းသိပြီးသားပဲဟာ။ ဘာကို အထူးအဆန်းလုပ် မှတ်နေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

ပစ်လိုက်တယ်တဲ့။ လူတိုင်းက မင်းကိုသေသွားပြီလို့ပြောပေမယ့် သူကတော့ မယုံဘူးတဲ့။ ဒါကြောင့် မင်းကို သူကူညီမယ်တဲ့''

''တော်စမ်းပါကွာ, ဒီလူ ဘာတွေလာကြောင်နေတာလဲ၊ တစ်ခုမှလည်း အဆက်အစပ်မရှိဘူး။ ဘာတွေလဲ ငါလည်း နားမလည်ဘူး။ ငါက သူပြောသလို သူရိယလည်း မဟုတ်ဘူး''

''ငါကတော့ ကိုအောင်သက် ပြောတာတွေအားလုံး ဖြစ်နိုင်တယ်လို့ထင်တယ်။ မဟုတ်ဘဲနဲ့တော့ တကူးတက လာပြောမှာမဟုတ်ဘူး''

''ဒါပေမဲ့ ငါက သူပြောတဲ့လူမှမဟုတ်တာ။ လောကမှာ လူတူမရှား နာမည်တူမရှားပဲဟာ''

''တိုက်ဆိုင်တာတစ်ခုတော့ ရှိတယ် သူည၊ မင်းနဲ့ငါ စတွေ့တဲ့အချိန်က သူရိယ ဆုံးသွားပြီလို့ လူတွေသိလိုက်ရတဲ့ အချိန်နဲ့ ရက်ပိုင်းပဲကွာတယ်''

''ဘာလဲ, မင်းကပါ ဟိုလူတွေစကားကိုယုံပြီး ငါ့ကို သူရိယပါလို့ပြောချင်နေတာလား''

သူ့စကားအဆုံး မြတ်မိုးက စိတ်ရှုပ်ထွေးဟန်နှင့် ခေါင်း

''ငါသိထားတာက တစ်မျိုးလေ၊ ကိုအောင်သက် ပြောသွားတာကတော့ မင်းနာမည်က သူရိယတဲ့။ ပြီးတော့...''

''ပြီးတော့ ဘာတွေပြောသွားသေးလဲ''

''ငါက သူ့ကို မင်းနဲ့သိတာကြာပြီလားလို့မေးတော့ သူက ပြောတယ်, မင်းကို သူကိုယ်တိုင် ထိန်းကျောင်းလာခဲ့တာတဲ့။ သူက မင်းငယ်ငယ်ကတည်းက ကျောင်းကြိုပို့လုပ်ပေးရတဲ့ ဒရိုင်ဘာဆို...ဟုတ်လား''

သူ ခေါင်းကို ခပ်သွက်သွက်ရမ်းလိုက်မိ၏။

''မဟုတ်ဘူး, ငါ သူ့ကို သိလည်းမသိဘူး၊ မြင်လည်း မမြင်ဖူးဘူး''

''သူကတော့ မင်းကို တရင်းတနှီးသိနေပုံပဲ''

''ဘာတွေပြောသွားသေးလို့လဲ''

''ဟို, မင်း နိုင်ငံခြားမသွားခင်အထိ သူနဲ့မင်း အတူရှိနေခဲ့ကြတယ်တဲ့။ ပြီးတော့ ပြောသွားသေးတယ်၊ မင်းအဖေဆုံးသွားပြီးတဲ့နောက် သူလည်း အလုပ်က ထွက်လိုက်တာတဲ့။ မင်းတို့အိမ်က အလုပ်သမားတွေကိုလည်း ဒေါ်ရွှက်စိမ်းနှက ထုတ်

www.burmeseclassic.com

www.burmeseclassic.com

ကုတ်ကာ...

"အဲလိုပဲ ပြောရမလိုဖြစ်နေပြီ"

ဟု ညည်းညူသလို ရေရွတ်လေသည်။ သူ သက်ပြင်း တစ်ချက် ချလိုက်မိသည်။

"အခုတစ်လော ငါ စိတ်တွေ အရမ်းရှုပ်နေတယ်"

"မင်းမပြောချင်တာကို ငါ အတင်းအကျပ်မမေးချင်ပါဘူးကွာ။ ဒါပေမဲ့ အမှန်တရားဆိုတာ ရေရှည်ဖုံးကွယ်ထားလို့ မရဘူး။ မင်းမှာ ဘာအခက်အခဲတွေရှိနေမှန်း မသိပေမယ့် ဖြေရှင်းလိုက်တာက ကောင်းမယ်ထင်တယ်။ ငါပေးနိုင်တဲ့အကြံဉာဏ်ကတော့ ဒါပဲ သူငယ်ချင်း"

သူ မြတ်မိုးရဲ့ရိုးသားတဲ့စိတ်ဓာတ်နဲ့ ဖြူစင်စေတနာကို နားလည်မိပါသည်။ ဒါပေမဲ့...

"ငါ့ကို အခုလိုအကြံပေးတာ ကျေးဇူးပါပဲ"

"ကိုအောင်သက်ကလည်း မင်းကိုစေတနာမှန်နဲ့ ကူညီလိမ့်မယ်လို့ ငါထင်တယ်။ တကယ်လို့ သူပြောတာတွေသာ အမှန်ဆို သူက မိတ် ကောင်းတစ်ယောက်ဖြစ်မှာပါ"

မြတ်မိုးက သူ့ကို နှစ်သိမ့်အားပေးလေသည်။

"ငါ လူတွေကို မယုံဘူး မြတ်မိုး။ လူတွေကို အလွယ်တကူမယုံတတ်တာ ဘဝနဲ့ချီရင်းပြီး ရခဲ့တဲ့သင်ခန်းစာပဲ။ မင်း ငါ့ကိုနားလည်ပေးပါ"

သူတို့နှစ်ယောက်လုံး အတွေးကိုယ်စီနှင့် ငြိမ်သက်သွားကြလေတော့တ်။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

မိုးပြာရောင်လွင်လွင် ဂါဝန်တိုလေးကို အနက်ရောင် ဆွယ်တာလက်စကလေးနှင့် တွဲဝတ်ထားသောသူမပုံစံက ကလေး ဆန်စွာ နုပျိုလှပနေတာမို့ သူ သတိလက်လွတ် ငေးမိသွားသည်။

စိတ်သဘောထား နူးညံ့ဖြူစင်တာတွေက သူမရဲ့မျက် နှာမှာ ထင်ဟပ်ပြီး ဘယ်အချိန်မဆို ပြုံးယောင်သမ်းနေတဲ့ နှုတ် ခမ်းတွေကြောင့် သူမအလှက ပြီးပြည့်စုံသွားသည်ဟု ခံစားရလေ သည်။

တစ်ယောက်ယောက်က မေးလာလို့ မရှက်စတမ်း ဝန်

ရွှေအေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ခံရလျှင် သူမရဲ့ဖော်ရွေပွင့်လင်းမှုနှင့် သည်းခံခွင့်လွှတ်နိုင်မှုတို့က သူ့ကိုရင်ခုန်စေသည်ဟုဖြေမိမည်။ သူ့တစ်သက်တာမှာ မမက သူ့အပေါ် ပထမဆုံး ဂရုဏာတွေ ခြွေချပေးခဲ့သည့်မိခင်စိတ် ရှိသူတစ်ဦးဟု ရဲဝံ့စွာ ယုံကြည်မိလေသည်။ မတန်မရာကို စိတ်ကူးယဉ်သည်ပဲဆိုဆို မမကို သူချစ်သည်။ ဒါပေမဲ့ သူ့ဘဝ သူနားလည်လက်ခံစွာ မမကို ရိုသေလေးစားဖို့ ကိုယ့်ကိုယ်ကို အမြဲသတိပေးနေရသည်။

မမရဲ့ ဂရုစိုက် အလေးပေးဆက်ဆံမှုတွေကို သူ နည်းနည်းမှ မပစ်မှားရဲ။ အခွင့်အရေးမယူရဲခဲ့။

တစ်ဖက်သားကို ဂရုမစိုက်တတ်သလို၊ အရိုအသေတန်ခဲ့တဲ့ သူ့စရိုက်တွေက မမနဲ့ကျတော့ ပြောင်းပြန်ဖြစ်ကုန်သည်။ စိတ်ထင်ရာကို လုပ်နေရလျှင် ကျေနပ်ခဲ့တဲ့သူက အခုတော့ မမငြိုငြင်မှာကြောက်ပြီး ချုပ်ထိန်းရတာတွေ ပိုများလာသည်။

"သုည"

"ဗျာ၊ မမ"

သူ့ရဲ့အလန့်တကြားဖြေသံကြောင့် ယောက မျက်မှောင်

ကြုတ်သွားသည်။ နှုတ်ခမ်းကတော့ ပြုံးတော့မယောင်။

"မင်း တို့ကိုဘယ်လိုခေါ်လိုက်တယ်"

"အဲ၊ ဟို. . . မ. . . မမလို့ခေါ်လိုက်တာပါ။ မကြိုက်ဘူးလား"

"ကြိုက်ပါတယ်၊ တို့က မင်းရဲ့မမအရွယ်ပဲ။ ဒါနဲ့ မင်းအသက်က"

"နှစ်ဆယ်ပြည့်တော့မယ်"

"တို့ကတော့ နှစ်ဆယ့်ငါးပြည့်ပြီးပြီ၊ မင်းကို တို့ မိသားစုအကြောင်း မပြောရသေးဘူးနော်။ တို့မှာ အမေမရှိတော့ဘူး။ မာမီက တို့ငယ်ငယ်လေးကတည်းက ဆုံးသွားတာလေ။ ဒက်ဒီက ရှေ့နေကြီးလေ၊ ဒက်ဒီက အပြင်စီးပွားရေးကို သိပ်ဝါသနာမပါဘူး။ အိမ်မှာ စီးပွားရှာတာ တို့ပဲဆိုပါတော့။ အဲဒါ တို့ရဲ့ဝါသနာပဲ"

"ကျွန်တော်ကတော့ ဘာမှပြန်မပြောနိုင်ဘူးနော်"

"ရပါတယ်. လျှို့ဝှက်ချက်တွေနဲ့ အတူနေရတာ ပျော်စရာကောင်းတယ်လို့ ကြားဖူးထားတယ်။ မင်းလည်း အဲဒိုလို

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ဖြစ်မှာပေါ့''

''မျိုသိပ်ထားရတာကလည်း ပင်ပန်းတယ်တဲ့၊ ကြားဖူးလား''

သူ့ရဲ့စကားကြောင့် ယော မျက်ခုံးပင့်လိုက်မိသည်။

''ဟင့်အင်း. . . မကြားဖူးပါဘူး။ ဒါနဲ့ တို့ကို ဒီနားက ကော်ဖီဆိုင်မှာ ကော်ဖီသွားဝယ်ပေးပါလား''

သူက မကျေမချမ်းပုံစံနှင့်ပင် ခေါင်းညိတ်ပြလျက် သူမ ရုံးခန်းထဲမှ ထွက်သွားလေတော့တ၏။

ခဏကြာတော့ ကော်ဖီဘူးလေး ကိုင်ပြီး သူပြန်ရောက်လာသည်။ ထိုစဉ်မှာပင် ယောရဲ့ဖုန်းမှ အသံလေးမြည်လာတာမို့ သူ့ကိုတစ်ချက်လှမ်းကြည့်ရင်း ဖွင့်နားထောင်လိုက်တ၏။

''ဟဲလို၊ နှင်း. . . ဘာကိစ္စ''

''အံမယ်၊ ဒီလိုတောင် မေးပြီပေါ့၊ ဟုတ်လား။ ဒီနေ့ နင်နဲ့ငါ တပ်မတော်ခမ်းမမှာ ကုန်စည်ပြပွဲသွားကြည့်ဖို့ ချိန်းထားတယ်လေ။ မေ့နေတယ်မှတ်လား''

''မမေ့ပါဘူးဟယ်၊ နေ့လယ်တစ်နာရီမှလို့ ပြောထားပြီး

စောစောစီးစီးဖုန်းဆက်လိုက်တော့ ဘာများလဲလို့ပါ''

''ဒါပဲနော်၊ သိပ်နောက်ကျမနေနဲ့ဦး၊ နင်က မေ့တတ်လို့ ကြိုပြောထားတာ။ နင့်ရဲ့အထွေထွေဝန်ထမ်းရော ရှိလား''

''ရှိတယ်. . . ဘာလုပ်မလို့လဲ''

''ဘာလုပ်ရမှာလဲဟဲ့၊ မေးကြည့်တာ။ နင်တို့ချင်း အပေးအယူတည့်နေရင် ပြီးတာပါပဲ''

''ပြောပုံကိုက''

ယော ဘာဘာညာညာ ဆက်ပြီး၊ ရန်တွေ့ဖို့ စကားစလိုက်ပေမယ့် နှင်းက လူလည်ကျစွာပင် ဖုန်းကိုပိတ်သွားတာမို့ ယော အံကြိတ်ရင်း ခပ်တိုးတိုးလေး စုတ်သပ်လိုက်မိသည်။

သုညကိုလှည့်ကြည့်တော့ အခန်းထောင့်စားပွဲမှာ ထိုင်လျက် Lap top ဖွင့်ကာ Game တစ်ခုကို အသံကျယ်ကျယ်ဖွင့် ကစားနေသည်ကို တွေ့လိုက်ရလေသည်။

လှမ်းခေါ်မလို့ဖြစ်ပေမယ့် စိတ်လွတ်လပ်ပေါ့ပါးနေသော သူ့အာရုံတွေကို ယော အနှောင့်အယှက်မပေးချင်တာမို့ နှင်းကိုယ်တိုင် ဆွဲထားသည့် အကျိုပုံဆန်းလေးတွေကို ကြည့်နေလိုက်မိသ၊

www.burmeseclassic.com

www.burmeseclassic.com

ချင်လို့လား''

''ဟုတ်ကဲ့၊ ကျေးဇူးပဲ မမ၊ ဘာအလုပ်မှမရှိဘဲ ဒီတိုင်း ထိုင်နေရတာ ပျင်းလို့ပါ။ ပြီးတော့ ကျွန်တော် ဟိုမှာနေကတည်း က အွန်လိုင်း. . . အဲ. . . အဲဒါတွေ စိတ်ဝင်စားတယ်လေ''

ယော မျက်မှောင်လေးကြုတ်သွားမိသည်။

''ဟိုမှာနေတယ်ဆိုတာ ဘယ်မှာနေတာကိုပြောတာလဲ''

''ဟို. . . ဟိုမှာဆိုတာ အခု ကျွန်တော့်သူငယ်ချင်းနဲ့ နေတဲ့ရပ်ကွက်ကို ပြောတာပါ။ ဟို, အင်းစိန်မှာလေ''

အစီအစဉ်မကျလှသော သူ့ရဲ့အဖြေအတွက် သံသယ ဝင်မိသော်လည်း ဆက်မေးလို့ရမှာမဟုတ်သည့်အတူတူ ယော ဘာမှမေးမနေတော့ချေ။

''နေ့လယ်တစ်နာရီ သွားစရာရှိတယ်နော်။ နေ့လယ်စာ ကြိုစားထား။ ဆယ့်နှစ်နာရီခွဲတာနဲ့ သွားမယ်, အသင့်ဖြစ်နေပါ စေ။ အဲဒါပဲ အာရုံစိုက်မနေနဲ့ဦး''

''ဟုတ်ကဲ့ မမ''

သူက ခပ်သွက်သွက်ပင် ခေါင်းညိတ် အဖြေပေးလေ၏

''မမ''

သူ့ခေါ်သံကြောင့် ယော ခေါင်းထောင်ကြည့်လိုက်၏။

''ဘာလဲ, ပြောလေ''

''ဟို, ကော်ဖီတွေ အေးကုန်တော့မယ်၊ မသောက်ဘူး လားလို့''

''ညော့်, ဟုတ်သားပဲ၊ သတိပေးတဲ့အတွက် ကျေးဇူး ပဲနော်''

ပြောပြီး ယော ကော်ဖီဘူးလေးကိုယူပြီး သောက်လိုက် သည်။ အငွေ့မထွက်ပေမယ့် သောက်ကောင်းရဲ့ ခပ်နွေးနွေးပဲ ရှိသေးသည့်ကော်ဖီကို တစ်ငုံ ငုံလိုက်ပြီး သူ့ကိုလှမ်းကြည့်လိုက် တော့ တစ်ခုခုပြောချင်နေပုံနှင့် ယောကိုကြည့်နေတာ တွေ့ရ၏။

''ဘာပြောမလို့လဲ, ပြောလေ''

''ညော့်, မမရုံးခန်းထဲက ကွန်ပျူတာတွေအားလုံး အင် တာနက်ချိတ်ထားတယ်နော်။ ဟို အဆင်ပြေတာပေါ့၊ ကျွန်တော် လေ. . .''

''ကဲ, တိုတိုနဲ့ လိုရင်းပြောပါ။ မင်း အင်တာနက် သုံး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"မင်းကိုကြည့်ရတာ အရင်လောက် သိပ်လွတ်လပ်ပေါ့ပါးမှုမရှိသလိုပဲ။ တစ်ခုခုကို ထိန်းချုပ်ထားရတာမျိုးပေါ့"

သူက ကားမောင်းရင်းမှ ယောကိုလှည့်ကြည့်သည်။

"မမက ကျွန်တော့်ရဲ့အလုပ်ရှင်လေ၊ ကျွန်တော်ပြောချင်သလိုပြော, ဆိုချင်သလို ဆိုလို့မှမရတော့တာ"

"ဒါပေမဲ့ အဲဒီလို တရိုတသေ နေပြနေတာ မင်းပုံစံမှ မဟုတ်တာ"

"ကျွန်တော့်ကိုယ်ကျွန်တော်တောင် သတိမထားမိဘူး"

"ဒါဆို တို့က မင်းကို သတိထားအကဲခတ်နေမိသလို ဖြစ်နေပြီ"

ယောရဲ့ကားလေးက တပ်မတော်ခန်းမရှေ့သို့ ရောက်လာသည်။ ရွှမ်းယက်ခတ်နေသောကားတွေကို ကျော်ဖြတ်ပြီး ကားရပ်ဖို့နေရာကို ရှာရတာ သိပ်တော့မလွယ်လှချေ။ ကားတွေက လမ်းတစ်လျှောက် ပြွတ်သိပ်တန်းစီနေသည်။

"ကျတော်. . . လမ်းတွေ ပိတ်နေတာပဲ၊ ဒီကနေပဲ ဆင်းလျှောက်သွားချင်ပြီ"

ဇော်။ ဒီလိုဆိုတော့လည်း ဘယ်ဆိုးလို့လဲ၊ လိမ္မာသားပဲ။ သူညက ကလေးဆန်ပေမယ့် အပြောနဲ့အလုပ်တော့ ညီပါတယ်။

နေ့လယ်ဆယ့်နှစ်နာရီခွဲသည်နှင့် ယော မှာထားသည့် အတိုင်း ကားပေါ်ရောက်နှင့်နေပြီ။ ယော ထွက်လာတာမြင်တော့ ကပျာကယာပင် ကားပေါ်က ပြန်ဆင်းပြီး ကားတံခါးဖွင့်ပေးလေသည်။

ယောက သူဖွင့်ပေးသည့် နောက်ခန်းတံခါးကို ဝင်မထိုင်ဘဲ ရှေ့ခန်းမှာဝင်ထိုင်တော့ ပခုံးတွန့်ကာ ခပ်လွန့်လွန့်ပြုံးရင်း ကားမောင်းသူနေရာ ဝင်ထိုင်လေသည်။

"ဘယ်ကိုမောင်းရမလဲ မမ"

"တပ်မတော်ခန်းမကိုမောင်း, အဲဒီမှာ ကုန်စည်ပြပွဲရှိတယ်"

သူည နှာခေါင်းလေး မသိမသာရှုံ့လိုက်မိသည်။ ဒုက္ခပါပဲ. . . လူရှုပ်တဲ့နေရာတွေ သိပ်မသွားချင်ပါဘူးဆိုမှ။

"မောင်းတော့လေ, ဘာလုပ်နေတာလဲ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com

"နေရာရမှာပါ၊ ဒီကနေ လျှောက်သွားရင် နေပူတယ်။ မမမှာ ထီးပါလား"

"ကားနောက်ခန်းမှာ ထီးပါတယ်"

ငါးမိနစ်လောက် စိတ်ရှည်လက်ရှည် စောင့်ဆိုင်းပြီးမှ ကားရပ်ဖို့နေရာ တစ်နေရာစာ ရသွားသည်။ သူက ကားပေါ်မှ ဆင်းပြီး နောက်ခန်းကထီးကို အလိုက်တသိယူကာ ဖွင့်ဆောင်း ပေးလေသည်။

"နှင်းနဲ့ချိန်းထားတယ်ကွ၊ သူ အထဲဝင်နှင့်ပြီထင်တယ်"

"မမ အထဲဝင်တော့မလို့လား"

"ဟင့်အင်း, အပြင်မှာ ခဏကြည့်ဦးမယ်"

ယောက ကုန်ပစ္စည်းကြော်ငြာပန်းဖလက်လေးတွေကို ယူကြည့်ရင်း နှင်းကိုတွေ့လိုတွေ့ငြား ရှာလိုက်မိ၏။ ထိုစဉ်မှာပင်...

"ဟော! ဘယ်သူများလဲလို့, သံယောဇဉ်ပါလား"

ဟူသောနှုတ်ဆက်သံနှင့်အတူ အမျိုးသမီးတစ်ဦး ရောက်လာသည်။ နီရဲသောနှုတ်ခမ်းနှစ်လွှာက ပြုံးရိပ်သန်းနေပေမယ့်

နေကာမျက်မှန်အောက်မှ သူ့မျက်လုံးတွေကတော့ ယောတို့နှစ်ယောက်ကို စူးစိုက်အကဲခတ်နေတာ တွေ့လိုက်ရတာမို့ ယောမျက်နှာတည်တည်လေးနှင့်ပင်...

"ဩော်, ဟုတ်ကဲ့ အန်တီ၊ မတွေ့တာကောင် ကြာပြီနော်။ တစ်ယောက်တည်းလား"

ဟု အလိုက်သင့် ပြန်နှုတ်ဆက်လိုက်၏။

ဒေါ်ရွှက်စိမ်းနက ယော၏ မထိတထိ ကလိလိုက်သော စကားကို အပြုံးမပျက်မျက်နှာနှင့်...

"အေးကွယ်, တစ်ယောက်တည်းပါပဲ၊ ဟို ဒရိုင်ဘာက တော့ ကားထဲမှာ စောင့်နေတယ်လေ"

ဟုဖြေရင်း ယောဘေးက သူညကို စိတ်ဝင်တစား ဝေ့ဝဲအကဲခတ်လိုက်တာမို့ သူမရဲ့စကားလမ်းကြောင်း ဦးတည်ရာ တွေကို ယော သဘောပေါက်နားလည်သွားမိသည်။ သူညကိုပဲ အလေးထားစောင့်ကြည့်နေသော သူမရဲ့မျက်လုံးတွေကို ယော လုံးဝသဘောမကျမိချေ။

"သွားလိုက်ပါဦးမယ် အန်တီ၊ နောက်မှတွေ့ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ဒီပြပွဲမှာ အန်တီတို့ကုမ္ပဏီက ကုန်ပစ္စည်းအသစ်တွေ ပြထားတယ်ဆို''

''ဟုတ်တယ် ဟုတ်တယ်, တစ်လက်စတည်း လေ့လာသွားနော် သံယောဇဉ် ဂျပန်ကသွင်းတဲ့ Note book တွေ ပြထားတယ်။ သံယောဇဉ် အားပေးမယ်ဆိုရင် အန်တီက Special Discount ပေးမှာပါ''

''ကျေးဇူးပဲ အန်တီ၊ ခွင့်ပြုပါဦး''

ယောမှာ သူမနှင့် ခပ်မြန်မြန်စကားစဖြတ်ပြီး ထွက်ခဲ့ရသည်။

''မမ''

''ဘာလဲ''

''ဟိုအမျိုးသမီးက ကျွန်တော်နဲ့မမကို တစ်မျိုးထင်သွားလားမသိဘူး။ ကျွန်တော် ကားထဲမှာပဲ စောင့်နေခဲ့ရင် အကောင်းသား။ ခုတော့''

''အဲဒါတွေ ဂရုစိုက်မနေစမ်းပါနဲ့ကွာ။ မင်းကလည်း အရင်က သုညမှဟုတ်တဲ့အတိုင်းပဲ''

''ကျွန်တော်က မမအတွက် စိုးရိမ်တာကိုး''

သုညစကားအဆုံး သူမက ပြုံးရုံသာပြုံးနေသည်။ ဘာမှတော့ ပြန်မပြောချေ။ ခုန သူတို့နှစ်ယောက်ကို စူးစိုက်အကဲခတ်နေသောအမျိုးသမီးရဲ့မျက်လုံးတွေကို သူ လုံးဝ သဘောမကျချေ။

''ဒါနဲ့ ခုနအမျိုးသမီးက မမမိတ်ဆွေလား''

''မိတ်ဆွေလို့ပြောလည်း ရတယ်၊ မဟုတ်ဘူးဆို ပိုမှန်မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ တို့တွေက စီးပွားပြိုင်ဖက်တွေလေ။ မမတို့ကုန်တိုက်ဘေးက KTR က သူပိုင်တာပေါ့''

''KTR...က သူပိုင်တာ''

သူ အံ့သြတကြီး ရေရွတ်လိုက်တော့ မမက ခေါင်းလေးညိတ်ရင်း . . .

''ဟုတ်တယ်လေ, သူက KTR Group ရဲ့ MD ဦးခွန်သူရရဲ့ဒုတိယဇနီး။ ဦးခွန်သူရ ဆုံးသွားတော့ KTR က သူ့အပိုင်ပေါ့။ သူ့နာမည်က ဒေါ်ရွှက်စိမ်းနုတဲ့''

ဟုပြောပြလေသည်။ သူ့နှုတ်မှ ဒေါ်ရွှက်စိမ်းနုဟု ခပ်

www.burmeseclassic.com

www.burmeseclassic.com

တိုးတိုးရေရွတ်ကြည့်ရင်း သူမနှင့်တွေ့ခဲ့သည့် ခုနနေရာကိုလည်း ကြည့်တော့ မျက်မှန်ကိုချွတ်ရင်း သူ့ကိုလှမ်းကြည့်နေသည့် ဒေါ်ရွက်စိမ်းနှင့်မျက်လုံးစိမ်းစိမ်း အကြည့်ရင့်ရင့်တို့နှင့် ရင်ဆိုင်လိုက်ရလေသည်။

''မမက သူ့အကြောင်းတွေ သိလှချည်လား''

''သိဆို... သူ့အကြောင်းတွေကလည်း စိတ်ဝင်စားဖို့ကောင်းတာကိုး။ ဟယ်! ဟိုမှာ နှင်း''

ရုတ်တရက် နှင်းကိုတွေ့လိုက်ရတာမို့ ယော ထိုနေရာသို့ အပြေးလေး ရောက်သွားမိသည်။

''ဟဲ့, ယော၊ နင်ကလည်းဟယ် ရှာလိုက်ရတာ။ ငါ့မှာ နေပူပူနဲ့ လမ်းသလားရင်း နင့်ကိုစောင့်နေတာ စိတ်မရှည်လို့ ခုပဲ ဝင်တော့မလို့''

''ငါ့ကိုစွတ်ရွတ်ပြီး အပြစ်မတင်နဲ့ဦး။ ကားရပ်ဖို့ပဲ နေရာမနည်းရှာရသေးတာ။ လာလေ, ဝင်ကြစို့''

အပြင်မှာ တရှိန်ရှိန်ပူလောင်နေသလို အထဲဝင်လိုက်တော့လည်း လူငွေ့တွေနှင့် ပူနေပြန်သည်။ ယောက မျက်နှာကို

လက်ကလေးနှင့် ယပ်ရင်း...

''သေတော့မှာပဲ, ပူလိုက်တာဟယ်''

ဟု ညည်းနေမိ၏။

နှင်းကတော့ ကွန်ပျူတာပစ္စည်းတွေရှေ့မှာ လက်ပိုက်လျက် ခပ်တည်တည်ပင် ရပ်တန့်ငေးမောနေ၏။ တစ်နေရာမှ တစ်နေရာ ခြေရွှေ့ဖို့ပင် မလွယ်လောက်အောင် ပြွတ်သိပ် ကျပ်ညပ်နေသောအခန်းထဲကနေ ယော အမြန်ပင် ပြေးထွက်ချင်နေမိပြီ။

ခင်းကျင်းပြသထားသည့်ပစ္စည်းတွေကိုလည်း ဘာမှစိတ်မဝင်စားနိုင်တော့ချေ။ တစ်နေရာမှာရပ်ပြီး ကွန်ပြူတာကြည့်ဖို့ကျတော့လည်း တက်နင်းမိတော့မတတ် တွန်းတိုက်သွားလာသူတွေနှင့် ဘယ်လိုမှမဖြစ်။

''နှင်း, သွားကြစို့ဟာ၊ ပူလို့သေတော့မယ်''

ယောစကားကြောင့် နှင်းက လက်မှာချိတ်ထားသည့် အိတ်ကို ပခုံးပေါ်ပြောင်းလွယ်ရင်း ယောကို ထူးဆန်းသလိုပြန်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com

"နင်ပဲ ကြည့်ချင်လှချည်ရဲ့ ICT Show... ခုတော့ ဘယ်လိုဖြစ်တာလဲ။ လူအများနဲ့ပဲ ခဏတော့ သည်းခံပေါ့ဟဲ့။ ညနေလေးနာရီဆို ပိတ်တော့မယ်ဟာ"

ယော ကိုယ့်စကားနဲ့ကိုယ် ကျံထားပြီးပြီမို့ ဘာမှဆက် မပြောနိုင်ဘဲ နာခေါင်းလေးရှုံ့ပြီး နှင်းနောက်မှာ အသာရပ်နေမိ တော့၏။

"ဟယ်, ဟိုတစ်ယောက်"

ယော အခုမှပဲ သူ့ကိုသတိရသွားတော့သည်။

"နှင်း, သူ့ ဘယ်ရောက်သွားလဲ"

နှင်းက မျက်မှောင်ကြုတ်လျက် ဟိုဟိုဒီဒီငေ့ဝဲရှာသည်။ မတွေ့တော့မှ...

"ဘယ်သိမလဲဟဲ့, နင့်အပါးတော်မြဲကို နင့်ဘာသာပဲ ကြည့်နေပေါ့"

ဟု ဘောက်ဆတ်ဆတ်ပြောကာ ရှေ့ကိုပြန်ငေးနေပြန် လေသည်။

"ဘယ်လျှောက်သွားနေတာလဲ မသိဘူး။ ပြန်မယ်ဆို

မှရောက်မလာလို့ကတော့ အတွေ့ပဲ"

ယောတစ်ယောက်တည်း ပွစိပွစိရေရွတ်နေခိုက်...

"မမ"

"ဟဲ့, အမယ်လေး... လန့်လိုက်တာ၊ ဘယ်လျှောက် သွားနေတာလဲ"

"ဒီမှာလေ, မမတို့ အိုက်နေတယ်မှတ်လား။ အဲသွားဝယ် တာ"

သူညက ပိုက်အဆင်သင့်တပ်ထားသော အအေးဘူး လေးကို ယောလက်ထဲထည့်ပေးပြီး ကျန်တစ်ဘူးကို နှင်းအား ပေးရန် မျက်ခုံးပင့် မေးဆတ်ပြလေသည်။

နှင်း သူ့ကိုယိမ်းမကြည်တာ သဘောပေါက်နေပုံရသော ကြောင့် သူကိုယ်တိုင် မပေးချင်တာဖြစ်မည်။

"ဟဲ့, နှင်း... ရော့, အအေးသောက်လိုက်ဦး။ ရှေ့က Promoter တွေကိုလည်း ကိုက်စားမိဦးမယ်။ တကတည်း မျက် လုံးကြီးပြူးပြီး ငေးနေလိုက်တာ"

ယောက နှင်းလက်ထဲ အအေးဘူးကို ထည့်ပေးရင်း

www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေတာ သူညကို။ သွားလှည့်မကြည့်နဲ့ဦး. . . ရိပ်မိသွား ဦးမယ်''

နှင်းရဲ့စကားကြောင့် သူညက တအံ့တသြ မျက်မှောင်ကြုတ်လိုက်သလို ယောကတော့ ဘာပါလိမ့်ဆိုပြီး စိုးရိမ်သွားမိသည်။

''ကျွန်တော့်ကို ကြည့်နေတာ၊ ဟုတ်လား''

''ဟုတ်ပါတယ်ဆို၊ သူကြည့်နေတာ ငါနဲ့ယောကိုမဟုတ်ဘူး. . . မင်းကိုကြည့်နေတာ''

''မင်းတို့သိကြလို့လား''

ယောရဲ့မေးခွန်းအဆုံး သူညက ခေါင်းရမ်းသည်။

''ဒါဆို ဘာလို့ လိုက်ကြည့်နေတာလဲ''

နှင်းနဲ့ယောနှစ်ယောက်လုံး နှုတ်က ပြုံတူထွက်သွားရသည်။

သူညက ဘာမှပြန်မဖြေဘဲ ကားထဲက ဓောင့်နေမယ်ဆိုကာ အပြင်သို့ပြန်ထွက်သွားသည်။

သူမတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်

ပြောလိုက်တာမို့ နှင်းက မျက်စောင်းရွယ်သည်။ ထို့နောက်. . .

''ကျေးဇူးပဲ၊ သူသွားဝယ်လိုက်တာလား''

''ဟုတ်ကဲ့''

သူမက ကျေးဇူးတင်စကားပြောလိုက်တော့ သူကလည်း အလိုက်သင့်တုန့်ပြန်လေသည်။

''ဟဲ့၊ ယော၊ ဟိုမှာ ဒေါ်ရွှက်စိမ်းနဟဲ့''

''သိသားပဲ. . . တွေ့ပြီးပြီ''

''မဟုတ်ဘူး၊ သူက နင်တို့ကို သေသေချာချာလိုက် ကြည့်နေတာ''

ယောတို့ကိုကျော်ကာ နောက်ကို လှမ်းကြည့်နေသော နှင်းက မမြင်ပေမယ့် ယောကတော့ ကျောခိုင်းအနေအထားမို့ မမြင်ရချေ။ သူညနေရာကကျတော့လည်း ဘေးတစောင်းမို့ သဲသဲကွဲကွဲမမြင်ရချေ။

''မဖြစ်နိုင်တာဟာ၊ လူတွေအများကြီးပဲ။ သူ့ဟာသူ တခြားလျှောက်ကြည့်နေတာ ဖြစ်မှာပါ''

''မဟုတ်ဘူးဟဲ့၊ ဒီကိုကြည့်နေတာ။ ဟုတ်တယ်. သူ

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

ကားပေါ်မှာကတည်းက ဖုန်းပြောချင်နေပေမယ့် လွတ်လွတ်လပ်လပ်ပြောလို့မရနိုင်တဲ့ကိစ္စမို့ အောင့်အီးမျိုသိပ်လာသမျှ အိမ်ရောက်သည်နှင့် အခန်းထဲသို့ ကမူးရှူးထိုးပြေးဝင်လာခဲ့မိတ၏။

ဖုန်းမဆက်ခင် စားပွဲအံဆွဲထဲမှ ဓာတ်ပုံအယ်လ်ဘန်ကို ထုတ်ကာ ဖုန်းနှင့်ရိုက်ယူလာသည့်ပုံတွေနှင့် တိုက်ဆိုင်စစ်ဆေးကြည့်လိုက်သည်။

"သုရား!. . . ဘုရား!. . ."

ဒေါ်ရွှက်စိမ်းနု နားထင်ကို လက်နှင့်ဖိရင်း မွေ့ရာပေါ်

ကြည့်ပြီး ခေါင်းရမ်းလိုက်မိတော့တ၏။

ထိုအကြည့်တွေထဲမှာ နားမလည်နိုင်ခြင်းများစွာနှင့်. . .

☺☺☺

www.burmeseclassic.com

www.burmeseclassic.com

အိခနဲထိုင်ချလိုက်မိ၏။ ခေါင်းထဲက တဆစ်ဆစ်ထိုးကိုက်လာသည့်ဝေဒနာနှင့်အတူ သူမစိတ်အစဉ်ကပါ ကယောင်ခြောက်ခြားတုန်လှုပ်လာတော့သည်။

တူလှချည်လား...

ဒီနေ့ပြပွဲမှာ သံယောဇဉ်နှင့် ပါလာတဲ့ကောင်လေးက သူရိယနဲ့ တစ်ထေရာတည်း တူနေပါလား။ ခန္ဓာကိုယ်၊ အရပ်အမောင်းကအစ မျက်နှာပေါ်က အစိတ်အပိုင်းတွေအားလုံး ချွတ်စွပ်တူလွန်းသည်။ ဆံပင်တွေရှည်နေတာတစ်ခုကလွဲရင် ကျန်တာအားလုံးက သူရိယမှ သူရိယအစစ်လို့ အသံတိတ် သက်သေခံနေသလိုပင်။

"စုမာ...စုမာ"

"ရှင်၊ လာပါပြီ မမကြီး"

"ရေယူခဲ့၊ စားပွဲပေါ်က ပုလင်းလေးထဲမှာ သွေးဆေးရှိတယ်၊ အဲဒါပါ ယူခဲ့။ ပြီးရင် သံပုရာရည်ဖျော်ပေး"

"ဟုတ်ကဲ့ မမကြီး"

သူမစကားအတိုင်း စုမာက ရေဖန်ခွက်နှင့် သွေးဆေး

ပုလင်းပေးပြီး သံပုရာရည်ဖျော်ရန် အပြေးလေး ပြန်ထွက်သွားသည်။

ဆောက်တည်ရာမရ လှုပ်ရှားနေသော စိတ်အစဉ်ကို ငြိမ်အောင်ထိန်းရင်း ချထားသည့်ဖုန်းလေးကို ကောက်ကိုင်လိုက်သည်။ မခေါ်တာကြာပြီဖြစ်တဲ့နံပါတ်တွေကို နှိပ်နေစဉ် လက်တွေက တဆတ်ဆတ်တုန်နေသည်။

"ဟဲလို"

"ဟဲလို၊ ပြောပါ"

တစ်ဖက်ကပြန်ဖြေပေမယ့် ရုတ်တရက် ဘာပြောရမှန်းမသိ၊ ကြောင်နေမိ၏။

"ဟဲလို၊ ပြောပါ...ကျွန်တော် အောင်သက်ပါ"

"ဟဲလို၊ ကိုအောင်သက်လား၊ ကျွန်မ ရွက်စိမ်းနုပါ"

ရွက်စိမ်းနုဆိုသည်နှင့် အောင်သက် ဘာမှမပြောသေးဘဲ တစ်ခဏ တိတ်ဆိတ်ငြိမ်သက်သွားလေတော့၏။

"ကျွန်မပြောတာ ကြားရဲ့လား ကိုအောင်သက်"

"ကြားပါတယ် မမစိမ်း၊ ရုတ်တရက်ဆိုတော့ အံ့သြသွား

www.burmeseclassic.com

www.burmeseclassic.com

လို့ပါ။ ကျွန်တော်တို့အဆက်အသွယ်မရှိတာ ကြာပြီလေ။ မမစိမ်းကို မဆက်သွယ်ဖို့ မမစိမ်းရှိတဲ့ပတ်ဝန်းကျင်ကို မလာဖို့ စည်းကမ်းတွေ ချထားတာဆိုတော့ အခုလိုဖုန်းဆက်လာတော့ အရမ်းအံ့သြနေတာ။ ကျွန်တော်က ကတိတည်တဲ့ကောင်ပါ၊ လူကောင်းတစ်ယောက်လို့ ကိုယ့်ကိုယ်ကို မပြောချင်ပေမယ့် သစ္စာတော့ ရှိပါတယ်ဗျာ. . . ဟဲဟဲ''

ဒေါ်ရွှက်စိမ်းနှမှာ ကြားလိုက်ရသော အထွေအငေါ့စကားတွေကြောင့် နားကြားပြင်းကပ်ကာ အော်ဂလီဆန်မိသော်လည်း မကင်းရာမကင်းကြောင်းတွေမို့ ကျိတ်မှိတ်သည်းခံလိုက်ရသည်။

''အဲဒါတွေ ပြောမနေပါနဲ့တော့. . . အခု ကျွန်မ ဘယ်လောက်ခေါင်းမီးတောက်နေရသလဲ ရှင်သိရဲ့လား''

''ဘယ်လို မမစိမ်း၊ မမစိမ်း ဘာကိုဆိုလိုတာလဲ''

''ရှင့်ကို ကျွန်မခိုင်းတဲ့ကိစ္စ အောင်မြင်တာ သေချာရဲ့လား''

''ဘာကိစ္စများလဲ. ကျွန်တော်ကတော့ မမစိမ်းနဲ့ ကျွန်တော့်ကြားက အလုပ်သဘောအရ အပေးအယူကိစ္စတွေကို မမ

စိမ်းဆန္ဒအတိုင်း မေ့ထားတာ ကြာနေပြီ''

''အဲဒါတွေပြောပြီး ခနဲ့နေရမယ့်အချိန်မဟုတ်ဘူး ကို အောင်သက်။ ရှင့်ကို ကျွန်မခိုင်းခဲ့တာ ဘယ်လောက်များလို့လဲ။ သူရိယကို ရှင်အပြတ်ရှင်းခဲ့တာလေ။ အဲဒီကိစ္စ အောင်မြင်တာ သေချာရဲ့လားလို့ မေးနေတာ''

ဒေါ်ရွှက်စိမ်းနှရဲ့စကားအဆုံးမှာ တစ်ဖက်က ခပ်တိုးတိုး ရယ်သံကိုသာ တုန့်ပြန်လေသည်။

''ဟင်း၊ ဟင်း. . . မမစိမ်းကြည့်ရတာ နေ့ခင်းကြောင်တောင်ကြီးမှာ အိပ်မက်ဆိုးတွေမက်ပြီး လန့်နိုးလာတယ်ထင်တယ်။ ဘာတွေလာမေးနေရတာလဲ, သူရိယရဲ့စျာပနကို မမကိုယ်တိုင် အောင်မြင်စွာ ကျင်းပပေးခဲ့တာမှတ်လား။ ခင်ပွန်းသည်နဲ့ တစ်ဦးတည်းသောသားကလေးကို စွန့်လွှတ်ဆုံးရှုံးလိုက်ရလို့ ပြောမပြတတ်အောင် ပူဆွေးဝမ်းနည်းနေတဲ့ မမစိမ်းရဲ့ရှိုက်သံတွေကို ခုထိတောင် ပြန်ကြားနေရတုန်းပဲ. . . ဟဲဟဲ''

''တော်စမ်းပါရှင်. . . အပိုတွေ လာပြောမနေစမ်းပါနဲ့။ ကျွန်မမေးတာပဲ,ဖြေ၊ သူရိယ သေတယ်ဆိုတာ တကယ်ဟော

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ရဲ့လား။ ရေခဲတိုက်ကိုလိုက်သွားတော့ မီးလောင်ထားလို့ ရုပ်ပျက်ဆင်းပျက်အလောင်းနှစ်လောင်းပဲ တွေ့ခဲ့ရတာ၊ သူရိယ ပါလို့ ဘယ်သူမှ တပ်အပ်မပြောနိုင်ဘူးလေ''

''ဒါပေမဲ့ မီးလောင်တဲ့ကားပေါ်မှာ တွေ့ရတဲ့ပစ္စည်းတွေနဲ့ မီးမလောင်ဘဲ ကျန်နေတဲ့အိတ်ထဲက မှတ်ပုံတင်တွေ ပတ်စ်ပို့တွေက သူရိယရဲ့ပစ္စည်းတွေပဲဟာ။ ဒီအပြင် ခိုင်လုံတဲ့သက်သေ ဘာရှိဦးမလဲ''

အောင်သက်ရဲ့စကားက အမှန်ပင်ဖြစ်နေတာမို့ ဒေါ်ရွှက် စိမ်းနုမှာ ဘာပြောရမှန်းမသိ။ ခဏတော့ ငိုင်သွားရလေသည်။ သို့သော်လည်း နေ့လယ်က မြင်တွေ့ခဲ့ရသည့်အဖြစ်အပျက်က တော့ သူမကို ကောင်းကောင်းခြောက်လှန့်နှိပ်စက်နေခဲ့တ်။

''ဒါက မင်းအပြောပဲလေ၊ ငါသိချင်တာက သူရိယကို မင်းကိုယ်တိုင် ရှင်းပစ်လိုက်တယ်ဆိုတာ သေချာလား မသေချာ ဘူးလား ဆိုတာပဲ''

''ဆင်တစ်ကောင်လုံးတွေ့ပြီးမှ ဆင်ခြေရာ ရှာနေပြန် ပြီ မမစိမ်းရယ်။ ဒီကိစ္စတွေပြီးခဲ့တာ ခြောက်လတောင် ကျော်နေ

ပြီပဲ။ မမစိမ်းကိုယ်တိုင်ပဲ သူရိယသေတဲ့ကိစ္စကို အတည်ပြုပြီး သင်္ကြံလိုက်တာမဟုတ်ဘူးလား။ ခုမှ ဒါတွေဘာလို့အစပြန်ဖော်ချင် ရတာလဲ။ ကိုယ့်လည်ပင်းကို ကြိုးကွင်းစွပ်မယ့်ကိစ္စကြီးကို မေ့ပစ်လိုက်စမ်းပါဗျာ''

''မေ့ပစ်ချင်တိုင်း မေ့ပစ်လို့မရဘူး ကိုအောင်သက်၊ အခု ကျွန်မလည်ပင်းကို ကြိုးကွင်းစွပ်မယ့် လူတစ်ယောက်ကို တွေ့ ထားတယ်။ ဒီနေ့ပဲ ကျွန် ရိယကိုတွေ့ခဲ့တယ်''

''ဗျာ!...''

''ဟုတ်တယ်. သူရိယမှ သူရိယအစစ်ပဲ။ ကျွန်မဆီမှာ ရှိတဲ့ သူ့ဓာတ်ပုံတွေနဲ့ ဒီနေ့ခိုးရိုက်လာတဲ့ဓာတ်ပုံတွေကို တိုက် ကြည့်တာ အတူတူပဲ။ သူ ကျွန်မကိုကြည့်တဲ့အကြည့်တွေကိုက ကျွန်မကို သွေးပျက်တုန်လှုပ်စေခဲ့တာ''

''ဒါကတော့ လူတူမရှား နာမည်တူမရှားပဲဗျာ။ ရုပ်ချင်း ဆင်တာရော မဖြစ်နိုင်ဘူးလား''

''ရုပ်ချင်းဆင်တာ ထားပါတော့၊ အသက်အရွယ်တွေ အငနဲအထားတွေပါ တူနေတာကျတော့ရော။ ဒီကိစ္စ ပေါ့သေး

www.burmeseclassic.com

www.burmeseclassic.com

ပြီး စုံစမ်းထားမယ်. . . ဒါပဲ''

''ကောင်းပါပြီဗျာ''

ဖုန်းပြောအပြီးမှာ ဒေါ်ရွှက်စိမ်းနဲ့ အိမ်ဖော်ကောင်မလေး လာပို့သော သံပုရာရည်ကို ယူသောက်လိုက်သည်။ စိတ်လှုပ်ရှားမှုက ခုထိမပြယ်သေးချေ။

သူမ ပြုလုပ်ခဲ့သည့် မကောင်းမှုအတိတ်ဆိုးက အရိပ်လို လိုက်နေတုန်း၊ အစဉ်သဖြင့် ထိတ်လန့်တုန်လှုပ်နေရတာမို့ သွေးတိုးတွေ နလုံးတွေပင် ဖြစ်ချင်နေပြီလားမသိ။

☺☺☺

သေးလုပ်လို့မရဘူး။ ကောင်လေးကို ကျွန်မတို့အသိုင်းအဝိုင်းက လူတွေ ဘယ်လောက်များ တွေ့ထားပြီးပြီလဲမသိဘူး။ ကျွန်မ စိုးရိမ်တာ အဲဒါပဲ''

''မဖြစ်နိုင်ပါဘူး မမစိမ်းရယ်၊ သူသာ သူရိယဆို အိမ်ပြန်လာမှာပေါ့။ သူ့အဖေရဲ့စီးပွားရေးကို ဦးစီးဖို့ သူက တစ်ဦးတည်းသော မျိုးဆက်ပဲဟာ''

''တော်စမ်းပါ, အဲဒါတွေ ကျွန်မ မကြားချင်ဘူး။ သူဟာ အကြံအစည်တစ်ခုခုကြောင့် ဇာတ်မြှုပ်နေတာရော မဖြစ်နိုင်ဘူးလား။ ဦးခွန်သူရ ပြောပုံအရ သူ့သားက အသက်ငယ်ပေမယ့် အတွေးအခေါ်ညံ့တဲ့သူမဟုတ်ဘူးတဲ့။ အဲဒါတွေစိုးရိမ်လို့ သူ့ကို ကျွန်မအပြတ်ရှင်းခိုင်းခဲ့တာ။ သူမသေဘူးဆိုရင် ပြဿနာတွေက အကုန် မီးခိုးကြွက်လျှောက် ပေါ်ကုန်တော့မှာ''

''ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ မမစိမ်းရယ်။ ကျွန်တော် စုံစမ်းကြည့်ပါဦးမယ်''

''ကျွန်မကတော့ စိတ်တွေ လေးတယ် ကိုအောင်သက်၊ အဲဒီကိစ္စကို ဂရုစိုက်စုံစမ်းပါ။ ကျွန်မလည်း ကျွန်မလူတွေလွှတ်

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

"မြတ်မိုး"

"ဆို. . . ဘာကိစ္စလဲ"

မြတ်မိုးက သူ့ရဲ့ရေဒီယိုအစုတ်လေးကို တဂျစ်ဂျစ်မြည်အောင် ကလိရင်း သူ့ကိုမေးဆတ်ပြသည်။

"ငါတော့ မမကိုချစ်မိနေပြီထင်တယ်"

"မမကရော မင်းကိုချစ်နေလားမှမသိတာ"

"ဘာ! ဘယ်လို"

"ဟုတ်တယ်လေ. . . စတွေ့တွေ့ချင်းပဲ သူက မင်းကို

www.burmeseclassic.com

www.burmeseclassic.com

ပိုက်ဆံတွေအများကြီးပေးတယ်။ သူ့ကားကိုညစ်ပတ်အောင် လုပ်တာတောင် စိတ်မဆိုးဘဲ မင်းကို အလုပ်ခေါ်ပေးတယ်။ အဲဒါ မင်းကိုချစ်လို့ပေါ့''

သူ သက်ပြင်းရှိုက်ရင်း ခေါင်းရမ်းလိုက်မိလေသည်။

''ချစ်တယ်ဆိုရင်လည်း မမက ငါ့ကို မောင်လေးတစ်ယောက်လို ချစ်တာပဲနေမှာပါကွာ။ ငါကတော့ မမကို ချစ်သူတစ်ယောက်လို စိတ်ကူးယဉ်နေမိတာ။ ငါ မမကိုချစ်မိတာ မှားလားဟင်''

''မသိဘူးလေ''

မြတ်မိုးရဲ့ တုံးတိတိအဖြေကားကြောင့် သူ စိတ်ဓာတ်အကြီးအကျယ်ကျသွားမိလေတော့သည်။

''မင်းကလည်း အဲလိုပဲပြောရလား။ တကယ်ဖီးလ်ပျက်တယ်''

''ဩော်, ဒုက္ခပဲ၊ ငါမှမသိတာ မသိဘူးပေါ့။ မင်းနဲ့နေ့တိုင်းတွေ့နေရတာ ကိုယ့်ကိုချစ်လားမချစ်လား အကဲခတ်ပေါ့''

''ငါအကဲခတ်မိသလောက်တော့ မမက ငါ့ကိုမောင်လေး

တစ်ယောက်လို သနားချစ်, ချစ်နေတယ်ထင်တာပဲ''

''အဲဒါဆိုလည်း ရှင်းနေတာပဲလေကွာ။ မင်းလည်း မမကို အစ်မတစ်ယောက်လို ချစ်လို့ရတာပေါ့''

''အဲလိုကြီးတော့ ခံစားလို့မရဘူးကွ''

မြတ်မိုး နှုတ်ခမ်းကိုတွန့်မဲ့ရင်း ရေဒီယိုကို နား, နား ကပ်လျက် ဟိုဘက်လှည့်သွားလေသည်။

''တကယ်တော့ အချစ်ဆိုတာ အရမ်းထူးဆန်းတယ်ကွာ။ ကိုယ်တိုင်မသိလိုက်ခင် သူက စိတ်ထဲရောက်နှင့်နေပြီ။ တကယ်တမ်း သိလိုက်ရတဲ့အချိန်ကျတော့. . . ''

''ဟော, မိပြီ မိပြီ၊ FM ကိုဖမ်းနေတာ ရပြီကွ။ သီချင်းတွေ ကောင်းမှကောင်း''

သူ့စကားမဆုံးခင် မြတ်မိုးရဲ့ ဝမ်းသာအားရအော်သံကြီးကြောင့် ရှေ့မဆက်နိုင်ဘဲ တစ်ဝက်တစ်ပျက်နဲ့တင် ရပ်လိုက်ရလေတော့သည်။

''တော်ပြီကွာ, မင်းနဲ့ပြောရတာ ဘာမှန်းကိုမသိဘူး။ သွားမယ်. . . အလုပ်သွားတော့မယ်''

www.burmeseclassic.com

www.burmeseclassic.com

"အဲ, အလုပ်ဆိုလို့ ငါအလုပ်ပြန်ဆင်းတော့မယ်, သိလား။ လက်ကောင်းသွားပြီ"

"သဘောပဲ"

သူ နောက်လှည့်မကြည့်ဘဲ အော်ရင်း အိမ်ပေါ်က ဆင်းလာခဲ့သည်။ မြတ်မိုးက သူ့ကိုကြည့်ပြီး ရယ်မောရင်း ကျန်ခဲ့လေသည်။

"အလကားကောင်, ဘာမှတိုင်ပင်လို့မရဘူး"

အခုအရွယ်ထိ အချစ်ဆိုတာကို မသိလို့ပဲလား, သိရက်နဲ့ မခံစားတတ်လို့လား, မေ့လျော့နေတာလားမသိ။ မြတ်မိုးက အ,ကို အ,လွန်းပါသည်။

မမတို့ကုမ္ပဏီတိုက်ခန်းရှေ့ရောက်တော့ သူ တစ်ချက် မော့ကြည့်လိုက်သည်။ ဒီမနက် မမကို အပန်းဖြေနေရာတစ်ခုခု လိုက်ပို့ပေးခွင့်ရချင်မိ၏။

မမကိုကြည့်ရတာ အလုပ်တွေပိပြီး ပင်ပန်းလွန်းလို့ပါ။ မမကတော့ အလုပ်ကိစ္စနဲ့တွေ့လျှင် ထမင်းမေ့ဟင်းမေ့ဖြစ်နေတတ်လေသည်။

သူသာ မမလို လုပ်ငန်းကြီးတစ်ခုလုံး ဦးဆောင်ခွင့်ရလျှင် မမလောက် ခံနိုင်ရည်ရှိပါ့မလားမသိ။

"ညီလေး"

ခေါ်သံကြောင့် သူ တအံ့တသြလှည့်ကြည့်လိုက်တော့ သူ့နောက်ကျောနားမှာ ရပ်နေသည့် ကိုအောင်သက်ကို တွေ့လိုက်ရလေသည်။

"ကိုယ်တို့ စကားနည်းနည်းလောက် ပြောကြရအောင်၊ ဒီနားမှာတော့ မဖြစ်ဘူး။ ဟိုရှေ့ကဆိုင်မှာ တစ်ခုခုသွားစားရင်း ပြောတာပေါ့"

"ကျွန်တော်တို့ ဘာမှပြောစရာမရှိဘူးထင်ပါတယ်"

အောင်သက်က သူ့ကိုကြည့်ပြီး ပြုံးလေသည်။

"ကိုယ်ကတော့ ညီလေးကိုပြောစရာစကားတွေ အများကြီးရှိနေတယ် သူရိယ"

"ကျွန်တော့်နာမည် သူရိယမဟုတ်ဘူး"

လိုအပ်တာထက်ပိုပြီး တင်းမာခက်ထန်နေသော သူ့လေသံကြောင့် ကိုအောင်သက်မျက်နှာက တစ်စုံတစ်ခုကို ပိုင်ပိုင်နိုင်

www.burmeseclassic.com

www.burmeseclassic.com

နိုင်သိထားသည့်ပုံစံဖြစ်သွားကာ...

''ဒီလိုလေသံတွေ ပြောပုံဆိုပုံတွေကတော့ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်က ကိုယ်ကိုယ်တိုင် လေဆိပ်ကို ကားနဲ့လိုက်ပို့ပေးခဲ့တဲ့သူရိယမှ သူရိယအစစ်ပါပဲ''

''တော်ပါဗျာ... ခင်ဗျား ကျွန်တော့်ဆီက ဘာလိုချင်လို့ အခုလို လိုက်နှောင့်ယှက်နေတာလဲ။ ကျွန်တော်က ခင်ဗျား ပြောတဲ့သူရိယမဟုတ်ဘူး''

''ကိုယ် ညီလေးဆီက ဘာမှမလိုချင်ပါဘူး။ ကိုယ်က ပဲ ပေးချင်ခဲ့တာပါ။ ညီလေးမှာ အကူအညီတစ်ခုခု လိုအပ်နေမယ်လို့ ကိုယ်ထင်တယ်။ ညီလေးရဲ့အဖေက ကိုယ့်ရဲ့ကျေးဇူးရှင်တစ်ယောက်ပါ။ ပြီးတော့ ကိုယ့်ကို သားသမီးလိုစောင့်ရှောက်ခဲ့တဲ့လူ၊ အဲဒီကျေးဇူးတွေကို ကိုယ် တစ်လှည့်ပြန်ဆပ်ပါရစေ''

''ခင်ဗျားပြောတဲ့ပုံပြင်တွေကတော့ နားဝင်ချိုပါတယ်။ ဒါပေမဲ့ အဲဒါတွေ တစ်ခုမှ ကျွန်တော်မသိတာ ဆိုးတယ်''

ဘယ်လောက်ပဲ ငြင်းငြင်း၊ အောင်သက်က လွယ်လွယ်နှင့်တော့ အလျော့မပေးဇာ့။

နောက်ဆုံးဘယ်လိုမှမရလျှင် သူသိသင့်သိထိုက်တာတွေ ဖွင့်ပြောပြီး အစ်အောက်ထုတ်ဖို့ပဲ ရှိတော့၏။ ဒီလိုကလေး သာသာကောင်လေးကို အညာကိုင်ဖို့က သိပ်တော့မခဲယဉ်းချေ။ သူ့အရှိုက်ကို ထိလောက်မည့် အကြောင်းအရာ စကားလုံးတို့ကိုသာ ရွေးချယ်ပြောတတ်ဖို့ လိုအပ်လိမ့်မည်။

''ဒီအချိန်မှာ ညီလေးအနေနဲ့ လူတွေကို အယုံအကြည်ကင်းမဲ့နေမယ်ဆိုတာ ကိုယ်နားလည်ပေးလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ညီလေးလို လူငယ်တစ်ယောက်မပြောနဲ့ ညီလေးအဖေ ဦးခွန်သူရတောင် သိုက်ဆရာ လေပေါ်တင်မိလို့ နောက်ကျော မားနဲ့ထိုးတာ ခံလိုက်ရသေးတာပဲ''

''ဘာ!''

ကိုအောင်သက်စကားက သူ့ကိုစိတ်လှုပ်ရှားသွားစေတာမို့ အထိတ်တလန့် ရေရွတ်လိုက်မိ၏။ ကိုအောင်သက်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း...

''ဟုတ်တယ်. ညီလေးရဲ့အဖေ သေရတာ သွေးရိုးသားရိုးမဟုတ်ဘူး... လုပ်ကြံခံရတာ''

www.burmeseclassic.com

www.burmeseclassic.com

"လုပ်ကြံခံရတာ?"

သူတယ်လိုမှ ကွန်ဖြေမဆည်နိုင်လောက်အောင် တုန်လှုပ်နေတာကိုကြည့်ပြီး ကိုအောင်သက် သက်ပြင်းရှိက်ချ။ ထို့နောက် သူ့ပခုံးကို ဖွဖွဖက်လိုက်ကာ...

"ဒီကိစ္စတွေကို ရိပ်မိနေတဲ့ ဝန်ထမ်းတွေကို ဒေါ်ရွှက် စိမ်းနုက အလုပ်ထုတ်ပစ်လိုက်တယ်။ အဲဒီထဲမှာ ကိုယ်လည်း အပါအဝင်ပေါ့။ ခြံစောင့်ကြီးဦးမြိုင်တို့ လင်မယားရယ်၊ အိမ်အကူ ကောင်မလေးနှစ်ယောက်ရယ်၊ ပြီးတော့ ကိုယ်, အားလုံး အလုပ် ထွက်လိုက်ရတယ်။ ဦးခွန်သူရ ဆုံးပြီး တစ်လမပြည့်ခင်မှာပေါ့။ ဒါတွေကိုပြောပြဖို့ ညီလေးက သူရိယဟုတ်မဟုတ် ကိုယ့်ကို အမှန်အတိုင်း ဝန်ခံပါ။ တကယ်လို့ ကိုယ်ထင်သလိုမဟုတ်ခဲ့ရင်တော့ ကိုယ်တို့အားလုံး မျှော်လင့်နေတဲ့ အမှန်တရားတစ်ခုကို ဘယ်လိုမှ ဖော်ထုတ်ခွင့်ရတော့မှာ မဟုတ်တော့ဘူး။ ပျောက်ချင်းမလှ ပျောက်သွားခဲ့ရတဲ့ သူရိယနဲ့အတူ ဒေါ်ရွှက်စိမ်းနုရဲ့ ယုတ်မာပက်စက်မှုကြီးကလည်း တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားတော့မှာပါပဲ"

ဟု ကြေကွဲ ဆွေးမြေ့စွာ ပြောလိုက်သောစကားအဆုံး ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော မျက်ရည်စတွေက မျက်ဝန်းမှာ တွဲခိုနေလေသည်။

"ဖေဖေ ဘယ်လိုဆုံးရတာလဲ ပြောပြပါဦး"

အောင်သက် ခေါင်းညိတ်လိုက်သည်။

"ဒါဆို ညီလေးက သူရိယပေါ့နော်၊ ဟား... ဝမ်းသာလိုက်တာကွာ။ ညီလေးကို အားလုံးက သေပြီလို့ လက်ခံထားတာ, ကိုယ်ကတော့ ညီလေးမသေဘူးလို့ လုံးဝယုံကြည်တဲ့လူ၊ အခုတော့ ကိုယ့်ယုံကြည်ချက်တွေ မှန်နေပြီပေါ့။ ညီလေးပြန်လာမယ့်နေ့က လေဆိပ်မှာ ကိုယ်ကိုယ်တိုင် သွားကြိုခဲ့တာ။ ဒါပေမယ့် ကိုယ်နောက်ကျသွားတယ်လေ။ ညီလေးက တခြားကားတစ်စီးနဲ့ ပါသွားပြီ။ အဲဒီကားကလည်း လမ်းမှာ ချောက်ထဲကျမီးလောင်ပြီး ပါသွားတဲ့လူနှစ်ယောက်ပါ ရုပ်ပျက်ဆင်းပျက်သေနေတော့ ညီလေးပဲဆိုပြီး..."

"ကျွန်တော် သတင်းစာထဲမှာ နာရေးသတင်း ဖတ်လိုက်ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့များ ဘာလို့ပြန်မလာတာလဲကွာ"

အောင်သက်စကားအဆုံး သူ နာကျင်စွာ ပြုံးလိုက်မိ၏။

"ကျွန်တော် အိမ်ပြန်ချင်စိတ် မရှိတော့လို့ပါ။ ပြီးတော့ ကျွန်တော့်ဘဝမှာ အခင်တွယ်ရဆုံး ဖေဖေလည်း မရှိတော့ဘူးလေ။ ကျွန်တော်မသိမမြင်ဖူးတဲ့ သူစိမ်းမိန်းမတစ်ယောက်ဆီကို ကျွန်တော် ဘယ်လိုပြန်သွားမလဲ၊ ပြီးတော့ လောကကြီးမှာ လူယုံဆိုတာ ဘယ်နေရာမှာမှ မရှိဘူးဆိုတာ ကျွန်တော်သိလိုက်ရလို့ အဲဒီအသိုင်းအဝိုင်းနဲ့ဝေးရာကို ရှောင်ထွက်သွားခဲ့တာပါ"

သူ့စကားကြောင့် ကိုအောင်သက်မျက်နှာက မသိမသာပျက်ယွင်းသွားလေသည်။

"ညီလေးပြောတာတွေ မှန်ပါတယ်၊ ဒါပေမဲ့ ကိုယ်ပြောပြတာတွေကို နားထောင်ပါဦး"

"တခြားအကြောင်းအရာတွေ မသိချင်ပါဘူး၊ ကျွန်တော် မရှိတဲ့အချိန် ကျွန်တော့်အဖေ ဘယ်လိုဆုံးသွားသလဲဆိုတာပဲ ပြောပြပါ"

"ပြောပြပါ့မယ်၊ တကယ်တော့ ညီလေးရဲ့အဖေ၊ ဆွက်

စိမ်းနုဆိုတဲ့မိန်းမလည် မိန်းမရွှပ်တစ်ယောက်နဲ့ လက်ထပ်လိုက်မိရာကစပြီး အားလုံးမှားတော့တာပဲ။ အဖြစ်က ဒီလိုပါ"

☺☺☺

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၅)

''ဘာပြောတယ် အစ်ကိုကြီး၊ စိမ်းက အစ်ကိုကြီးကို ကွာရှင်းပေးရမယ်, ဟုတ်လား''

မွက်နှာမှာ အသက်အရွယ်နဲ့မလိုက်အောင် ရောင်စုံကာလာတွေ ပြိုးပြက်လင်းလက်နေသည့် ရွက်စိမ်းနုမျက်နှာက ရုတ်ချည်းပင် အုံဆိုင်း ညှိုမှောင်သွားသည်။

''စကားကို စဉ်းစဉ်းစားစားပြောနော်၊ အစ်ကိုကြီးနဲ့ စိမ်းလက်ထပ်ခဲ့တာ ခြောက်လတောင်မပြည့်သေးဘူး, ဒါ ကလေးကစားနေတာမဟုတ်ဘူး။ ယောကျ်ားတစ်ယောက်ကို ခုလက်

www.burmeseclassic.com

www.burmeseclassic.com

ထပ်, ခုကွာရှင်းရအောင် စိမ်းကို ဘယ်လိုမိန်းမစားမှတ်နေလဲ''

''ဘယ်လိုမိန်းမစားလဲဆိုတာ မင်းကိုယ်မင်း အသိဆုံး ဖြစ်မှာပဲ ရွက်စိမ်းနု။ ငါ စကားတွေကို အပိုမပြောချင်ဘူး''

''အစ်ကိုကြီးမပြောချင်လည်း စိမ်းကတော့ ပြောရမှာ ပဲ... ဘာအကြောင်းနဲ့မှ စိမ်း, အစ်ကိုကြီးနဲ့ မကွာရှင်းနိုင်ဘူး။ အစ်ကိုကြီး မပေါင်းချင်တိုင်း စိမ်းကို အလွယ်တကူစွန့်ပစ်လို့ ရမယ်မထင်နဲ့''

ရွက်စိမ်းနုရဲ့စကားအဆုံး ဦးခွန်သူရ တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်မိသည်။

''ငါ မင်းကိုဆက်မပေါင်းနိုင်တော့ဘူး ရွက်စိမ်းနု။ ငါ့ ဂုဏ်သိက္ခာနဲ့ငါ ဒီအသိုင်းအဝိုင်းကြားမှာ ရပ်တည်လာခဲ့တာ၊ အခု မင်းနဲ့လက်ထပ်ပြီးမှ ငါ့ကို အားလုံးက ကဲ့ရဲ့ဝေဖန်ကုန်ကြပြီ။ မဇီးထင်ရာလုပ်နေတာတွေကို ရပ်တန်းကရပ်ဖို့ ငါအတန်တန် သတိပေးခဲ့တယ်။ ဒါပေမဲ့ မင်း နားမထောင်ဘူး။ ဒီတစ်ကြိမ်တော့ ငါဆက်ပြီးသည်းမခံနိုင်တော့ဘူး။ မင်းလိုချင်တာယူပြီး ဒီကထွက်သွားပါ''

ဦးခွန်သူရစကားကြောင့် ရွက်စိမ်းနု တစ်ချက်မဲ့လိုက်၏။ လိုချင်တာ ယူသွားတဲ့။ ဟွန်း... သူများကြားရင် သဘောထားကြီးလှချည်လား ထင်နေဦးမယ်။ သူယူသွားဆိုတဲ့အထဲမှာ လက်ဝတ်လက်စားနဲ့ငွေတွေအပြင် ဘာရှိဦးမှာလဲ။ စာရွက်စာတမ်းတွေထဲက ရိုင်ခွင့်တွေ၊ မီးခံသေတ္တာထဲကဟာတွေကျတော့ ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး ရွက်စိမ်းနုကို ဒီလိုလာနှင်လို့ ရမလား။

အစကတည်းက ချစ်လို့ယူထားခဲ့တာမဟုတ်။ အတင်းအကျပ်ခွင်ဆင်ပြီး ဖမ်းယူခဲ့ရပြီးမှ လွယ်လွယ်နဲ့အလျော့ပေးရင် ရာဇဝင်ရိုင်းသွားမှာပေါ့။

''စိမ်း ဘာမှမလိုချင်ဘူး, ဒီကလည်း ထွက်မသွားနိုင်ဘူး။ မနှင်ပါနဲ့အစ်ကိုကြီးရယ်... စိမ်းမှာ အစ်ကိုကြီးရဲ့ရင်ခွင်ကလွဲပြီး တခြားခိုလှုံစရာမရှိပါဘူး''

သူမ မာယာတွေ ထုတ်သုံးလိုက်၏။ ဒီလိုအခြေအတင် တွေဖြစ်ကြတိုင်း သူမက လေပြည်သွေးလိုက်တာနှင့် ဦးခွန်သူရ သက်ပြင်းတွေချပြီး အလျော့ပေးလိုက်တာပင်။

www.burmeseclassic.com

www.burmeseclassic.com

"အဲလိုမစွပ်စွဲနဲ့၊ စိမ်းနဲ့ကိုနိုင်က ရိုးရိုးသားသား..."

"မင်းထပ်မပြောနဲ့၊ မင်းကို ငါအသားလွတ်ပြောနေတာ မဟုတ်ဘူး။ ဒီမှာကြည့်"

ဦးခွန်သူရက လက်ဆွဲအိတ်ထဲမှ စက္ကူအိတ်အညိုကြီး ကိုထုတ်ကာ ရွက်စိမ်းနရှေ့ ပစ်ချပေးလိုက်၏။ စာအိတ်ထဲမှ ထွက်ကျလာတာက သူမနှင့်နိုင်မင်းတို့၏ စုံတွဲပုံများပင်ဖြစ်သည်။

လက်ချင်းတွဲလျှောက်နေပုံ၊ ပွေ့ဖက်ထားကြပုံတွေက မိုးမမြင်လေမမြင် ကြည်နူးပျော်ရွှင်နေသော သမီးရည်းစားတွေ ဆိုတာ ငြင်းမရအောင် သက်သေခံနေတာမို့ ရွက်စိမ်းနမှာ တုန်လှုပ် ထိတ်လန့်သွားလေတော့သည်။

"ဒါ... ဒါတွေ ဘယ်ကရ..."

"အဲဒါတွေ ငါ့ကိုမမေးနဲ့၊ မင်းအပြစ်ကိုသိရင် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီး ဒီကနေ ထွက်သွားတော့"

အဆုံးစွန်အထိ ပြတ်သားမာကျောနေပြီဖြစ်သော ရာဇသံကြောင့် ရွက်စိမ်းနအကြီးအကျယ်တုန်လှုပ်သွားရလေတော့သည်။ ဒီကထွက်မသွားရရေးအတွက် အနုနည်း အကြမ်းနည်း

"တော်စမ်း! ရွက်စိမ်းနဲ့၊ လျှာအရိုးမရှိတိုင်း ပလီပလာတွေ ပြောမနေနဲ့၊ မင်း ဘယ်ခြေလှမ်းနေတယ်ဆိုတာ ငါသိတယ်၊ မင်းစိတ်ကြိုက် ငွေတွေကို ဘယ်လောက်သုံးသုံးဖြုန်းဖြုန်း ငါလက်ပိုက်ကြည့်နေခဲ့တယ်။ အခု မင်းလုပ်ရပ်က လွန်သွားပြီ။ ဒါ အိမ်ထောင်ရေးဖောက်ပြန်မှုကွ, နားလည်လား"

ရွက်စိမ်းနမျက်နှာ ကွက်ခနဲပျက်သွားပြီးနောက် ချက်ချင်းပင် ပြောင်းလဲပြင်ဆင်လိုက်ကာ...

"ကြော်, ဘာများလဲလို့၊ အစ်ကိုကြီးက ကိုနိုင်နဲ့စိမ်းကို အထင်လွဲနေတာကိုး။ ကိုနိုင်က စိမ်းနဲ့ကျောင်းနေဘက်သူငယ်ချင်းတွေပါ၊ အစ်ကိုကြီးရယ်။ တက္ကသိုလ်ရောက်တဲ့အထိ မောင်နှမလို ခင်မင်ရင်းနှီးခဲ့ကြတာ။ ဘာလဲ... အစ်ကိုကြီးက သဝန်တိုနေတာလား"

"မင်းပါးစပ် ပိတ်လိုက်စမ်း! မင်း ငါ့ကို လိမ်ညာရတာ အားမရလို့ နားဖားကြိုးထိုးချင်နေတာလား။ ငါ့အရိပ်မှာနေ, ငါ့စီးပွားဖြုန်းနေပြီး ဖောက်ပြန်နေတဲ့မိန်းမ။ ထွီ... မင်းကို ငါရွံတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဘာပြောတယ်, မင်းဘာပြောလိုက်တယ်၊ ဟေ့! ဒီမှာ ရွက်စိမ်းနှ, မင်းပါးစပ်နဲ့တန်တဲ့စကားကိုရွေးသုံး။ ကိုယ့်အကျင့် စာရိတ္တနဲ့ ပြောတဲ့စကားတွေ လိုက်ဖက်ညီရဲ့လားဆိုတာ ကိုယ် တိုင်ပဲ သုံးသပ်ကြည့်ဦး"

"ဘာပဲဖြစ်ဖြစ်လေ, အစ်ကိုကြီး စိမ်းကိုကွာချင်တယ် ဆိုရင် လင့်ဥစ္စာ မယားပိုင်ဆိုသလို အစ်ကိုကြီးပိုင်ဆိုင်တာတွေ ထဲက တစ်ဝက်တိတိ ခွဲပေးရမယ်။ စိမ်းက အစ်ကိုကြီးရဲ့တရား ဝင်ဇနီးဆိုတာ မမေ့နဲ့ဦး။ အတတ်တစ်ထည့် ကိုယ်တစ်ခုနဲ့ ဆင်း သွားရအောင် စိမ်း မအသေးဘူး"

မျက်နှာရှေ့မှာ လက်ညှိုးတစ်ချောင်းကို ဘယ်ညာရမ်း လျှက် မျက်လုံးအစုံကို မှေးစင်းကာ ပြောလိုက်သော ရွက်စိမ်းနု စကားကြောင့် ဦးခွန်သူရမှာ ခေါင်းထဲ မိုက်ခနဲပင် ဖြစ်သွားရလေ တော့သည်။

"တောက်! မင်းဘာစကားပြောတာလဲ၊ ငါ့လက်ထဲမှာ ရှိနေတဲ့အထောက်အထားတွေအရ မင်းအကောင်ကို မယားခိုး မှုနဲ့ ထောင်ထဲပို့ပစ်လို့ရတယ်ကွ၊ နားလည်လား"

တွေနဲ့ အလျော့အတင်းလုပ်ပြီး အချိန်ဆွဲခဲ့လို့သာ အိမ်ထောင် သက်က ခြောက်လထိ ခံနေတာဖြစ်သည်။ ပြီးတော ဦးခွန်သူရ ရဲ့ရည်ရွယ်ချက်တွေ စိတ်ဆန္ဒတွေကို သူမ ကောင်းကောင်းနား လည်သည်။

မကြာခင်မှာ သူ့ရဲ့တစ်ဦးတည်းသောသားလေး နိုင်ထွန်း ကနေ ပြန်လာတော့မှာဖြစ်သည်။ သူ့သားပြန်လာမှာမို့ သူမကို ဒီမှာ ရှိမနေစေချင်။ ထို့ကြောင့် သူမ ဘယ်သွားတယ်, ဘာလုပ် တယ်, ဘယ်သူနဲ့တွဲနေတယ်ကအစ အသေးစိတ်လေ့လာကြည့် ခိုင်းပြီး ယခုလို သက်သေသက္ကယအစုံနှင့် အတိတလင်းကွာရှင်း ခွင့်, တောင်းလာခြင်းဖြစ်ရမည်။

အကြံကတော့ ပိုင်ပါ့ ဦးခွန်သူရရယ်။ ဒီကလည်း ရွက် စိမ်းနုပဲလေ. . . တွေ့ကြသေးတာပေါ့။

"ပြောတာလွယ်လှချည်လား အစ်ကိုကြီးရဲ့။ အိမ်ထောင် တစ်ခုကို ထူထောင်ထားပြီဆိုရင် ကိုယ့်အိမ်ထောင်ဖက်ရဲ့ ကောင်း မွေဆိုးမွေကိုတော့ ခံရမှာပဲလေ။ ဒီလိုလွယ်လွယ်နဲ့ ကွာရှင်းပြတ် စဲဖို့ လွယ်မလား"

www.burmeseclassic.com

www.burmeseclassic.com

ရှင်ကိုယ်တိုင် လူသိရှင်ကြားယူတဲ့မိန်းမ။ ကျွန်မ တောင်းဆိုနေတာတွေကို အသာတကြည်မပေးဘူးဆိုရင် သက်ဆိုင်ရာကနေ တောင်းမယ်၊ ဒါမှမရရင် ရွက်စိမ်းနုတို့က မစားရတဲ့အမဲ, သဲနဲ့ ပက်ဖို့ ဝန်မလေးဘူးဆိုတာ ရှင်မှတ်ထား''

''ဖြန်း!. . .''

ဦးခွန်သူရရိုက်ချက်ကြောင့် ရွက်စိမ်းနု နောက်ကို လည်ထွက်သွားသည်။ ချက်ချင်းလို ခေါင်းပြန်မော့လာတော့ ကျားနာတစ်ကောင်လိုအကြည့်တွေက ရိုင်းစိုင်းခက်ထန်နေသည်။

''အလကားလူကြီး. . . ကိုယ့်ဥ ကိုယ်သိတတ်နေလိုက်တာ။ ကြည့်ထား! ရှင့်ရဲ့သား‌ရဲ့အနာဂတ်ကို ရစရာမရှိအောင် ဖျက်ဆီးပြဦးမှာ''

''တောက်! ကဲကွာ''

ဦးခွန်သူရဲ့ နောက်တစ်ကြိမ်ရိုက်ချက်က သူမပါးပြင်ပေါ်သို့ ရောက်မလာတော့။

သူမက ရှောင်လိုက်သောကြောင့် ဦးခွန်သူရမှာ အရှိန်မထိန်းနိုင်ဘဲ လဲကျသွားတော့တ၏။ ထိုအချိန်မှာပင် နဂိုရောဂါအခံ

ဘယ်လိုပဲပြောပြော ရွက်စိမ်းနုကတော့ နည်းနည်းမှ မမှုချေ။

''ဒါကတော့ အစ်ကိုကြီးသဘောပဲလေ၊ စိမ်းပြောနေတာ စိမ်းအတွက် စိမ်းရပိုင်ခွင့်တွေအတွက် ပြောနေရတာ''

''မင်းလိုမိန်းမယုတ်ကို ဘာမှမပေးနိုင်ဘူး။ ငါပိုင်ဆိုင်သမျှကလည်း ငါ့သားအတွက်ချည်းပဲ။ မင်းနဲ့လက်ထပ်ပြီးမှ အတူလက်တွဲရှာဖွေခဲ့တဲ့ပစ္စည်းဥစ္စာဆိုလို့ ခြူးတစ်ပြားတောင် မရှိဘူး။ ငါ့မိန်းမ ခင်ယုယရှိစဉ်ကတည်းက သူ့မိဘတွေ ထားခဲ့တဲ့အမွေအနှစ်နဲ့ တိုးပွားအောင် လုပ်ထားတာ၊ ဒါတွေအားလုံး ငါ့သားသူရိယနဲ့ပဲ ဆိုင်တယ်''

ဦးခွန်သူရစကားအဆုံး နှုတ်ခမ်းကို ခပ်ကြိတ်ကြိတ်ဖိကိုက်ပစ်လိုက်သည်။ ရွက်စိမ်းနုမျက်နှာက မဲ့ခနဲဖြစ်သွားသည်။

ကျိတ်မနိုင်ခဲမရ ဒေါသထွက်သွားသည့်မျက်လုံးအစုံမှာ မီးတောက်မီးလျှံတွေ ထွက်လုမတတ် စူးရှတောက်ပြောင်နေကြသည်။

''ဒီကလည်း ရှင် တရားဝင်လက်ထပ်ယူထားတဲ့ မိန်းမ၊

www.burmeseclassic.com

www.burmeseclassic.com

က ထဖောက်လာတော့သည်။

ရင်ဘတ်ကိုဖိလျက် အသက်ကို ခက်ခဲပင်ပန်းစွာ ရှူနေရသော ဦးခွန်သူရကိုကြည့်ပြီး ရွှက်စိမ်းနု မဲ့ပြုံး,ပြုံးလိုက်သည်။

''ငါ့...ငါ့ဆေး''

ဦးခွန်သူရရဲ့စကားသံက ပီသသဲကွဲခြင်းမရှိတော့။ မျက်လုံးတွေက ချာချာလည်နေသည်။ ထိုအဖြစ်ကိုကြည့်ပြီး ရွှက်စိမ်းနု ဟားတိုက်ရယ်ပစ်လိုက်သည်။ သူမရဲ့လက်တစ်ဖက်က စားပွဲပေါ်မှ ဆေးဘူးကို လှမ်းယူလိုက်ရင်း ဦးခွန်သူရ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။

''သိပ်ခံစားနေရမှာနော်၊ ကျွန်မတောင်းဆိုတာတွေကို အသာတကြည်လက်ခံရင်တော့ ရှင့်ကို ဆေးတိုက်ပါ့မယ်။ ဒီလို မှမဟုတ်ရင်''

''မင်း...မင်း မယုတ်မာနဲ့၊ ဆေး...ပေးစမ်း''

ဦးခွန်သူရမှာ ပုံမှန်မဟုတ်သော မိမိရဲ့နှလုံးခုန်သံကို စိုးရိမ်ဖွယ် ပြန်ကြားနေရတာမို့ ဆေးဘူးရှိရာကို လက်လှမ်းနေမိ၏။

ရွှက်စိမ်းနုက ဆေးဘူးကိုငဲထားသောလက်ကို နောက်သို့ ရုပ်လိုက်ပြီး...

''ဘယ်လိုလဲ ဦးခွန်သူရ၊ ကျွန်မပြောတာကို သဘောတူရဲ့လား''

''မင်း...ငါ့ကို အ...အား''

ဦးခွန်သူရမှာ ရုတ်တရက် မျက်ဖြူလန်ကျသွားပြီး ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေသော ရင်ဘတ်ကြီးက ငြိမ်သက်သွား၏။

''အစ်ကိုကြီး...အစ်ကိုကြီး''

ရွှက်စိမ်းနု, လက်ထဲက ဆေးဘူးကို လွှတ်ချပြီး ဦးခွန်သူရ၏ခန္ဓာကိုယ်ကို ပွေ့ထူလိုက်သည်။ ပူနွေးနေဆဲခန္ဓာကိုယ်က အသက်ဝိညာဉ် ပါမလာတော့။

သူမ စိုးရိမ်ထိတ်လန့်စွာ ပြန်လွှတ်ချလိုက်သည်။

''အစ်ကိုကြီး...အစ်ကိုကြီး, အမယ်လေး...လာကြပါဦး ဒေါ်အေးမိ...ဒေါ်အေးမိတို့ ဦးမြိုင်တို့ အစ်ကိုကြီးကိုခေါ်လို့မရတော့ဘူး...လာကြပါဦး''

အခန်းထဲမှာ ရွှက်စိမ်းနုရဲ့အော်ဟစ်ငိုယိုသံက ခေါ်ပွက်

www.burmeseclassic.com

www.burmeseclassic.com

သလို ဆူညံသွားသည်။

စောစောက အခန်းထဲမှာ အခြေအတင်စကားပြောဆို သံတွေ ကြားနေရတာမို့ ငြိမ်သက်နားစွင့်နေသော အိမ်ဖော်ကောင်မလေးများနှင့်အတူ ဦးမြိုင်တို့လင်မယားပါ အခန်းထဲ ဝင်လာသည်။

"လုပ်ကြပါဦး. . . အစ်ကိုကြီးကို ခေါ်လို့မရတော့ဘူး၊ ဆေးရုံပို့ပေးကြပါ. . . ဆေးရုံကိုပို့ပါ"

ရွက်စိမ်းနုရဲ့အော်ဟစ်အကူအညီတောင်းသံက အခန်းထဲမှာ လှိုင်နေသည်။

"မောင်အောင်သက်. ဒေါက်တာဖြိုးမင်းသော်ကို ဖုန်းဆက်ထားတယ် မမလေး"

"ဒေါက်တာက ဘယ်အချိန်လာမှာလဲ၊ ကျွန်မယောကျ်ားအတွက် စိုးရိမ်တယ်. ဆေးရုံပို့ဖို့လုပ်ပါ။ အစ်ကိုကြီး. . . အစ်ကိုကြီး"

ခင်ပွန်းဖြစ်သူအတွက် အရူးမီးဝိုင်း သောကရောက်နေသော ရွက်စိမ်းနုရဲ့အမူအရာတွေက ပီပြင်လွန်းလှသည်။

ခဏအကြာ ဒရိုင်ဘာ အောင်သက်နှင့်အတူ မိသားစုဆရာဝန်ဖြစ်သည့် ဒေါက်တာဖြိုးမင်းသော် ရောက်လာ၏။ ရောက်ရောက်ချင်း ဒေါက်တာက လိုအပ်သည့် စမ်းသပ်စစ်ဆေးမှုတွေကို အလျှင်အမြန်လုပ်သည်။

အားလုံး ရင်တထိတ်ထိတ်နှင့် ကြည့်နေစဉ်မှာပင် ဒေါက်တာက ရွက်စိမ်းနုကိုလှမ်းကြည့်သည်။

"ဦးခွန်သူရ အသက်မရှိတော့ဘူး၊ ဖြစ်ဖြစ်ချင်း ဆေးရုံပို့မယ်ဆိုရင် ရနိုင်ပေမယ့် အခု အရမ်းနောက်ကျသွားပြီ။ သူသတိရရင်တော့ ကျွန်တော်ပေးထားတဲ့ဆေးတွေကို သောက်ပြီး အခြေအနေမဆိုးအောင် ထိန်းထားလို့ရဦးမှာ။ အခုတော့ ဘယ်လိုမှ ကယ်လို့မရတော့ဘူး"

"အို!"

"ဟင်!"

"အမယ်လေး. . . အဖြစ်ဆိုးလိုက်တာ အစ်ကိုကြီးရယ်"

ရွက်စိမ်းနုမှာ တစ်ခွန်းမျှသာ တ.လိုက်နိုင်ပြီး အရုပ်ကြိုးပြတ် ခွေလဲကျသွားတော့တ၏။

www.burmeseclassic.com

www.burmeseclassic.com

ကောင်းလိုက်သည့် သရုပ်ဆောင်မှု။

အားလုံး ပျာယာခတ်သွားရသည်။ မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို သူမကိုကြည့်မရကြပေမယ့် လက်တလော အဖြစ်ကြောင့် စာနာသနားစွာ ဖေးမလိုက်ရပါတ်။

☺☺☺

အခန်း (၁၆)

''ညည်းဟာက သေချာရဲ့လား မိနှင်းရယ်''

''ချော်, မဟုတ်ဘဲပြောပါ့မလား ကြီးကြီးအေးမိကလည်း။ နှင်းယုကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားတာ။ ဆရာကြီးအတွက် သံပုရာရည်သွားပို့မလို့ အခန်းဝအရောက်, ဆရာကြီးက မမလေးကို ပါးရိုက်လိုက်တဲ့အသံကို ကြားရတာပဲ။ နှင်းယုအထင်တော့ မမလေးက ဆရာကြီးရိုက်တာကို မကျေနပ်လို့ တစ်ခုခုလုပ်လိုက်သလားပဲ''

''ဟယ်! တော်ပါ မိနှင်းရယ်၊ ညည်းဟာက မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

သေချာ''

''ဟုတ်ပါတယ် ကြီးကြီးအေးမိရဲ့၊ အဲဒီအချိန် နှင်းယုလည်း ကြောက်ပြီးပြန်လှည့်ပြေးလာတာ။ နှင်းယုသာ အခန်းထဲဝင်သွားရင် ဆရာကြီး တစ်ခုခုဖြစ်ချင်မှဖြစ်မယ်၊ ဆရာကြီး သနားပါတယ်နော်။ ကိုလေးသူရိယသာ ပြန်လာရင် အားလုံးပြဿနာတွေ ရှုပ်ကုန်တော့မှာပဲ''

''ဟဲ့, တော်ပြီ၊ ညည်းသိတာ ညည်းဝမ်းထဲထားတော့၊ လျှောက်ပြီး ပါးစပ်ဖွာမနေနဲ့။ ရွှက်စိမ်းနအကြောင်းလည်း သိသားနဲ့, အားလုံးရှုပ်ကုန်မယ်။ ဆရာကြီးလည်း ရှိတော့တာမဟုတ်ဘူး။ အိမ်မှာက ပြဿနာတွေ တက်နေတာ, သူရိယပြန်လာရင် ဘယ့်နယ်တွေ ဖြစ်ကုန်မယ်မသိဘူး''

''ဟုတ်ပါ့နော်''

ထမင်းစားခန်းထဲက တိုးတိုးတိတ်တိတ် အတင်းစကားများကို ကြားလိုက်ရသော ရွှက်စိမ်းနမှာ စိုးရိမ်တုန်လှုပ်ခြင်းနှင့် အတူ အကြံတစ်ခုပါ ခေါင်းထဲဝင်လာမိ၏။

''အင်း, အလုပ်သမားတွေကတော့ ငါ့ကို သဲသယဝင်

နေကြပြီ။ ဟိုကောင်လေး ပြန်လာရင် တစ်ဆင့်စကား တစ်ဆင့်နားနဲ့ အားလုံးပြဿနာတွေ ရှုပ်ကုန်လိမ့်မယ်။ ဒီတော့ ငါ ဘယ်လိုရှင်းပစ်ရင် ကောင်းမလဲ''

ရွှက်စိမ်းနမှာ ထမင်းစားခန်းဘက်မှ ထွက်လာခဲ့ပြီး ညည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ အကြံထုတ်နေမိ၏။

မဖြစ်ဘူး. . . ဒီကိစ္စကို လျှောတွက်ထားလို့မရဘူး။

တစ်အိမ်လုံးမှာရှိနေသည့် အလုပ်သမားငါးယောက်ကို ရှင်းပစ်ဖို့ဆိုတာ လွယ်ကူသောကိစ္စတစ်ခုတော့ မဟုတ်ချေ။ ဒီငါးယောက်ထဲကမှ သူမ စည်းရုံး သိမ်းသွင်းလို့ရမည့် လူယုံတစ်ယောက်ကို လက်ရွေးစင်ရွေးချယ်ထားဖို့လည်း လိုအပ်သေးသည်။

''မမ. . . မမလေး''

''ဟင်''

ရုတ်တရက်ခေါ်သံကြောင့် ရွှက်စိမ်းန တအံ့တသြလှည့်ကြည့်လိုက်မိသည်။ ဒရိုင်ဘာ ကိုအောင်သက်, သူက ဦးခွန်သူရဲ့ သစ္စာရှိလူယုံတော်တစ်ယောက်ဖြစ်သည်။ ရွှက်စိမ်းန သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး အကဲခတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"ပြော...ပြောပါ မမလေး၊ ကျွန်တော် ဘာမဆို ကူညီဖို့ အဆင်သင့်ပါပဲ"

"ကျွန်မကိုကူညီလို့ ရှင် အကျိုးမမဲ့စေရပါဘူး...ရှင့် အတွက် ထိုက်ထိုက်တန်တန်စီစဉ်ပေးမှာပါ။ ဒါပေမဲ့ ရှင် သစ္စာရှိဖို့တော့ လိုမယ်နော်"

"ဟုတ်ကဲ့ မမလေး၊ ကျွန်တော် ဘာလုပ်ပေးရမလဲသာ ပြောပါ"

"ပြောပါ့မယ်ရှင်၊ ဖြည်းဖြည်းပေါ့။ အခုလောလောဆယ် ရှင့်အမျိုးသမီး အန္တရာယ်ကင်းကင်းနဲ့ ရှင့်ရဲ့ကလေးကို အဆင်ပြေပြေ ချောချောမောမောမွေးဖို့က အဓိကပဲမဟုတ်လား"

ရွှက်စိမ်းနုက ဇတနာစကားတွေနှင့် အောင်သက်ကို မလှုပ်နိုင်အောင် ချုပ်ထားလိုက်သည်။ သားမယားဇောကပ်နေတာမို့ အောင်သက်မှာ ဘာမှမစဉ်းစားနိုင်။

ရွှက်စိမ်းနုရဲ့သဘောထားပြည့်ဝမှုကိုပဲ ကျေးဇူးတင်လို့ မဆုံးနိုင်တော့ချေ။

"စိတ်ချပါ၊ ကျွန်တော်ကူညီဖို့ အသင့်ပါပဲ။ ဘာလုပ်ရ

"ဘာကိစ္စရှိလို့လဲ ကိုအောင်သက်"

"ကျွန်တော့်ကို တစ်ခုလောက် ကူညီပါ မမလေး"

"ဘာများလဲ ကိုအောင်သက်ရဲ့၊ ပြောလေ"

"အခု ကျွန်တော့်အမျိုးသမီး ဆေးရုံတင်ထားရပါတယ်၊ မီးမဖွားနိုင်လို့ အရေးတကြီးခွဲစိတ်ဖို့လိုတယ်တဲ့...အဲဒါ"

"ကျွန်မ သဘောပေါက်ပြီ ကိုအောင်သက်၊ ကဲ, ကျွန်မ ကိုယ်တိုင်ပဲ ဆေးရုံကိုလိုက်ခဲ့မယ်။ ဟုတ်ပြီလား"

"ဗျာ!..."

အောင်သက် အံ့သြသွားသည်။ စိတ်သဘောထား မာကျောခက်ထန်သော ရွှက်စိမ်းနုက ခုတော့ သဘောထားတွေ ပြောင်းလဲနေပါလား။

"ကားကို ဖြည်းဖြည်းမောင်းပါ၊ လိုအပ်တဲ့ဆေးဝါးစောင့် ရှောက်မှုတွေ လုပ်ပေးဖို့ ဖုန်းဆက်အကြောင်းကြားထားပါတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ရပါတယ်, ကျွန်မလည်း ကိုအောင်သက်ကို အကူအညီတစ်ခု တောင်းစရာရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတော့ ကုသိုလ်ပြုရမှာ ဝန်လေးပြီး အကုသိုလ်မွေ့လျော်တတ်သော ပုထုဇဉ်ပီပီ စိတ်မိုက်က အလေးသာသွားတော့တ်။

"ကျွန်တော် လုပ်မယ်"

"ဒီလိုမှပေါ့. ရှင့်အတွက် မနစ်နာစေရပါဘူး။ အတတ်နိုင်ဆုံး ပိပိရိရိဆောင်ရွက်ကြတာပေါ့။ အခု ကျွန်မအိမ်က အလုပ်သမားတွေကို အလုပ်ထုတ်မယ်. ရှင်အပါအဝင်ပေါ့!"

"ဒါဆို. . ."

"ဆုံးအောင်. နားထောင်ဦးလေ၊ ဒီလိုလုပ်မှ ရှင်နဲ့ကျွန်မ ပူးပေါင်းတာကို ဘယ်သူမှမသိမှာပေါ့။ အလုပ်သမားတွေကိုထုတ်ပြီး ကျွန်မက စိတ်ပြေလက်ပျောက် အပန်းဖြေခရီးထွက်နေမယ်၊ သူရိယကိစ္စပြီးမှ ပြန်လာမယ်။ ဘယ်လိုလဲ. ရှင် သူ့ကိုလုပ်ကြံရင်လည်း မတော်တဆဖြစ်ရပ်မျိုးဖြစ်အောင် အတတ်နိုင်ဆုံးကြိုးစားပါ။ ဘာကြောင့် ရှင့်ကိုရွေးချယ်တာလဲဆိုတော့ သူရိယက ရှင့်ကို သူ့အဖေရဲ့ဒရိုင်ဘာအဖြစ် သိကျွမ်းရင်းနှီးပြီးသားမို့ပါ"

ဘာမှလက်တွေ့မလုပ်ရသေးခင် သူမရဲ့စီစဉ်ညွှန်ကြား

မလဲသာ ပြောပါ"

သူမောင်းနှင်လာသည့်ကားလေးက ဆေးရုံသို့သွားရာလမ်းပေါ် ရောက်လာသည်။

"ရှင်လုပ်ပေးရမှာတော့ တခြားမဟုတ်ဘူး၊ ဦးခွန်သူရဲ့သား သူရိယ. နိုင်ငံခြားက ပြန်လာတဲ့နေ့မှာ အိမ်ကိုရောက်မလာခင် အပြတ်ရှင်းပစ်ရမှာ"

"ဗျာ!"

ကားက ဆေးရုံရှေ့မှာ ထိုးရပ်သွားသည်။

"ရှင်လုပ်တာမှန်းမသိအောင် စီစဉ်ပေးမယ်။ ပြီးတော့ ရှင့်အတွက် သိန်းတစ်ရာ. ဘယ်လိုလဲ"

အောင်သက် ဘာမှပြန်မပြောနိုင်လောက်အောင် ရုတ်တရက်ငြိမ်သက်သွားတော့တ်။ တစ်ဖက်က ကျေးဇူးရှင်ရဲ့သား ငယ်စဉ်ကတည်းက ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသူ။ တစ်ဖက်မှာက ဆင်းရဲချို့တဲ့သည့်မိသားစုနှင့် ဒီနေ့မှ လောကကြီးကိုရောက်လာမည့်ကလေးလေး။ ပြီးတော့ ရင်သွေးလေးတွေရဲ့အနာဂတ်။ နှစ်ဖက်သံယောဇဉ်က အောင်သက်ရဲ့စိတ်ကို လွန်ဆွဲနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်သိပ်မှားသွားခဲ့တယ်၊ အဲဒီအဖြစ်အပျက်အတွက် ကိုယ်နောင်တရနေခဲ့တာပါ။ အဲဒီနေ့က ကိုယ် လေဆိပ်ကိုရောက်တော့ စိတ်ထဲမှာ အကြံတစ်ခု ပေါ်လာတယ်။ အဲဒါကတော့ ညီလေးကို မသတ်ဘဲ တစ်နေရာရာမှာ သွားဝှက်ပြီး ရွှက်စိမ်းနုဆီက သိန်းတစ်ရာကို လိမ်တောင်းဖို့ပါပဲ။ ဖြစ်ချင်တော့ ကိုယ်ရောက်သွားချိန်မှာ UK Flight က ဆိုက်ပြီးသွားပြီ။ အဲဒီမှာတင် ကိုယ်လည်း ဝမ်းသာရမလို ဝမ်းနည်းရမလိုနဲ့ ပြန်လာခဲ့တာ၊ အိမ်လည်း ရောက်ရော ညီလေး ကားအက်ဆီးဒင့်ဖြစ်လို့ ဆုံးပြီဆိုတဲ့သတင်း

မှုက အတော်လေး အကွက်ကျလှသည်။

"သူပြန်လာမယ့်နေ့ ရှင် လေဆိပ်မှာ သွားကြိုရမယ်။ သူရိယခဲ့အသိထဲမှာ ရှင့်က သူ့အိမ်က ဒရိုင်ဘာပေါ့။ ဒါပေမဲ့ အားလုံးသိထားတာ ရှင့်ကို အလုပ်ထုတ်ပြီးသား။ တစ်ခုခု တိမ်းစောင်း လွဲချော်သွားခဲ့ရင်တောင် ရှင့်ဘက်က အလီဘိုင်ပြလို့ရအောင် နယ်က ရှင့်အမျိုးတွေဆီသွားတဲ့ ကားလက်မှတ်တစ်စောင်နဲ့ အဲဒီရက်စွဲအတွင်း တည်းခိုခန်းမှာ ရှင့်မှတ်ပုံတင် ရှင့်နာမည်နဲ့တည်းဖို့ လူတစ်ယောက် လွှတ်ထားပေးမယ်။ ရန်ကုန်မှာ ရှင် အေးအေးဆေးဆေးလှုပ်ရှားပေါ့"

စကားတွေအဆုံး သူခေါင်းညိတ်လိုက်သည်။ မကြာခင် အရေးပေါ်ခွဲစိတ်ခန်းထဲမှ ဆရာဝန်တစ်ဦး ထွက်လာသည်။ သူ့လက်ထဲမှာ အနီးဖြူဖြူလေးနှင့်ထုပ်ထားသော သူ့သားလေး ပါလာသည်။ သူ့အမျိုးသမီးလည်း ကျန်းမာရေးကောင်းသည်ဟု သိလိုက်ရ၏။ အောင်သက် အလွန်ဝမ်းသာသွားရသည်။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်, ဒေါ်ရွှက်စိမ်းနုက ကားပေါ်ကအလောင်းနဲ့ပတ်သက်ပြီး ကိုယ့်ကို သိန်းတစ်ရာပေးပါတယ်။ ကိုယ့်မိသားစုရှေ့ရေးနဲ့ ကိုယ့်ဘဝအပြောင်းအလဲအတွက် ငွေသိန်းတစ်ရာကို ယူလိုက်ပေမယ့် ကိုယ် ညီလေးကို လက်ဖျားနဲ့ထိမိုက်တောင် မကြိုးစားပါဘူး။ ညီလေးသေပြီဆိုတာလည်း ကိုယ် မယုံခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ ညီလေးပြန်လာမယ်ဆိုတာ သိကတည်းက ကိုယ်လာကြိုမယ်ဆိုတာ ကြိုပြီးဖုန်းဆက်ထားတယ်လေ။ ဒါကြောင့် ကိုယ်မဟုတ်တဲ့ တခြားကားတစ်စီးပေါ်က အလောင်းက ညီလေးမဟုတ်ဘူးလို့ ယုံတယ်။ မမျှော်လင့်ဘဲ ညီလေးကိုတွေ့လိုက်ရတော့ ကိုယ် အရမ်းဝမ်းသာသွားခဲ့တာ။ ဒါနဲ့ ညီလေးက ဘယ်လိုဖြစ်ပြီး. . . "

ကိုအောင်သက်က စိတ်လှုပ်ရှားနေပုံမျိုးနှင့် အလျင်စလိုမေးလိုက်ပေမယ့် သူကတော့ သွေးအေးတည်ငြိမ်စွာပင် ပြုံးလိုက်မိသည်။

"ဒီကိစ္စမှာ. . . ဒေါ်ရွှက်စိမ်းနုက ကိုအောင်သက်တစ်ယောက်ငှာသည်းကို ယုံယုံကြည်ကြည်တာဝန်ပေးခဲ့တယ်လို့ ဇာဏီ

ဆိုးက စောင့်ကြိုနေတော့တာပဲ။ ကိုယ်ဘယ်လိုမှ မယုံနိုင်ခဲ့ဘူး။ ကိုယ် ချက်ချင်းပဲ ဆေးရုံကြီးကိုလိုက်သွားတော့ အလောင်းနှစ်လောင်းက မီးလောင်ထားလို့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေပြီ။ ကားပေါ်မှာတွေ့ရတဲ့အိတ်တွေနဲ့ မီးမလောင်တဲ့ ကျန်ခဲ့တဲ့ပစ္စည်းတွေအရ အလောင်းနှစ်လောင်းအနက် တစ်လောင်းကို သူရိယလို့ ယေဘုယျတွက်လို့ရတယ်။ အဲဒီမှာ ဒေါ်ရွှက်စိမ်းနုလည်း ရောက်လာတယ်။ သူကလည်း အလောင်းကိုကြည့်ပြီး သူရိယပါပဲလို့ အတည်ပြုတယ်။ နောက်တစ်လောင်းကတော့ လာကြိုတဲ့ကားသမားပေါ့လေ။ ဘယ်သူဘယ်ဝါမှန်းတော့ မသိကြဘူး။ အဲဒီပိုင်ရှင်မဲ့အလောင်းကိုတော့ သီးသန့်စစ်ကြမှာပေါ့"

ကိုအောင်သက်က စကားကိုခဏရပ်ကာ သူ့မျက်နှာကို တစ်ချက်လှမ်းကြည့်လေသည်။

သူက နှုတ်ခမ်းကို တင်းတင်းစေ့ရင်း မျက်လုံးမှိတ်ထား၏။ ထို့နောက် သက်ပြင်းတစ်ချက် ရှိုက်သွင်းကာ. . .

"ဘာပဲဖြစ်ဖြစ် ခင်ဗျားနဲ့ ဒေါ်ရွှက်စိမ်းနုရဲ့အပေးအယူကတော့ ဖြစ်သွားတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

နေသလား''

''ဘာ. . . ဘယ်လို''

''ကျွန်တော့်ကိုလုပ်ကြံဖို့ လူတစ်ယောက်မကဘူးဆိုတာ သိလို့ ကျွန်တော် ဒီနေ့အထိ အိမ်မပြန်သေးတာ။ ဖေဖေ ကျွန်တော့်ကိုနောက်ဆုံးပို့ခဲ့တဲ့ E-mail ထဲကစာအရ ဒေါ်ရွှက်စိမ်းနဲ့ကို ကွာရှင်းတော့မယ်ဆိုတာ သိတယ်။ ပြီးတော့ အဲဒီရက်ထဲမှာပဲ ဖေဖေဆုံးတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်ပြန်လာဖို့ ဆုံးဖြတ်လိုက်တာ။ ဖေဖေဆုံးတဲ့ကိစ္စမှာ ကျွန်တော် မသက်သာတာ ဒေါ်ရွှက်စိမ်းနဲ့ပဲ၊ ဖေဖေပြီးရင် ကျွန်တော့်အလှည့်ဆိုတာ ကြိုတင်တွက်လိုက်လို့ရတယ်။ အဲဒါကြောင့် ကျွန်တော့်ဘက်က တစ်ကွက်ချန်လိုက်တာ။ လေယာဉ်ဆိုက်မယ့်အချိန်ကို လွဲပြောလိုက်တာပဲ။ ဒါပေမဲ့. . . ကျွန်တော် သူ့လက်က မလွတ်ပါဘူး၊ ကျွန်တော် ငှားစီးမိတဲ့ကားကလည်း သူ့လူတွေပဲ။ ကားပေါ်မှာ ဒရိုင်ဘာအပြင် အခြားလူတစ်ယောက်ပါ အပိုပါလာကတည်းက ရိပ်မိပြီး လမ်းမှာတင် ခုန်ချခဲ့တာ. အရှိန်သိပ်မများလို့ ဘာမှမဖြစ်ခဲ့ပေမယ့် လူမိုက်ကြီးတွေရဲ့ကားကတော့ အက်ဆီးဒင့်ဖြစ်ပြီး

ချောက်ထဲကို ထိုးကျသွားတယ်လေ။ ကားမီးလောင်သွားတာက ကျွန်တော့်ကံပဲ၊ သူတို့လည်း ကျွန်တော်ခုန်ချတာ သိသိချင်း ပူထူပြီး ပြန်အလှည့်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျသွားတာ''

''ဩော်, ဒါဆို ဒေါ်ရွှက်စိမ်းနဲ့က ကိုယ့်ကို သိန်းတစ်ရာပေးခဲ့တာ လှည့်ကွက်တစ်ခုပဲကိုး။ ဟိုကားပေါ်မှာ ပါသွားတဲ့လူတွေ ဘယ်သူတွေလဲဆိုတာ သူသိမှာပဲ။ ဘာလို့ ဖုံးကွယ်ထားပါလိမ့်''

အောင်သက်စကားကြောင့် သူ ခဏတွေပြီး စဉ်းစားလိုက်မိတ်။

''သူက ခင်ဗျားကို သိန်းတစ်ရာပေးခဲ့တယ်, ဟုတ်လား''

''ဟုတ်တယ်လေ''

''ဒါဆို ကျွန်တော် ငှားစီးမိတာ သူ့လူတွေမဖြစ်နိုင်ဘူး၊ ပြန်ပေးသမားတွေများလား။ အနည်းဆုံးတော့ ကျွန်တော်ပါလာတာတွေ လုလို့ရတာပဲလေ။ ခင်ဗျားကိုနှုတ်ပိတ်တဲ့အနေနဲ့ သိန်းတစ်ရာပေးခဲ့တယ်ဆိုရင်တောင် ကားပေါ်က အလောင်းနှစ်လောင်း

www.burmeseclassic.com

www.burmeseclassic.com

မှ ဘောင်းဘီအိတ်ထဲက ဘော့လ်ပင်လေးကို သတိရလိုက်တာ။ ကိုအောင်သက်ပြောစကားတွေကို Record လုပ်ထားသည့်အသံတွေက ဒီဘော့လ်ပင်လေးထဲမှာ ရှိသည်လေ။

သူကျေနပ်စွာပြုံးရင်း ခလုတ်လေးကို ပိတ်လိုက်သည်။

☺☺☺

က ဘယ်သူဘယ်ဝါဆိုတာ သူသိမှာပဲ''

''ညီလေးက ဇာတ်မြှုပ်နေလိုက်တော့ သေပြီလို့ ယုံသွားတာလည်း ပါမှာပေါ့''

''ဘာပဲဖြစ်ဖြစ် ဒီကိစ္စတွေအားလုံးကို ဖော်ထုတ်ချင်လို့ ကျွန်တော်သေပြီဆိုတဲ့သတင်းအတိုင်း ခဏငုပ်နေလိုက်တာပါ။ အခု ဖေဖေနဲ့ပတ်သက်တာလည် သိရပြီဆိုတော့...''

သူ ကိုအောင်သက်မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်တ်။ အားနည်းပေမယ့် ကြည်လင်သောအပြုံးတစ်ခုက ကိုအောင်သက်နှုတ်ခမ်းမှာ...

''စိတ်ချပါ, အမုန်တရားဘက်က ကိုယ် ရပ်တည်ပေးမှာပါ''

''ကျေးဇူးတင်ပါတယ်''

သူ ထိုင်ရာမှ ထရပ်လိုက်သည်။

ဒီကအပြန် သူသွားတွေ့ရမယ့်လူတစ်ယောက် ရှိသေးသည်။ မမသာသိလျှင် သိပ်ကိုအံ့သြသွားပေလိမ့်မည်။

ကော်ဖီဆိုင်ထဲက ထွက်လာပြီး လမ်းတစ်ဝက်ရောက်

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၈)

"ဖြန်း!. . ."

ပူနွေးသော့ရိုက်ချက်ကြောင့် မျက်လုံးထဲ မီးဝင်းဝင်း တောက်သွားပြီး ခေါင်းက နောက်ကို လည်ထွက်သွား၏။ သူ့ ဘေးဘယ်ညာမှာ ချုပ်ထားသော လူနှစ်ယောက်ကြောင့် အခြေ အနေက ဘယ်လိုမှ မလူးသာမလွန့်သာ။

"တောက်!"

အောင်သက် တောက်တစ်ချက်ခတ်ရင်း ဒေါ်ရွှက်စိမ်းနဲ့ မျက်နှာကို စူးစူးရဲရဲ စိုက်ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

မူပါပါ မေးစင်းကာ မူနွဲ့နွဲ့အသံနှင့်ပြောလိုက်၏။ သူလိုချင်တာ ရဖို့ ဘာမဆို ရင်းတော့မည့်သူမမျက်နှာက ရွံရှာဖွယ်ဖြစ်နေသည်။

"မသီဘူး, ကျုပ်ကိုဘာမှမမေးနဲ့။ သူရီယက သေသွားပြီ"

"သေသွားပြီ. . . ဟုတ်လား။ ဒါဆို ဟိုကောင်လေးက ဘယ်သူလဲ, ဘယ်မှာနေတာလဲ, ရှင်ကိုယ်တိုင် စုံစမ်းဖို့ ကျွန်မ ပြောခဲ့တယ်မဟုတ်လား။ အခု သူ ဘယ်မှာလဲ"

"သိချင်ရင် ခင်ဗျားဘာသာ စုံစမ်းပါလား။ သတ်ချင်လည်း ခင်ဗျားလက်နဲ့ သွားသတ်။ အကုသိုလ်လုပ်ဖို့ အဖော်လာမည့်နဲ့။ ကျုပ် မလုပ်နိုင်ဘူး"

အောင်သက်စကားအဆုံး ဒေါ်ရွှက်စိမ်းနက မျက်ခုံးတစ်ချက်ပင့်ရင်း ဟက်ခနဲရယ်လိုက်လေသည်။

"အဟက်! ဟား. . . သိပ်ရယ်စရာကောင်းနေပါလား။ ခွေးပါးစပ်က နတ်စကားထွက်တယ်ဆိုတာ ဒါမျိုးပဲနေမှာ။ ကို အောင်သက်, ကိုအောင်သက်, ရှင်က ထမင်းလေး နပ်မှန်လာတာနဲ့ လေသံတွေ မာကုန်တော့တာပဲ။ ဘာလဲ. . . အိတ်အောင်း

"ရှင် အလကားလူပဲ ကိုအောင်သက်၊ ထမင်းကျွေးတဲ့လက်ကို ပြန်ကိုက်လိုက်တာပေါ့, ဟုတ်လား"

"ခင်ဗျား ဘာတွေလာပြောနေတာလဲ၊ ကျုပ် ဘာမှမသိဘူးလို့ ပြောပြီးပြီလေ"

"ဘာ! မသိဘူး, ဟုတ်လား၊ ဟား. . . ဟား. . . ဟား သိပ်ရယ်ရတာပဲ၊ အခုထိ ရှင်က ရှုးချင်ယောင်ဆောင်နေတုန်းပဲနော်။ ကျွန်မမေးတာကို မှန်မှန်ဖြေ, သူရီယ ဘယ်မှာလဲ"

"ကျုပ်မသိဘူးလို့ ဘယ်နှခါပြောရမလဲ"

"ရှင်သိပါတယ်, ဘာလို့ခေါင်းမာနေချင်ရတာလဲ။ ရှင် ကျွန်မနဲ့လက်တွဲလို့ ဘယ်တုန်းက အကျိုးယုတ်ဖူးလို့လဲ။ အခုလည်း အမှန်အတိုင်းသာပြောလိုက်။ ကျွန်မဆီမှာ ဘာလုပ်ရမှန်း မသိအောင် ပိုလျှံနေတဲ့ငွေစက္ကူတွေက ရှင့်ဆီ အလိုလိုရောက်လာမှာ။ ရွှက်စိမ်းနု ဘယ်လောက်ရက်ရောတယ်ဆိုတာ ရှင် သိပါတယ်"

ဒေါ်ရွှက်စိမ်းနက သူနှင့်ရင်ဘတ်ချင်း ထိလုမတတ် တိုးကပ်ရင်း စိုရွှဲတောက်ပြောင်နေသော မျက်ဝန်းလဲ့လဲ့တွေကို ကြော

www.burmeseclassic.com

www.burmeseclassic.com

လို့ စိတ်ပြောင်းသွားတာလား ရှင်ရဲ့။ ဒါတောင် သိန်းတစ်ရာပဲ တည်းနော်, ကျွန်မပိုင်ဆိုင်ထားတဲ့ စည်းစိမ်ဥစ္စာတွေထဲက မြူ တစ်မှုန်စာလောက်ရှိတဲ့ ပမာဏလေးပဲ ရှင်ရလိုက်တာပါ။ ဒါနဲ့ များတောင် ဘဝတွေ မေ့နေလိုက်တာ။ တစ်ချိန်ကတော့ မမလေး အတွက်ဆို ဘာပဲလုပ်ပေးရလုပ်ပေးရဆို။ ခုတော့ သခင်ဟောင်း အပေါ်မှာ သစ္စာရှိနေတဲ့ခွေးတစ်ကောင်လို ကျွန်မကို ပြန်ပြီး မာန် ဖီနေပြီပေါ့. . . ဟုတ်လား''

''ခင်ဗျားပြောချင်တာပြော, ကျုပ်ဂရုမစိုက်ဘူး၊ တကယ် တော့ ခင်ဗျားက ဥစ္စာရှူးမကြီးပဲ။ လောဘ ဒေါသတွေနဲ့ ရှူးနေ တာ။ ခင်ဗျားလုပ်ခဲ့တဲ့အကုသိုလ်တွေက ခင်ဗျားနောက်မှာ အရိပ် လို လိုက်နေတယ်ဆိုတာ မမေ့နဲ့''

''ဩော်. . . ဩော်, ကြောက်စရာကြီးပါလား''

ဒေါ်ရွက်စိမ်းနက ခပ်မဲ့မဲ့လေးပြုံးလိုက်ရင်း ဆိုဖာခုံတစ် လုံးပေါ် ဒူးတစ်လုံးနှင့်တစ်လုံး ချိတ်လျက် ဝင်ထိုင်လိုက်ဇာ။ ထို့ နောက် စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်ရင်း မီးခိုးတွေကို ခပ်ဝေးဝေးသို့ မှုတ်ထုတ်ပစ်လိုက်ကာ. . .

''ကျွန်မလုပ်ခဲ့တဲ့ အကုသိုလ်တွေက အရိပ်လိုလိုက်နေ တယ်ဆိုတော့ ရှင်ကတော့ သူတော်ကောင်းကြီးပေါ့လေ, ဟုတ် လား။ ဒါဆို ရှင် ဘာအမှုမှ မကျူးလွန်ခဲ့ဘူးပေါ့နော်''

''တောက်!''

အောင်သက်မှာ ကိုတ်မနိုင်ခဲမရ တောက်ခေါက်နေမိဇာ။

''မှန်မှန်ပြောစမ်း! သူရိယ မသေဘူးမှတ်လား။ ရှင် ကျွန်မဆီက ယူသွားတဲ့ငွေကို နှမြောလို့ပြောနေတာမဟုတ်ဘူး။ ကျွန်မရဲ့အလုပ် မအောင်မြင်မှာစိုးလို့ မေးနေတာ။ ရှင် ခါင်းမမာ နဲ့၊ ရှင့်မိသားစုကို ဒုက္ခပေးဖို့ ဝန်မလေးသလို ကူညီထောက်ပံ့ ရမှာလည်း လက်မတွန့်ဘူးနော်''

ဒေါ်ရွက်စိမ်းနက အဖက်ဖက်က လှည့်ခြောက်သည်။ အောင်သက် ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာချလိုက်သည်။

''ဟုတ်တယ်, သူရိယ မသေဘူး၊ ခင်ဗျားတွေ့ခဲ့တာ သူရိယပဲ၊ ခင်ဗျားကို ကြိုးစင်တက်ခိုင်းမလို့ သူရိယ အသက်ရှင် နေတာ။ သူ့အဖေသေရတာ ခင်ဗျားပယောဂ မကင်းတာလည်း သူသိသွားပြီ။ ခင်ဗျားရဲ့မကောင်းမှု ဒုစရိုက်တွေအတွက် ဆိတ်

www.burmeseclassic.com

www.burmeseclassic.com

စားတော့ဝါးတော့မတတ် စူးစိုက်ကြည့်နေသော ဒေါ်ရွက်စိမ်းနဲ့ရဲ့မျက်လုံးတွေ့မှာ သူ့ကို ဘယ်တော့မှခွင့်မလွှတ်မည့် ကမ္ဘာမကျေအမုန်းကို တွေ့နေရသည်။

ဒါပေမဲ့ သူ နည်းနည်းမှ မတုန်လှုပ်တော့ချေ။ ကျွံခဲ့သောစကားတစ်ခွန်း, မှားခဲ့သည့်ဆုံးဖြတ်ချက်တွေအတွက် သူ မကြောက်မရွံ့ ရှေ့ဆက်တိုးရပါတော့မည်။

အကြွေးဆိုတာ ဆပ်တတ်မှ ကျေတာမဟုတ်လား။

☺☺☺

ကွယ်ရာမရှိတော့ဘူး ဒေါ်ရွက်စိမ်းနဲ့။ အကြံပက်စက်တဲ့ ခင်ဗျား လိုမိန်းမမျိုးကို ဘာမှသစ္စာထားနေစရာမလိုဘူး။ အစကတည်း က သူရိယကိုသတ်ဖို့ ကျုပ်စိတ်မကူးခဲ့တာ. . . နားလည်လား''

''တောက်! ရှင်. . . ရှင် သေချင်ပြီထင်တယ်''

''လုပ်လိုက်လေ. . . ကျုပ်ကိုသတ်လည်း ခင်ဗျား အမှုတွေ ထပ်တိုးလာတာပဲ အဖတ်တင်မယ်။ ကျုပ်သေသွားပေမယ့် သူရိယကတော့ ခင်ဗျားလုပ်ကြံခဲ့တာတွေကို လက်ပိုက်ကြည့် နေမှာမဟုတ်ဘူး။ အဲဒါ ခင်ဗျား မြဲမြံမှတ်ထား''

ဒေါ်ရွက်စိမ်းနဲ့မျက်နှာက ပြုံတော့မည့်မိုးလို ရုတ်ချည်း ညိုမှောင် အုံဆိုင်းလာတော့တာ။ သို့ပေမယ့် မာန်ကတော့ မလျော့ သေး။

''ဟွန်း. . . ကျွန်မ ကြိုးစင်တက်သွားလည်း ရှင် လွတ် မယ်မထင်နဲ့။ ဒီအမှုမှာ ရှင်ပါတယ်ဆိုတာ ဖော်ထုတ်လိုက်မှာပဲ''

''အဲဒါတော့ ခင်ဗျားသဘောပဲ၊ တကယ်တမ်း ကျုပ် ဘာမှမကျူးလွန်ခဲ့ဘူး။ မကျူးလွန်ခဲ့လို့လည်း သူရိယက ဒီနေ့ အထိ သံဃာရိုထင်ရှား ရှိနေတာပေါ့''

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၉)

"ဘယ်လို! သူညက ဒက်ဒီနဲ့တွေ့ချင်တယ်, ဟုတ်လား"

သူ ကြည်စင်စွာ ပြုံးလျက် ခေါင်းညိတ်ပြလိုက်သည်။ ယော တအံ့တသြဖြစ်စွာ သူ့ကိုအသေအချာကြည့်နေမိ၏။

"ဟုတ်ပါတယ်, ကျွန်တော် မမရဲ့ဖေဖေ ဦးခန့်မော်ကို တွေ့ချင်လို့ပါ"

"ဘာကိစ္စရှိလို့လဲဟင်"

"နောက်တော့ အေးအေးဆေးဆေးပြောပြပါ့မယ် မမရယ်။ ကျွန်တော့်ကို မမရဲ့ဖေဖေ ဦးခန့်မော်နဲ့တွေ့ခွင့်ပေးပါဦး"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကို ခေါ်သွားမယ်မှတ်လားဟင်''

ယော ခေါင်းကို ခပ်သွက်သွက်ညိတ်ပြလိုက်ပေမယ့် ဘာအကြောင်းကိစ္စမှန်းလည်း ရေရောရာရာမသိရသေးချေ။

သူ့ပုံစံက ယခင်နေ့တွေလိုမဟုတ်ဘဲ တည်တည်ကြည်ကြည်လေးဖြစ်နေတာတစ်ခုတော့ သူမ သတိထားလိုက်မိသည်။

''သုညက ဒက်ဒီ့ကို သိလို့လားဟင်''

သူက ကားမောင်းနေရင်းမှ ယောကိုလှည့်ကြည့်သည်။

''သိတယ်ဆိုပါတော့၊ လူချင်းတော့ တစ်ခါမှမဆုံဖူးသေးပါဘူး''

''ဘာတွေလဲကွာ. တို့တော့ ဘာမှနားမလည်နိုင်တော့ဘူး။ လူချင်းမတွေ့မမြင်ဖူးဘဲ မင်းနဲ့ဒက်ဒီနဲ့က ဘယ်လိုလုပ်ပြီး သိနေရတာလဲ''

ယောက တကယ်ပဲ စိတ်ရှုပ်သလိုလေး ရေရွတ်ညည်းညူလိုက်တော့ သူက သွားတန်းလေးပေါ်အောင် ရယ်ရင်း. . .

''မမကလည်း နောက်ကျရင် ကျွန်တော်ရှင်းပြပါ့မယ် ဆိုတာကို ဘာလို့အရမ်းသိချင်နေရတာလဲ။ မမဖေဖေနဲ့တွေ့ရင်

အားလုံးနားလည်သွားလိမ့်မယ်, ဟုတ်ပြီလား''

မကြာမီပင် ယောရဲ့ကားက အိမ်ရှေ့သို့ရောက်သွား၏။ သူက ထုံးစံအတိုင်း ကားပေါ်မှ အပြေးအလွှားဆင်းပြီး ယောကို တံခါးဖွင့်ပေးသည်။

အရမ်းကို လျှို့ဝှက်နိုင်လွန်းသောကောင်လေးမို့ ယော မကျေနပ်စွာ မျက်စောင်းရွယ်လိုက်ရင်း ကားပေါ်မှဆင်းလိုက်၏။

သူက နဖူးပေါ်မှာ အုပ်မိုးကျနေသည့် ဆံပင်ရှည်ရှည်တွေကို လက်နှင့်တစ်ချက်သပ်တင်လိုက်ကာ ယောတို့ရဲ့အိမ်ကြီးကို တစ်ချက်မော့ကြည့်သည်။

အိမ်ရှေ့မျက်နှာစာမှာ ဝရံတာတွေကို သုံးခုဖွင့်ထားပြီး သုံးထပ်ရှိသည့် ပန်းနုရောင်တိုက်ကြီးက လှပခန့်ထည်နေ၏။

''မမတို့အိမ်က အပျဲစားပဲနော်၊ ဒီလိုအိမ်မျိုးမှာ နေရရင်တော့ ရှယ်ပဲ''

သူက ပခုံးတစ်ချက်တွန့်ရင်း မျက်ခုံးပင့် ပြောလိုက်တာမို့ ယော ပြုံးမိသွားရသည်။

''ကဲ. ကိုယ်တော်လေး ဒီမှာ ခဏစောင့်၊ ဒက်ဒီ့ကို

www.burmeseclassic.com

www.burmeseclassic.com

"ဒက်ဒီ"

ယောရဲ့ခေါ်သံကြောင့် ဒက်ဒီက အချိန်အခါမဟုတ် မိုးရွာတာကို ကြိုလိုက်ရသလို အံ့သြသွားပုံမျိုးနှင့် ဆတ်ခနဲမော့ကြည့်ကာ...

"ယော, သမီးပါလား၊ ထူးထူးဆန်းဆန်းပါလားဟေ့။ ဒီအချိန်ကြီး အိမ်ပြန်လာရတယ်လို့"

ဟု ရေရွတ်လိုက်လေသည်။ ယောက ဖေဖေ့နား ငုတ်တုပ်လေး ဝင်ထိုင်ရင်း...

"ကိစ္စရှိလို့ ဒက်ဒီရဲ့၊ ဒါနဲ့ ဒက်ဒီ့အပင်တွေ ပိုးကိုက်လို့ဆို"

"အင်း, အဲလိုထင်ပါတယ်၊ ဒက်ဒီက သေချာအောင် သူတို့ဖြစ်တဲ့လက္ခဏာကိုကြည့်ပြီး ဘာလဲလို့စစ်ဆေးပြီး ဆေးကုပေးနေတာ။ အရွက်တွေက ဝါပြီး ရိရွဲပြတ်ကျနေတာဆိုတော့ ပိုးလို့ထင်တာမဟုတ်ဘူး၊ သူ့ဟာက အစားမမှန် အအိပ်မမှန်လို့ ရောဂါဝင်တာ"

"ဒက်ဒီကလည်း ပြောရော့မယ်၊ အပင်က အိပ်တာ

သွားခေါ်လိုက်ဦးမယ်"

သူ့ကို ဇည့်ခန်းမှာ ခဏထိုင်ခိုင်းခဲ့ပြီး ယော ဒက်ဒီ့ကို ခေါ်ရန် ထွက်လာခဲ့သည်။

"ဟဲ့, ဖြူတုတ်၊ ဒက်ဒီရော"

"ဘဘကြီး အပေါ်ထပ်မှာ မမ၊ ဝရံတာက ပန်းပင်တွေ ပိုးကျလို့တဲ့၊ အဲဒါ သွားလုပ်နေတယ်ထင်တယ်"

"သြော်, အေးအေး...ဟဲ့, ဇည့်သည်ကို အပူလား အအေးလားမေးပြီး တစ်ခုခုစီစဉ်ပေးလိုက်ဦး"

"ဟုတ်ကဲ့မမ"

ဖြူတုတ်က ခန်းဆီးတွေ လဲဖို့လုပ်နေရာမှ ဇည့်ခန်းဆီသို့ လှစ်ခနဲပြေးဝင်သွားသည်။ သည်တော့မှ ယောလည်း အပေါ်ထပ်သို့ တက်လာခဲ့တော့၏။ ဝရံတာဘက်ထွက်သည့်လှေကားလေးအတိုင်း အခန်းတွေကို ဘေးကပတ်ပြီး တက်လာတော့ အလှပန်းအိုးတွေနားမှာ စာအုပ်တစ်အုပ်၊ စိုက်ပျိုးရေးသုံး ဆေးဘူးတွေ၊ လက်အိတ်တွေနှင့် မြေဆွေးသည့်ခက်ရင်းတစ်လက်ကို ကိုင်ကာ အလုပ်ရှုပ်နေသည့် ဒက်ဒီ့ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

စားတာရှိလို့လား''

''ရှိပါသော်ကောဗျာ၊ သမီးငယ်ငယ်ကဆို ကုန်းထိကရုံးတွေကို လက်ညှိုးနဲ့လိုက်ပုတ်ပြီး 'အိပ်...အိပ်' လို့ သိပ်တာလေ၊ မမှတ်မိဘူးလား။ အဲလိုထိရင် အရွက်လေးတွေစုပြီး အိပ်ကုန်တာပဲဟာ။ တခြားသစ်ပင်တွေလည်း ညနေစောင်းရင် အရွက်တွေစုပြီး အိပ်တယ်သမီးရဲ့။ သမီးမယုံရင် မန်ကျည်းပင်တွေကို သတိထားကြည့်''

ဒက်ဒီစကားကြောင့် ယော သဘောကျစွာ ရယ်မောလိုက်မိသည်။ ဒက်ဒီနှင့် စကားစပ်မိလျှင် အဲလိုပါပဲ။

ခုတောင် လာရင်းကိစ္စကို မေ့တော့မလို့။

''တော်ပါပြီ, ဒက်ဒီကိုတော့ ယော နိုင်အောင် မပြောနိုင်ပါဘူးနော်။ အခု ညည့်သည်ပါလာတယ်၊ ဒက်ဒီ့ကို တွေ့ချင်လို့တဲ့။ ညည့်ခန်းထဲမှာ စောင့်နေတယ်''

ယောစကားကြောင့် ဒက်ဒီက မျက်မှောင်ကြုတ်သွားသည်။

''ညည့်သည်ဆိုတော့ သမီးဧည့်သည်လား, ဒက်ဒီ့ဧည့်

သည်လား''

''ယော ခေါ်လာတဲ့ ဒက်ဒီ့ဧည့်သည်''

ဒက်ဒီ လက်ထဲက ခက်ရင်းကိုချ၊ လက်အိတ်တွေ ချွတ်ပြီး အနီးကရေပိုက်မှာ လက် သွားဆေးသည်။

''သူက ဒက်ဒီနဲ့တွေ့ချင်တာလား, သမီးက တွေ့ပေးစေချင်တာလား''

''အာ...ဒက်ဒီကလည်း ဘာတွေလျှောက်ပြောနေတာလဲ။ သူကိုယ်တိုင်က ဒက်ဒီနဲ့တွေ့ချင်တာ၊ ယောနဲ့ဘာမှမဟတ်သက်ဘူး။ မယုံရင် လိုက်ခဲ့''

ယောရဲ့ ရုက်ကိုရုက်ကန်းငြင်းလိုက်ပုံလေးကြောင့် ဒက်ဒီက ခေါင်းကိုဖွဖွလေးထုပြီး သဘောကျစွာ ရယ်လေသည်။

''သိပါဘူးကွာ...ဒက်ဒီက ဒက်ဒီ့သမီး အပျိုကြီးလေး အစွဲထုတ်လာပြီလားလို့''

''ဒက်ဒီနော်, ဘာတွေလာပြောနေတာလဲ၊ တော်ကြာကြားသွားဦးမယ်''

သားအဖနှစ်ယောက် ရယ်မောတွန်းထိုးရင်း လေးလား

www.burmeseclassic.com

www.burmeseclassic.com

ပေါ်မှ ဆင်းလာတာကို သုညက မမှိတ်မသုန်စိုက်ကြည့်နေလေသည်။

ဦးခန့်မော် ညည့်ခန်းထဲသို့ ဝင်လိုက်သည်နှင့် သူက ထိုင်ရာမှထရပ်ရင်း ခါးညွှန်အရှိအသေပြုလိုက်၏။

"ထိုင်ပါ. . . ထိုင်ပါ"

ဦးခန့်မော်က လက်ရမ်းပြရင်း သူ့ကို နေရာမှာ ပြန်ထိုင်စေလေသည်။

"ကျွန်တော် သူရိယပါ ဘဘ"

"ဟေ!"

သူ့ရဲ့မိတ်ဆက်စကားကြောင့် ဦးခန့်မော်မှာ မျက်မှန်ကို ပင် ယောင်ရမ်း၍ ပင့်လိုက်မိလေသည်။ ထို့နောက် မျက်မှောင်ကြုတ်လိုက်ကာ. . .

"လူလေးက သူရိယ၊ ကိုသူရရဲ့သား သူရိယပေါ့၊ ဟုတ်လား"

ဟု ဝမ်းသာလိုက်လဲသော အသံဝါကြီးနှင့် မေးလိုက်လျှင် ယောမှာ မျက်လုံးဝိုင်းလေး ချာချာလည်အောင် အံ့သြသွား

ရလေတော့သည်။

"ဟုတ်ပါတယ် ဘဘ၊ ကျွန်တော် သူရိယပါပဲ"

"အင်း, မသေကောင်းမပျောက်ကောင်း၊ ကံ,မလို့ ပြန်တွေ့ရတာပဲ လူလေးရ၊ အားလုံးက မင်းသေပြီပဲ သတ်မှတ်ထားကြတာ။ နို့, နေပါဦး. . . မင်း အခုလို သက်ရှိထင်ရှားရောက်လာတာ ဒေါ်ရွက်စိမ်းနရော သိပြီးပြီလား"

"သူလည်း ကျွန်တော့်ကို သေပြီလို့ပဲ သိထားတာပါ။ ခုလောက်ဆိုရင်တော့ မပြောတတ်ဘူး"

"ဒါနဲ့ မင်းက အခုမှ UK က ပြန်လာတာလား။ ပြီးခဲ့တဲ့ ခြောက်လလောက်က ကားအက်ဆီးဒင့်နဲ့ သေသွားတယ်ဆိုတာကရော။ ပြောရင်း မျက်စိတောင် လည်လာပြီဟေ့"

ဒက်ဒီလို ဝါရင့်ရှေ့နေကြီး မပြောနဲ့၊ ယောပင် ဘာမှ နားမလည်နိုင်အောင် ဖြစ်နေမိသည်။ ဒက်ဒီက ဦးခွန်သူရနှင့် ဒေါ်ခင်ယုယတို့၏ မိသားစုရှေ့နေကြီးမို့ လူချင်းမရင်းနှီးသော်ငြား ထိုမိသားစုရဲ့အဖြစ်အပျက်တွေကို သနားစဖွယ်ပုံပြင်လေးတစ်ပုဒ်နှယ် ယော ကြားဖူးခဲ့သည်။ သူတို့ရဲ့သားလေး သူရိယဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

လည်း နိုင်ငံခြားမှာ ကျောင်းသွားတက်ပြီး ပြန်လာတဲ့နေ့မှာပဲ ကားအက်ဆီးဒင့်နှင့် ဆုံးသွားခဲ့သည်ဟု သိခဲ့ရပေမယ့် ယောရှေ့မှာ ရောက်နေသည့်ကောင်လေးရဲ့ လျှို့ဝှက်ဘဝလေးမှန်း လုံးဝ မသိခဲ့ရချေ။

တော်တော်ကို လျှို့ဝှက်လွန်းတဲ့ ကောင်လေးပါလား။ KTR Group ဆိုတာ ယောတို့ထက် များစွာအင်အားတောင့်တင်းပြီး စီနီယာကျသောစီးပွားရေးလုပ်ငန်းစုကြီးမို့ ယော လေးစားအားကျခဲ့ရသည်။ ဦးခွန်သူရ ဆုံးပြီးနောက်ပိုင်းမှာတော့ KTR က ထင်သလောက် မဟုတ်တော့။ ယောတို့ပင် အမိလိုက်နိုင်သည်အထိ ဒေါ်ရွက်စိမ်းနှလက်ထက်မှာ ယိုယွင်းစပြုလာသည်။

''အဖြစ်က ဒီလိုပါ ဘဘ''

သူက ထိုသို့အစချီလိုက်သည်နှင့် ယောတို့သားအဖနှစ်ယောက်လုံး အဖြစ်အပျက်ကို အံ့သြငြိမ်သက်စွာ စိတ်ဝင်တစားနားထောင်နေမိလေသည်။

သူ့စကားတွေ နားထောင်ရင်း ဒက်ဒီက စုတ်တသပ်သပ် တောက်တခေါက်ခေါက်ဖြစ်နေသလို ယောလည်း နှုတ်ခမ်း

လေးကို ဖိကိုက်ပြီး ဒေါသတွေ ဖြစ်လာရတော့၏။

အဖြစ်အပျက်က မခံချင်စရာ ကောင်းလွန်းတာကိုး။

''ကျွတ်. . . ကျွတ်. . . လောဘ လောဘ, တယ်လည်း ကြောက်စရာကောင်းပါလား။ ပစ္စည်းလိုချင်လို့ လူသတ်တယ်။ ဒီကြားထဲ ပြန်ပေးသမားက ပါသေး။ ဒါနဲ့ မရှင်းလို့ မေးပါရစေဦး, ဒီကိစ္စတွေကို သက်ဆိုင်ရာကို တိုင်ရအောင် ဘာလို့ ချက်ချင်းလာမတွေ့တာလဲ။ မင်းတို့မိသားစုကိစ္စနဲ့ပတ်သက်ရင် ဘဘ တစ်ယောက်လုံး ရှိနေတာပဲ''

''ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ အဲဒီကိစ္စတွေ စဖြစ်ဖြစ်ချင်း ကျွန်တော်လည်း ဘာလုပ်လို့လုပ်ရမှန်း မသိအောင် စိတ်လေနေတာ။ ပြီးတော့ ဘယ်သူက ဘာလုပ်တယ်ဆိုတာကိုလည်း သက်သေအထောက်အထား ခိုင်ခိုင်လုံလုံမသိရတော့ ခဏာဇာတ်မြှုပ်နေလိုက်တဲ့သဘောပါပဲ''

''အေးကွယ်, ဖြစ်ချင်တော့ ကားမီးလောင်ရာမှာ တွေ့ရတဲ့အလောင်းနဲ့ အတူပါတဲ့ပစ္စည်းတွေကလည်း မင်းပစ္စည်းတွေဆိုတော့ ဒေါ်ရွက်စိမ်းနကိုယ်တိုင်က မင်းပါပဲ တပ်အပ်ပြောတာ၊

www.burmeseclassic.com

www.burmeseclassic.com

ဦးခန့်မော်က ဖိုင်တွဲကို သူ့ရှေ့ချပေးလိုက်ပြီး...

''အင်း...ကိုယ်ရကတော့ သားသမီးအပေါ်မှာ တာဝန်ကျေတဲ့ ဖခင်ကောင်းတစ်ယောက်ပါပဲ။ 'အတတ်သင်စေ ပေးဝေနိုးရင်း' ဆိုတဲ့အတိုင်း မင်းကို အတတ်ပညာသင်ပေးခဲ့တယ်။ အမွေအနှစ်တွေလည်း ထားခဲ့တယ်။ လူလေးအနေနဲ့လည်း သားသမီးဝတ္တရားထဲက 'လှူမျှဝေ၍' ဆိုတဲ့အတိုင်း ကွယ်လွန်သွားပြီဖြစ်တဲ့ မိဘနှစ်ပါးကို ရည်စူးပြီး ကုသိုလ်ကောင်းမှုပြုဖို့လည်း မမေ့နဲ့။ ကိုယ့်အမျိုးအနွယ်, မျိုးဆက်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့လည်း တာဝန်ရှိတယ်...ဟုတ်ပြီလား''

''ဟုတ်ကဲ့ ဘဘ၊ ကျွန်တော် နားလည်ပါတယ်''

ယောရင်ထဲမှာ ပီတိစိတ်လေးနှင့် လှုပ်လှုပ်ခတ်ခတ်လေး ဖြစ်သွားရသည်။ သူက ယောကို မသိမသာလေး လှမ်းခိုးကြည့်သည်။ ဒါကိုမြင်သွားသော ဦးခန့်မော်က ယောဘက်သို့လှည့်ကာ...

''သမီးရော သူရိယနဲ့ ဘယ်လိုသိခဲ့ကြတာလဲ''

ဒီတစ်ခါတော့ ယော,ရှင်းပြရမယ့်အလှည့် ရောက်လာ

ဒါနဲ့ အခုရော လူလေးမှာ ဒီကိစ္စနဲ့ပတ်သက်ပြီး သက်သေတွေ စုံရဲ့လား''

''ဟုတ်ကဲ့...စုံသလောက်ရှိနေပါပြီ ဘဘ၊ ပြီးတော့ ကျွန်တော် ဟိုကိုမသွားခင် ဖေဖေစီစဉ်ခဲ့တဲ့ကိစ္စတွေထဲမှာ ကျွန်တော်အသက်နှစ်ဆယ်ပြည့်မှ လုပ်ငန်းတွေအားလုံးကို ဦးစီးရမယ် ဆိုတာလည်း ပါတယ်လေ။ ကျွန်တော် ဒီနေ့ပဲ အသက်နှစ်ဆယ် ပြည့်တာပါ''

ဦးခန့်မော်က ခေါင်းတဆတ်ဆတ်ညိတ်သည်။

''ဟုတ်ပါတယ်, မင်းအဖေရဲ့ညွှန်ကြားချက်အတိုင်း ဒီနေ့မှာ မင်းကို အမွေတွေအားလုံး လွှဲပြောင်းပေးမှာပါ။ ဒေါ်ရွှက်စိမ်းနုက ခေတ္တထိန်းသိမ်းထားသူနေရာမှာပဲ ရှိနေပါသေးတယ်။ သမီးရေ, ဒက်ဒီ့စာကြည့်ခန်းထဲက ဦးခွန်သူရလို့ ရေးထားတဲ့ ဖိုင်တွဲတွေ ပေးပါဦး။ တတိယမြောက်အံဆွဲထဲမှာ ရှိတယ်''

''ဟုတ်ကဲ့ ဒက်ဒီ''

ယော ခပ်သွက်သွက်လေး ထလာခဲ့ပြီး စာကြည့်ခန်းထဲရှိ အလူမီနီယမ်ဗီရိုလေးထဲမှ ဖိုင်တွဲလေးကို ယူပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

တာမို့ သူက ခေါင်းငုံ့နှုတ်ဆိတ်လျက် ပြုံးနေလေသည်။

ယောကျဲ့ 'ဒီလို ဒက်ဒီရဲ့' ဟုဆိုပြီး အမှတ်တမဲ့ဆုံခဲ့ရ ပုံတွေကနေ အလုပ်ပေးထားလိုက်တဲ့အထိ ပြောပြလိုက်တော့တ်။

စကားအဆုံး ဦးခန့်မော်က တအံ့တသြလေသံနှင့်...

"မြတ်စွာဘုရား! ငါ့သမီးကတော့ အာဂပဲဟေ့။ သူရိယ ကိုကောင် ဒရိုင်ဘာအဖြစ် ခန့်ထားတယ်ဆိုပဲ"

ဟု အားရပါးရရေရွတ်လိုက်လေတ်။ ဒက်ဒီပြောလိုက် မှပင် ယော ရုက်သွားမိကာ သူ့ကို ရင်မဆိုင်ရဲသလို ခေါင်းငုံ့ မျက်နှာလွှဲထားမိလေသည်။

ထိုစဉ် ယောရဲ့ i phone မှ Ringtone သံလေးကြောင့် အားလုံး အာရုံစိုက်မိလိုက်ကြတ်။

"ဟဲလို, ကျွန်မ သံယောဇဉ်ပါ"

Display မှာ ပေါ်နေသောဖုန်းနံပါတ်က ယော မသိ သောဖုန်းနံပါတ်တစ်ခုဖြစ်တ်။

"ဟဲလို, ကျွန်တော် မြတ်မိုးပါ၊ သူညရဲ့သူငယ်ချင်းပါ။ အခုပြောနေတာ မသံယောဇဉ်လား"

"ဟုတ်ပါတယ်, ဘာကိစ္စရှိလို့လဲ... ညော်, သူလည်း ယောနဲ့အတူရှိတယ်"

"အဲဒါဆို သူ့ကို ဖုန်းလေး ခဏပေးလိုက်ပါ။ ကျွန်တော် အရေးတကြီးပြောစရာလေး ရှိလို့ပါခင်ဗျာ"

"ကောင်းပြီလေ"

ယော, ဖုန်းကို သူ့ထံကမ်းပေးလိုက်သည်။

"မြတ်မိုးတဲ့၊ မင်းနဲ့ပြောချင်တယ်ဆိုလို့"

သူ မမလက်ထဲကဖုန်းကို လှမ်းယူပြီး နားထောင်လိုက် တ်။

"မြတ်မိုး... ဘာကိစ္စရှိလို့လဲ"

"သုည, ဟေ့ကောင်! ကိုအောင်သက်... ကိုအောင် သက်... ဆုံးပြီကွ"

"ဘာ! မဖြစ်နိုင်တာ"

"ဟုတ်တယ်, သူ့အလောင်းကို ရထားလမ်းဘေးမှာ တွေ့တာ။ အရက်အမူးလွန်ပြီး ရထားပေါ်က ကျတယ်ထင်တာ ပဲ"

www.burmeseclassic.com

www.burmeseclassic.com

"မင်း အခု ဘယ်ကဆက်နေတာလဲ"

"လမ်းထိပ်က ဆက်နေတာ၊ မင်း အခုလာခဲ့၊ မင်းလာမှ ငါတို့သွားကြတာပေါ့"

"အေး. . . ဒါပဲနော်၊ ငါ အခုလာခဲ့မယ်"

သူ စိတ်မကောင်းဖြစ်စွာ ဖုန်းကို သူမထံပြန်ပေးလိုက်သည်။

"ဘာတဲ့လဲ လူလေး"

"ဘာဖြစ်တာတဲ့လဲ"

"ကိုအောင်သက် ဆုံးပြီတဲ့"

"ဟယ်"

"ဖြစ်မှဖြစ်ရလေ, ဘာရောဂါနဲ့လဲ"

"အရက်တွေမူးပြီး. . . ရထားပေါ်က ပြုတ်ကျတာတဲ့။ ကျွန်တော်ကတော့ အဲလိုမထင်ဘူး ဘဘ။ ကိုအောင်သက်က ကျွန်တော်တို့ကိစ္စမှာ အဓိကသက်သေဆိုတော့ နှုတ်ပိတ်ခံလိုက်ရတာလို့ထင်တယ်"

"ဘုရားရေ! အဲဒါ ဘယ်လိုလုပ်ကြမလဲဟင်"

"ကျွန်တော် လိုက်သွားဦးမယ်၊ အခု အိမ်ခဏပြန်မှ ဖြစ်မယ်"

"ဒါနဲ့ သူမရှိရင် သက်သေခံ ဘယ်လို. . ."

"မပူနဲ့ ဘဘ၊ ကျွန်တော် မှတ်တမ်းတင်ထားတာတွေ ရှိတယ်"

"အေး, ကောင်းတယ်၊ ဘဘလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး သက်ဆိုင်ရာမှာ တိုင်ချက်ဖွင့်လိုက်တော့မယ်"

"ဟုတ်ကဲ့ ဘဘ"

သူ ထိုင်ရာမှ အလျင်စလို ထရပ်တော့ သူမကပါ ရပ်လိုက်လေသည်။

"မင်းတစ်ယောက်တည်း မသွားနဲ့၊ တို့လည်း လိုက်ခဲ့မယ်။ ဒက်ဒီ, ယော သူနဲ့ခဏလိုက်သွားဦးမယ်"

ဦးခန့်မော်က ခေါင်းညိတ်ပြ၏။

"ကောင်းပြီ သမီး၊ အကြောင်းထူးရင် ဒက်ဒီ့ဆီ ဖုန်းပြန်ဆက်, ကြားလား"

"ဟုတ်ကဲ့ ဒက်ဒီ"

www.burmeseclassic.com

www.burmeseclassic.com

ကားမောင်းသူနေရာမှာ ဝင်ထိုင်လိုက်သော ယောကို ကြည့်ပြီး သူက အံ့သြနေသည်။

"ကျွန်တော် မောင်းမယ်လေ"

ယောက ခါးပတ်ယူပတ်ရင်း သူ့ကိုစကားမပြောဘဲ ကားစက်နှိုးလိုက်တာမို့ ဘေးမှာ ကမန်းကတန်းဝင်ထိုင်ပြီး. . .

"မမ၊ ကျွန်တော့်ကို စိတ်ဆိုးနေတာလား"

ဟု မဝံ့မရဲမေးလေသည်။

"တို့ကဘာကိုစိတ်ဆိုးရမှာလဲ"

နိုးရိမ်စိတ်က ဖောကပ်နေတာမို့ ဒက်ဒီထံမှ ခွင့်ပြုချက် ရသည်နှင့် ယော သူ့နောက်မှာ ခြေလှမ်းတွေ သွက်လက်စွာ ပါလာရသည်။

ဒက်ဒီကတော့ ယောကို တအံ့တသြငေးမောလျက် ကျန် ခဲ့မည်မှာ အမှန်ပင်တည်း။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com

အဖြစ်က တကယ်ပဲ စားရမဲ့သောက်ရမဲ့ လမ်းဘေးကလူ ဖြစ်နေတာလေ''

''တော်ပါ, နိုင်ငံခြားပြန်သူဌေးကို သနားပြီး အလုပ်တွေပေး, အကူအညီတွေပေးထားမိတဲ့ ကိုယ့်ကိုယ်ကိုတောင် ရယ်ချင်တယ်။ မင်းကတော့ စိတ်ထဲကကျိတ်ပြီး တို့ကိုလှောင်နေမှာပဲ''

''မလှောင်ရက်ပါဘူး မမရယ်၊ ကျွန်တော် မမကျေးဇူးတွေကိုဆပ်ဖို့ အတော်လေးကြိုးစားရဦးမယ်၊ ဒုက္ခရောက်နေတုန်းမှာ ကူညီတဲ့လူမှ မိတ်ဆွေစစ် မိတ်ဆွေမှန်တဲ့''

''အပြောကတော့ တကယ်ကောင်းတယ်နော်၊ ပြီးတော့ သရုပ်ဆောင်လည်း ကောင်းတယ်။ ဒါနဲ့ နိုင်ငံခြားမှာ ကျောင်းတက်တယ်ဆိုတော့ ဘယ်ဘာသာကို အဓိကယူလဲ''

သူ ရုတ်တရက် ဘာမှမဖြေဘဲ ပြုံးနေသည်။ အတန်ကြာမှ...

''ကျွန်တော်က ဘာသာရပ်ဆိုင်ရာ တက္ကသိုလ် တက်တာမဟုတ်ပါဘူး။ ကိုယ်ဝါသနာပါတဲ့အလုပ်ကို ဟိုမှာရှိတဲ့သင်

''မမကို ကျွန်တော့်ဘဝအကြောင်းတွေ အမှန်အတိုင်း မပြောဘဲ ထားခဲ့တာကိုပေါ့''

''အဲဒါနဲ့ပဲ တို့က စိတ်ဆိုးရမှာလား''

''မသိဘူးလေ, မမက ကျွန်တော့်ကို စကားမပြောဘဲ မျက်နှာကြီး တင်းထားတော့ စိတ်ဆိုးနေပြီထင်တာပေါ့''

''စိတ်ဆိုးနေရင် အခုလို ဘာမဆိုင်ညာမဆိုင် မင်းကိစ္စကို လိုက်လာပါ့မလား။ စဉ်းစဉ်းစားစားလည်းပြောပါဦး''

မမစကားကြောင့် သူ့ရင်ထဲ သိမ့်ခနဲခုန်သွားရသည်။

''ဒါဆို ဘာလို့ လိုက်ခဲ့ရတာလဲဟင်''

''ဟိတ်! မင်း တော်တော်စကားများပါလား။ မင်းမေးတိုင်း တို့က လိုက်ဖြေနေရမှာလား။ မင်းအလှည့်တုန်းကတော့ တို့ကို လျှို့ဝှက်ထားပြီးတော့''

သူက ဆံပင်တွေထဲ လက်ထိုးဖွရင်း ရယ်ကျဲကျဲမျက်နှာနဲ့...

''ဒါကတော့ ကျွန်တော်ကိုယ်တိုင်တောင် ဘာဆက်လုပ်ရမှန်း မသိသေးတဲ့ဘဝမို့ပါ မမရယ်။ အဲဒီတုန်းက ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com

တန်းကျောင်းတစ်ခုမှာ သွားလေ့လာပြီး Certificate တစ်ခု ရအောင် ယူလာတာ''

''မင်းက ဘာဝါသနာပါလို့လဲ''

''Fashion Model လေ''

ယော မျက်ခုံးပင့်လိုက်မိပါသည်။ သူ့ရုပ်ရည်နှင့် ဝါသနာက လိုက်ဖက်နေတာမို့ ဘာမှပြောစရာမလိုအောင် ပြီးပြည့်စုံပြီး သူ့ရည်ရွယ်ချက်က လူငယ်ဆန်စွာ လွတ်လပ်ပေါ့ပါးနေသည်။ သူ့အဖေ ဦးခွန်သူရ လွှဲအပ်ပေးခဲ့သည့်လုပ်ငန်းတစ်ခု၏ ဦးဆောင်ညွှန်ကြားရေးမှူးဆိုတဲ့ MD တစ်ယောက်ပုံစံနှင့်တော့ သူရိယ ဘယ်လိုမှမလိုက်ဖက်ပါခေျ။

ဒါပေမဲ့ သူ့မှာ တာဝန်ယူတတ်တဲ့ ယောကျ်ားကောင်းစိတ် ရှိရင်တော့ ဝါသနာကိုစွန့်ပြီး စီးပွားရေးကို လုပ်ရမှာပင်။

''မမ''

''ဟင်''

''ဘာတွေစဉ်းစားနေတာလဲ''

''ဩော်. . . မင်းဖြစ်ချင်တာနဲ့ လက်တွေ့နဲ့ ဘယ်လိုမှ

မအပ်စပ်တာကို တွေးမိလို့ပါ''

''ဒါများ လွယ်လွယ်လေး, ကျွန်တော်က စီးပွားရေးကို ဝါသနာမပါဘူး။ မမကကျတော့ စီးပွားရေးလောကမှာ The Great ဆိုတော့ ကျွန်တော့်လုပ်ငန်းတွေအားလုံး မမပဲ ဆက်လုပ်လိုက်''

''အဲမယ်! ကျုပ်က မဆီမဆိုင် ရှင့်လုပ်ငန်းတွေ ဆက်လုပ်ရမယ်, ဟုတ်လား။ ရှင်က ဘာတွေများလုပ်ဖို့ စိတ်ကူးလဲ''

''ကျွန်တော်က အင်း. . . ကျွန်တော်ကတော့ ဝါသနာပါတဲ့အလုပ်ပဲ လုပ်မယ်လေ။ ပြီးတော့ မမကို အလုပ်နဲ့အိမ်, ကားနဲ့ကြိုပို့လုပ်ပေးမယ်။ ဘယ်လိုလဲ မကောင်းဘူးလား''

''မကောင်းပါဘူး''

''ကောင်းပါတယ်''

ယောမျက်နှာလေး ပန်းသွေးရောင် ရဲနေသည်။ သူကတော့ သဘောကျ ကျေနပ်သည့်အပြုံးမျက်နှာနှင့်။

''ကျွန်တော်လေ မမကို. . .''

''တီ! တီ! တီ!. . .''

www.burmeseclassic.com

www.burmeseclassic.com

"ရှင့်ပါးစပ်ကို ပိတ်ထား ဒေါ်ရွှက်စိမ်းနု၊ လောကမှာ ကိုယ်စိတ်ဓာတ် နိမ့်ကျတိုင်း တခြားလူတွေလည်း ဒီလိုချည်းပဲ မထင်နဲ့။ သူရိယကို ရှင့်လက်ထဲ လွှဲပေးရအောင် ဒါအရောင်း အဝယ်လုပ်နေတာမဟုတ်ဘူး။ ရှင် သူနဲ့တွေ့ချင်ရင် တရားရုံးမှာတွေ့၊ အဲဒီကျမှ ပြောချင်တာတွေ တစ်ဝကြီးပြော"

ယောရဲ့စကားအဆုံး သူမက ဟက်ဟက်ပက်ပက် အော်ရယ်လိုက်လေသည်။

"မင်းက သူရိယရဲ့အတွင်းရေးတွေကိုပါ သိနေပြီပေါ့ ဟုတ်လား။ သူများကိစ္စမှာ မဆိုင်ဘဲ ဝင်မရှုပ်စမ်းပါနဲ့ကွာ။ ဒါ မင်းစီးပွားရေးမဟုတ်ဘူး"

"မဆိုင်ဘူးပြောရအောင် ကျွန်မဖေဖေက ဦးခွန်သူရရဲ့ မိသားစုရှေ့နေဆိုတာ ရှင်မေ့နေပြီလား။ ရှင့်ရဲ့မသမာမှုတွေကို ဖော်ထုတ်ဖို့အတွက်ဆို ဘာကိုမှမမှုဘူး။ ရှင့်ဘက်က အေးအေးဆေးဆေး ရင်ဆိုင်ဖို့ အကြံပေးလိုက်မယ်။ အဲလိုမှမဟုတ်ရင်တော့ တရားဥပဒေမှာ လူမှုရေးရှိမှာမဟုတ်ဘူး"

"တောက်! မင်းလို မလောက်လေးမလောက်စားကမှ

"ဟာကွာ"

ရုတ်တရက် မမဖုန်းက ထမြည်တာမို့ သူပြောမယ့်စကားက တစ်ပိုင်းတစ်စနဲ့ ရပ်တန့်သွားရလေတော့တ်။

"ဟဲလို"

"ဟဲလို၊ သံယောဇဉ်လား၊ အန်တီပါ၊ ရွှက်စိမ်းနုလေ"

"ရှင်!"

"သိပ်လည်းအံ့သြမနေပါနဲ့၊ အခု မင်းဘေးမှာ ပါလာတဲ့ကောင်လေးကို တို့ဆီလွှဲပေးဖို့ ပြောချင်လို့ပါ။ အန်တီ သူနဲ့စကားနည်းနည်းလောက် ပြောချင်လို့"

ယောရင်ထဲ ဒိန်းခနဲပင် ခုန်သွားရလေသည်။

ဒေါ်ရွှက်စိမ်းနုက သူမကားပေါ်မှာ သူရိယ ပါလာတာကို ဘယ်လိုသိနေပါလိမ့်။

"ဘယ်လိုလဲ သံယောဇဉ်၊ ဒီတစ်ခါတော့ ဒရိုင်ဘာက ဘေးမှာ အခန့်သားထိုင်ပြီး ကိုယ်တိုင်ကားမောင်းလာရပါလား သံယောဇဉ်ရဲ့။ ဒရိုင်ဘာက KTR ရဲ့အရှင်သခင်လေးမှန်းသိလိုက်ရလို့ ဆက်ဆံရေးတွေ ပြောင်းသွားတာတော့ မဟုတ်ပါဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com

စီးစီးပေါ်မှာပဲ ရှိလိမ့်မယ်ထင်တယ်''

''ဒါဆို ဘယ်လိုလုပ်ကြမလဲ၊ မြတ်မိုးဆီကို သွားမလား၊ ဒါမှမဟုတ် နီးရာရဲစခန်းဝင်ပြီး အကြောင်းကြားမလား''

ယော ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်သည်။ လမ်းပေါ်မှာ ကားအသွားအလာက ရှင်းနေပြီး ဒီအနီးအနားမှာ ရဲစခန်းလည်း မရှိတာမို့ မြတ်မိုးဆီ သွားဖို့သာ ဆုံးဖြတ်လိုက်၏။

''နေဦး၊ ဒက်ဒီ့ကို တို့ဖုန်းဆက်လိုက်ဦးမယ်။ ဒီအတိုင်းဆို ဒီမိန်းမက သူထင်ရာတွေ လျှောက်လုပ်ကုန်မှာ''

ယော အိမ်ကို ဖုန်းပြန်ခေါ်လိုက်သည်။ ဒက်ဒီ အပြင်သွားပြီတဲ့။

''အိမ်မှာ ဒက်ဒီမရှိဘူး၊ တို့ထွက်လာပြီး ဒက်ဒီလည်း ချက်ချင်းထွက်သွားတာနေမယ်''

''သိပ်လည်း စိတ်ပူမနေပါနဲ့၊ ဘဘက ဒေါ်ရွှက်စိမ်းနဲ့ကိစ္စနဲ့ပတ်သက်ပြီး အပြင်ထွက်သွားတာနေမှာပါ။ ဟာ. . . ရှေ့မှာ ကားတစ်စီး ပိတ်နေတယ် မမ''

သူနေတဲ့ရပ်ကွက် လမ်းချိုးနား ရောက်ခါနီးမှ လမ်းပိတ်

ငါ့ကို လေတစ်လုံးမိုးတစ်လုံး စကားတွေနဲ့ လာခြိမ်းခြောက်နေလိုက်တာ။ တွေ့မယ်. . . ။ ရွှက်စိမ်းနဲ့ ဘာလဲဆိုတာ မကြာခင် မင်းသိစေရမယ်''

ဒေါ်ရွှက်စိမ်းနဲ့က ဖုန်းထဲကနေ ယောကို ဒေါသတကြီး ကြိမ်းမောင်းသွားပေမယ့် ယောဘေးမှာ သူရိယ ပါလာတာကို သူမ သိနေပုံအရ ဒီအနီးပတ်ဝန်းကျင်မှာ သူမ(သို့မဟုတ်) သူမ ရဲ့လူတွေ ရှိနေနိုင်ကြောင်း ယော ရိပ်မိလိုက်သည်။

''ဘာတွေပြောသွားတာလဲ မမ၊ အဲဒါ ဟိုမိန်းမကြီး မှတ်လား''

''ဟုတ်တယ်၊ သူက မင်း၊ တို့နဲ့အတူရှိနေတာကို သိတယ်။ မင်းကို သူ့ဆီလွှဲပေးဖို့ပြောတာ တို့လက်မခံမှန်းသိတော့ တော်တော်တင်းသွားပုံရတယ်''

ယော ကားမောင်းရင်း ဘက်မှန်ကနေ နောက်ကို မကြာခဏကြည့်မိသဖြင့် သူပါ လမ်းတစ်လျှောက် ကြည့်လာလေသည်။

''သူက ဘယ်ကနေ ဆက်တာလဲ မမ''

''တို့အဆင်ပြေရရင် သူ ဒီလမ်းကြောပေါ်က ကားတစ်

www.burmeseclassic.com

www.burmeseclassic.com

နေသောကြောင့် ယော ကားကိုအရှိန်လျော့ချလိုက်သည်။

''ဘယ်သူမှလည်း မတွေ့ဘူး၊ ကားကြီး ဒီအတိုင်းရပ်ထားပြီး ဘယ်လျှောက်သွားနေလဲမသိဘူး''

သူရိယ မကျေမနပ်ရေရွတ်ရင်း အပြင်ကို ခေါင်းပြူကြည့်သည်။

''တီ!. . . တီ!. . .''

ယော ဟွန်းကိုအဆက်မပြတ်နှိပ်၍ လမ်းဖယ်ခိုင်းသော်လည်း ပိတ်ရပ်ထားသည့် ဆလွန်းကားဖြူဖြူလေးက ပကတိငြိမ်သက်နေသလို ကားမောင်းသူရဲ့အရိပ်အယောင်ကိုလည်း မမြင်ရချေ။

''လမ်းကွေ့ကြီးမှာကွာ. . . ကားပျက်နေလား မသိဘူး''

''အင်းလေ. အိပ်ပျော်နေတာဆိုလည်း ဒီလောက် ဟွန်းသံကြီး ဆူညံနေတာ နိုးရောပေါ့''

''ကျွန်တော် ခဏဆင်းကြည့်ဦးမယ် မမ''

ယော ဘာမှမပြောရသေးခင် သူရိယ ကားပေါ်မှ ဆင်းသွားပြီး လမ်းဘေးကွဲမှာ ကန့်လန့်ပိတ်နေသည့်ကားဆီ လျှောက်

သွားတော်။

ကားပေါ်မှာ လူရိုင်နေသည်ထင်တော်။ သူရိယ ကားရှေ့ခန်းမှလူကို ရပ်ပြီး လမ်းဖယ်ပေးရန် ပြောနေသည်။ ထိုစဉ်မှာပင် ယောဘေးနားသို့ လူတစ်ယောက် စွေ့ခနဲဝင်ထိုင်လာတော်။

''ရှင်. . . ရှင် ဘယ်သူလဲ''

''အော်ဖို့မကြိုးစားနဲ့ သံယောဇဉ်၊ ဟိုမှာ မင်းကောင်လေး ဒုက္ခရောက်သွားမယ်''

''ဘာ! ရှင် ဘာတွေပြောနေတာလဲ၊ ခုချက်ချင်း ကားပေါ်က ဆင်း''

ယော ဘယ်လိုပြောပြော. ထိုလူက ကားတံခါးကိုပိတ်ကာ အကျအနထိုင်နေတာမို့ ယော ထိတ်လန့်တုန်လှုပ်စွာ ကားဟွန်းကို အဆက်မပြတ်တီးလိုက်မိသည်။

''တီ! တီ! တီ!''

ကားဟွန်းသံကြောင့် သူရိယ လှည့်ကြည့်သည်။

''သူရိယ ပြေး. . . အ. . .''

ယောရဲ့အော်သံမဆုံးခင် ထိုလူက ယောရဲ့ပါးစပ်ကို ပိတ်

www.burmeseclassic.com

www.burmeseclassic.com

သူ မမအတွက် စိုးရိမ်သွားမိသည်။

လောဘဖောတိုက်နေတဲ့ ဒေါ်ရွှက်စိမ်းနက မမကိုလည်း အလွတ်ပေးမှာမဟုတ်မှန်း သူနားလည်ထားတာမို့...

"မမကိုလွှတ်ပေးဖို့ ကျုပ်ပြောနေတယ်... ခင်ဗျားတို့ မကြားဖူးလား"

"ဟာ... ရှည်လိုက်တာ၊ ကားပေါ်တက်မှာ တက်စမ်းကွာ။ ဟိုကအမိန့်မရသေးလို့၊ နို့မို့ဆို ရှင်းပစ်လိုက်တာကြာပြီ"

လူဗိုက်နှစ်ယောက်က သူ့ကိုအတင်းဖမ်းချုပ်ပြီး ကားပေါ်တင်သည်။

"မမ"

"သူရိယ"

"ဘာမှအလွမ်းဖာတ်ခင်းမနေနဲ့ သံယောဇဉ်၊ အဲဒီကားနောက်က ကွန်ဒြေမပျက် မောင်းပေး။ လမ်းမှာ ရုတ်ရုတ် ရုတ်ရုတ် လုပ်လို့ကတော့ ငါက ညှာမှာမဟုတ်ဘူးနော်"

သူက ယောကိုလွှတ်ပေးလိုက်ပြီး လက်နက်တစ်ခုနှင့် ခါးကိုထောက်ထားကာ ကားမောင်းခိုင်းသည်။

ပစ်လိုက်ကာ...

"ဆူဆူပူပူမလုပ်ဖို့ သတိပေးထားတယ်နော်။ မင်းနား မထောင်မရင် ဟိုကောင့်ကို ရှင်းပစ်ရလိမ့်မယ်"

ဟု တီးတိုးလေသံနှင့် ခြိမ်းခြောက်လိုက်တာမို့ ယောမျက်လုံးလေးကလယ်ကလယ်နှင့် ငြိမ်သက်သွားရသည်။

"မမ... ဟေ့လူ မမကိုဘာလုပ်တာလဲ"

သူရိယမှာ မမထံသို့ ပြေးသွားရန် ပြင်လိုက်စဉ်မှာပင် ကားပေါ်မှဆင်းလာသော လူနှစ်ယောက်က ဘယ်ညာဖမ်းချုပ်ထားလိုက်လေတော့တ်။

"ခင်ဗျားတို့ ဘာလုပ်တာလဲ, ဖယ်စမ်း!"

"ဟေ့ကောင် ငြိမ်ငြိမ်နေ၊ အသားမနာချင်ရင် ကားပေါ်ကိုတက်စမ်း"

အခြေအနေအားလုံးကို သူသဘောပေါက်သွားပါသည်။ ဒါ ဒေါ်ရွှက်စိမ်းနှလက်ချက်ကလွဲပြီး တခြားဘာမှမဖြစ်နိုင်။

"ခင်ဗျားတို့လိုချင်တာ ကျုပ်ပဲမဟုတ်လား၊ ဘာမှမဆိုင်တဲ့မမကို လွှတ်ပေးလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၁)

''နောက်ဆုံးတော့ တို့ရွှေ့မောက်ကို ရောက်လာရတာ ပဲမဟုတ်လား ပြည်တော်ပြန်မင်းသားလေးရဲ့။ ဘယ်လိုလဲ, ခင်ခန့်စရာကောင်းတဲ့အိမ်ပြန်ခရီးလေးကို သဘောကျရဲ့လား''

ဒေါ်ရွှက်စိမ်းနုရဲ့မျက်နှာကို သူ ရွံမုန်းနာကြည်းစွာ စိုက်ကြည့်နေမိသည်။

ဖေဖေ့ကိုသေစေခဲ့တဲ့ မိန်းမဆိုသောအသိက သူ့ခန္ဓာကိုယ်ထဲမှာ ရှိသမျှသွေးတွေကို ပူနွေးဆူပွက်လာစေသည်။

''ခင်ဗျား သိပ်ကိုကြောက်ဖို့ကောင်းတဲ့မိန်းမပဲ၊ ဒေါ်ဘာ

ယောမှာ ရွှေးစရာလမ်းမရှိတော့။

တုန်ရီနေသောလက်အစုံနှင့် ကားမောင်းရန် ပြင်လိုက်စဉ် ရုတ်တရက် ဖုန်းက ထမြည်လာသည်။

''ပေးစမ်း! အဲဒီဖုန်း''

ထိုလူက ယောရဲ့ဖုန်းကိုယူပြီး စက်ပိတ်ဖစ်လိုက်တာမို့ အသံလေး တိတ်သွားပေမယ့် ယောရင်ထဲမှာ ထိတ်ခနဲဝမ်းသာသွားရသည်။

ကံကောင်းထောက်မလို့ ဖုန်းဆက်တာ ဒက်ဒီဖြစ်လိုက်စမ်းပါတော့။ အဲဒါမှ အခြေအနေအရ ဘာလုပ်သင့်တယ်ဆိုတာ သဲဘောပေါက်ပြီး စီစဉ်စရာရှိတာ စီစဉ်နိုင်မှာ။ ဒီလိုမှမဟုတ်ရင် ယောတို့နှစ်ယောက်က ဒေါ်ရွှက်စိမ်းနုလက်ခုပ်ထဲက ရေဖြစ်ရတော့မယ်။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com

"အောင်သက်ကို ငါက ဘာကိစ္စသတ်ရမှာလဲ၊ သူ့စရိုက်နဲ့သူ သွားတာ။ အလကားလူ့ သေခါနီး သွေးရူးသွေးတမ်းနဲ့ ကလေးကြိုက်ပုံပြင်တွေ ပြောသွားတာ"

"ခင်ဗျား ပြောင်မငြင်းနဲ့၊ ခင်ဗျားလိုမိန်းမက ချမ်းသာဖို့ဆို ဘာမဆိုလုပ်ရဲတဲ့မိန်းမကြီး"

သူ ဘယ်လောက်ပြောပြော ဒေါ်ရွှက်စိမ်းနက အပြုံးမပျက်၊ သွေးအေးအေးနှင့် ရက်စက်တော့မည့် အရိပ်အယောင်တွေက သူမမျက်နှာမှာ ထင်ဟပ်နေသည်။

ယော သူမမျက်နှာကိုကြည့်ပြီး ရွံရှာစိတ်မျက်လာသည်၊ ငွေရဖို့တစ်ခုတည်းအတွက် ဆင်ကန်းတောတိုး မိုက်ရူးရဲဆန်နေ၏။

"ခင်ဗျား ကျွန်တော့်ကို သေစေချင်နေတာမှတ်လား။ အခုသတ်လိုက်လေ. မမကို ဒုက္ခမပေးနဲ့။ ဒီကိစ္စက မမနဲ့မဆိုင်ဘူး"

သူရိယစကားအဆုံး ဒေါ်ရွှက်စိမ်းနက မျက်ခုံးပင့်ရင်း

"ဩော်, သိပ်ကိုကြင်နာနေကြပါလား။ တစ်ယောက်

တွေနဲ့ရူးသွပ်နေတဲ့မိန်းမကြီးပဲ။ ဖေဖေ့ကိုသတ်ရတာနဲ့တင် အားမရလို့ ကျွပ်ကိုပါသတ်ပြီး ဒီပစ္စည်းဥစ္စာတွေကို အပိုင်စီးချင်နေတာမှတ်လား"

စိတ်ထဲရှိသမျှခံစားချက်တွေကို ပေါက်ကွဲပစ်လိုက်သော သူရိယရဲ့စကားအဆုံး သူမက နှုတ်ခမ်းဖျားမှာ တေ့ထားတဲ့ စီးကရက်ကို မီးညှိလိုက်ရင်း. . .

"မင်းအဖေကို ငါမသတ်ဘူး. . . သူ့ဟာသူ သေချင်လို့ သေသွားတာ"

"ခင်ဗျား ဘာမှလာမငြင်းနဲ့၊ ကျွပ် အားလုံးသိပြီးပြီ"

"မင်းက ဦးနှောက်သေးသေးလေးနဲ့ ပြောသမျှစကားတွေကို ယုံနေတာပဲနော်။ အင်းလေ, အောင်သက်ဆိုတဲ့ကောင် ကလည်း ပုံပြောသိပ်ကောင်းတာဆိုတော့"

"တော်စမ်းပါ. . . ခင်ဗျား ကိုအောင်သက်ကိုရော ရှင်းလိုက်ပြီမဟုတ်လား"

သူ့စကားအဆုံး ဒေါ်ရွှက်စိမ်းနက စီးကရက်ကိုဖွာပြီး မီးခိုးငွေ့များကို မှုတ်ထုတ်ကာ. . .

www.burmeseclassic.com

www.burmeseclassic.com

မင်းကိုလက်ဖျားနဲ့တောင် မတို့ဘူး။ အမွေလွှဲစာချုပ်တွေ ငါ့လက်ထဲရောက်တာနဲ့ သံယောဇဉ်ကို သူ့အဖေနဲ့ပြန်ထည့်ပေးလိုက်မှာ။ မင်းကတော့ သေပြီးသားလူပဲ, ဘာမှအထွေအထူးစီစဉ်စရာမလိုပါဘူး။ ငါ့စကားကိုနားထောင်ပြီး လိမ္မာမယ်ဆိုရင်တော့ တစ်မျိုး စဉ်းစားပေးရမှာပေါ့။ အားလုံးအသိမှာ ဦးခွန်သူရရဲ့တစ်ဦးတည်းသောသားလေးက သေသွားပြီလေ, ဟား... ဟား... ဟား"

"ခင်ဗျား ရှူးနေလား။ မကောင်းမှုဆိုတာ အကြောကြီးဖုံးထားလို့မရဘူးဗျ"

"ဟုတ်လား... မင်းက ဘာများတတ်နိုင်သေးလို့လဲ သူရိယရဲ့။ အခုလောလောဆယ် မင်းက ငါ့လက်ခုပ်ထဲက ရေဆိုတာလည်း မေ့မထားနဲ့ဦးလေ"

"တောက်!"

သူ ခံပြင်းနာကြည်းစွာ တောက်ခေါက်လိုက်တော့ သူမက သဘောကျစွာ ဟက်ဟက်ပက်ပက် အော်ရယ်သည်။

ထိုရယ်သံတွေမှာ မထီမဲ့မြင် လှောင်ပြောင်သရော်ခိုင်

ကလည်း မင်းကိုငဲ့ညှာပြီး သူ့ကိုယ်သူ ဒုက္ခအရောက်ခံတယ်။ မင်းကလည်း သူ့အတွက် အသက်အသေခံမယ်ပေါ့, ဟုတ်လား။ ဒီမှာ သူရိယ... မင်းတို့နှစ်ယောက်ကြောင့် ငါ့အစီအစဉ်တွေ ကမောက်ကမဖြစ်ကုန်တာကွ၊ သိရဲ့လား"

"အစကတည်းက ရှင် မဟုတ်တာတွေ ကြံစည်ခဲ့တာပဲ။ ဘယ်လိုလုပ်ပြီး အဆင်ပြေမှာလဲ"

ယောရဲ့စကားကြောင့် သူမက ဒေါသတကြီးလှည့်လာသည်။

"မင်းတိတ်တိတ်နေရင် ကောင်းမယ် သံယောဇဉ်။ ငါ မင်းကို ကြည့်ချင်မြင်ချင်လွန်းလို့ ဒီကိုခေါ်လာတာမဟုတ်ဘူး။ မင်းအဖေဆီမှာ အပေးအယူလုပ်ဖို့အတွက် ခဏခေါ်ထားရတာ။ အင်းလေ, ဘာမဟုတ်တဲ့ သူများစီးပွားရေးအတွက် ကိုယ့်သမီးလေးရဲ့အသက်ကို စတေးရဲတဲ့အထိ ဦးခန့်မော်က မိုက်ရဲပါဘူး"

"ခင်ဗျား ယုတ်မာလှချည်လား၊ ကျုပ်ကိုလည်း သတ်ဖို့ကြံစည်တယ်၊ မမကိုလည်း..."

"တိတ်စမ်း! ဦးခန့်မော်သာ သဘောကောင်းမယ်ဆို ငါ

www.burmeseclassic.com

www.burmeseclassic.com

တွေက ပြည်နှက်နေတ်။

''သိပ်လည်းဒေါသကြီးမနေပါနဲ့ မင်းတို့ ဒီမှာ အေးအေး ဆေးဆေးနေပါ။ ခဏနေရင် ဦးခန့်မော် ရောက်လာတော့မှာ၊ အဲဒီအခါကျမှ ဆက်ပြီးဆွေးနွေးကြတာပေါ့''

စကားအဆုံး ဒေါ်ရွှက်စိမ်းနုက အခန်းအပြင်သို့ ပြန် ထွက်သွားလေတော့သည်။

ခဏတစ်လုံးမှာ သူတို့နှစ်ယောက်ကို ကျောချင်းကပ်၍ ကြိုး တုပ်ထားခဲ့တာမို့ တစ်ယောက်မျက်နှာ တစ်ယောက် မမြင်ရပေ မယ့် မျှဝေခံစားပေးနိုင်သည့် ရင်ခုန်သံချင်းတော့ နီးစပ်နေကြ လေသည်။

အကြင်နာတွေ စေတနာမေတ္တာတွေ အားလုံးအတွက် ကျေးဇူးပါ မမရယ်။

☺☺☺

အခန်း (၂၂)

''မမစိမ်း၊ အပြင်မှာ ဦးခန့်မော် ရောက်နေပြီ''

''သြော်, ဟုတ်လား။ ကဲ, ကိုနိုင်...ဟိုနှစ်ယောက်ဆီ သွားနေလိုက်၊ စိမ်း, ဦးခန့်မော်နဲ့ ထွက်တွေ့လိုက်ဦးမယ်''

ပြောပြောဆိုဆို ဒေါ်ရွှက်စိမ်းနုမှာ ရှေ့နေကြီး ဦးခန့်မော် နှင့်တွေ့ရန် ညှို့ခန်းထဲသို့ ထွက်လာခဲ့သည်။

''နေကောင်းတယ်နော် ဦးခန့်မော်''

ရွှက်စိမ်းနုရဲ့နှုတ်ဆက်သံကြောင့် ဦးခန့်မော်က ဆတ် ခနဲမော့ကြည့်၏။ သူမကတော့ ဆိုဖာထိုင်ခုံတွေကို ပတ်လျှောက်

www.burmeseclassic.com

www.burmeseclassic.com

လာရင်း ဦးခန့်မော်ရဲ့လက်ဆွဲသေတ္တာထဲမှာ စာချုပ်တွေ ပါမပါ ကိုပဲ အကဲခတ်လာမိလေသည်။

"ကျုပ်သမီးနဲ့ တွေ့ချင်တယ်"

"တွေ့ရမှာပါရှင်. ကျွန်မ သူတို့ကို ကောင်းကောင်းမွန်မွန်ထားပါတယ်။ ရှေ့နေကြီးရဲ့ကတိသစ္စာကို ယုံကြည်လို့ သံယောဇဉ်ကို မဲ့တစ်ပေါက်မှ မစွန်းအောင် စောင့်ရှောက်ထားပါတယ်။ ဘာမှစိတ်မပူပါနဲ့။ ဒါနဲ့ ကျွန်မလိုချင်တဲ့ စာရွက်စာတမ်းလေးတွေရော ပါလာခဲ့ရဲ့လား"

လောဘရောင် တရှိန်ရှိန်ဟပ်နေသည့် ရွှက်စိမ်းနှမျက်နှာကိုကြည့်ပြီး ဦးခန့်မော် သက်ပြင်းတစ်ချက် ချလိုက်သည်။

"သူရိယရော ဘယ်မှာလဲ"

"မေးခွန်းတွေ များလှချည်လား၊ ကျွန်မတို့ စကားနည်းနည်းပြော အလုပ်များများလုပ်ပြီး အချိန်ကိုချွေတာရအောင်။ ကဲပါရှင်... ကျွန်မလိုချင်တာတွေ မြန်မြန်ပေးပါတော့။ အဲဒါဆို ရှင့်သမီးကို ပြန်ထည့်ပေးလိုက်မယ်။ ဒါမှမဟုတ်ရင် ဦးခန့်မော် အတွက် ဘဝပါလည်း ဆုံး၊ သားလည်း ဆုံးဖြစ်သွားလိမ့်မယ်"

"သူရိယကို ကျုပ်တွေ့ချင်တယ်"

ရွှက်စိမ်းနှက မျက်လုံးအစုံကို တင်းတင်းဖိပိတ်ပြီး ကျွတ်ခနဲစုတ်သပ်ရင်း ခေါင်းကိုရမ်းလိုက်ကာ...

"ရှင်ဘာတွေအချိန်ဖြုန်းနေတာလဲ ဦးခန့်မော်၊ သူရိယနဲ့ပတ်သက်ပြီး ရှင်နဲ့ပြောစရာစကားမရှိဘူး။ အဓိက ရှင်လိုချင်တာ ရှင့်သမီးပဲမဟုတ်လား"

"အဲဒါဆို ခင်ဗျားမှာနေပြီ ဒေါ်ရွှက်စိမ်းနှ၊ ဦးခွန်သူရက သူပိုင်ဆိုင်တဲ့ပစ္စည်းတွေ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး နှစ်စုခွဲခဲ့တယ်။ အဲဒီအတွက် သူရိယနဲ့ ကျုပ် စကားပြောရဦးမယ်"

"ဘာ! အစ်ကိုကြီးက သူပိုင်တာတွေကို နှစ်စုခွဲခဲ့တယ်ဟုတ်လား... အဲဒါ ဘာအတွက်လဲ၊ ဘယ်သူတွေအတွက်လဲ"

ရွှက်စိမ်းနှ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ဦးခန့်မော်က ခေါင်းတစ်ချက်ညိတ်ကာ...

"ဟုတ်တယ်. တစ်စုက သူရိယအတွက်၊ ကျန်တဲ့တစ်စုက သူရိယရဲ့သဘောတူညီမှုနဲ့ အများပြည်သူအကျိုးပြု လူမှုရေးလုပ်ငန်းတွေနဲ့ ဘာသာရေးဆိုင်ရာဌာနတွေမှာ လှူဒါန်းဖို့ပဲ

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့က သူရိယ အသက်နှစ်ဆယ်ပြည့်တဲ့နေ့မို့ သူ့ကို အားလုံး လွှဲပေးပြီးပါပြီ။ ကျန်တဲ့တစ်စုကို လှူဖို့အတွက် သူ့ဆန္ဒကိုမေး ရပါမယ်''

''အို. . . မဟုတ်တာ၊ အဲလိုမဖြစ်စေရဘူး။ ကျန်တဲ့တစ် ဝက်က ကျွန်မအတွက် ဖြစ်ရမှာပေါ့။ ဘာလို့ လှူပစ်ရမှာလဲ''

''ဒါကတော့ သူရိယရဲ့သဘောပါပဲ။ ခင်ဗျားလိုချင်ရင် တော့ သူ့ဆီကနေ အသနားခံမှပဲ ရလိမ့်မယ်''

''တောက်!''

ရွှက်စိမ်းနုရဲ့တောက်ခေါက်သံအဆုံး ဦးခန့်မော်က မိမိ ရဲ့ ပရိယာယ်အောင်မြင်သွားသည့်အတွက် ကျေနပ်စွာ ပြုံးလိုက် မိသည်။

''ဒီနေ့အထိ ဦးခွန်သူရဇီလုပ်ငန်းတွေကို သစ္စာရှိစွာ ထိန်းသိမ်းပေးခဲ့တဲ့ ဒေါ်ရွှက်စိမ်းနုကို ကျေးဇူးပြန်ဆပ်တဲ့အနေနဲ့ သူရိယက တစ်ခုခုတုန့်ပြန်မှာပါ။ ဒီအတိုင်း အချည်းနီးတော့ မဖြစ်စေရပါဘူးဗျာ''

''တော်စမ်းပါ, ကျွန်မက အဲဒါကိုဘာလုပ်ရမှာလဲ။ ဒါ

အဓိပ္ပာယ်မရှိတဲ့လုပ်ရပ်ပဲ။ ကျွန်မခင်ပွန်းရဲ့အမွေကို ကျွန်မက ဘယ်သူ့ဆီမှာ အသနားခံ ပြန်တောင်းရမှာလဲ။ ကျွန်မ လုံးဝဖယ် မပေးနိုင်ဘူး။ ဒီအိမ်, ဒီမြေနဲ့ ဒီစီးပွားရေးတွေအားလုံး ကျွန်မ ပိုင်တယ်။ ဘယ်သူ့မှ မပေးနိုင်ဘူး. . . မပေးဘူး''

လောဘ ဒေါသ မောဟတွေ ဖုံးလွှမ်းနေသော ဒေါ် ရွှက်စိမ်းနုရဲ့ ကြောက်မက်ဖွယ်အသံကြီးက ဆူညံနေသည်။

ထိုစဉ် အိမ်ထဲသို့ ရဲအရာရှိနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက် လာ၏။

''ဒါ ဒေါ်ရွှက်စိမ်းနု ထင်ပါတယ်, တာဝန်အရ ဒီအိမ် ထဲကို ရှာဖွေခွင့်ပြုပါ''

''ဘာ! ဘာအတွက် ရှာရမှာလဲရှင့်၊ ကျွန်မအိမ်မှာ တရား မဝင်တဲ့ပစ္စည်း ဘာမှမရှိပါဘူး။ ဘာလုပ်ငန်းမှလည်း မလုပ်ပါဘူး ဒါ ကျွန်မရဲ့မိသားစုရှေ့နေပါ။ ကျွန်မတို့ လုပ်ငန်းကိစ္စ အေးအေး ဆေးဆေး ဆွေးနွေးနေတာပါ''

ဒေါ်ရွှက်စိမ်းနုက အကြောက်အကန် ငြင်းဆန် တောင်း ပန်ပေမယ့် ရဲအရာရှိရဲ့မျက်နှာက တည်ငြိမ်အေးစက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုပဲဖြစ်ဖြစ် တာဝန်သိပြည်သူတစ်ဦးရဲ့ သတင်းပေး တိုင်ကြားချက်အရ အခုလို လာရောက်စစ်ဆေးတာပါ။ ဒီအိမ်ထဲမှာ ကျွန်တော်တို့ရဲ့တပ်ဖွဲ့က အလိုရှိနေတဲ့ တရားခံပြေးနိုင်မင်း ရှိနေတာလည်း သတင်းရထားပါတယ်, ဒီမှာ ရှာဖွေပုံစံ။ ကဲ, ရဲဘော်တို့ တစ်အိမ်လုံးကိုရှာပါ"

ဒေါ်ရွှက်စိမ်းနုမျက်နှာက ညိုမည်းသွားသည်။ ခဏအကြာ အိမ်အပေါ်ထပ် အောက်ထပ်အခန်းများကို ဝင်ရောက်ရှာဖွေကြသော ရဲပ်ကွက်လူကြီးများနှင့် ရဲတပ်ဖွဲ့ဝင်များ ပြန်ထွက်လာ၏။ သူတို့နှင့်အတူ ဒေါ်ရွှက်စိမ်းနုရဲ့ အပေါင်းအပါ လူဆိုးလူမိုက်များပါ ပါလာသည်။

ထို့နောက် ဒေါ်ရွှက်စိမ်းနု၏ အားအကိုးရဆုံး ဒုစရိုက်သမားကြီး နိုင်မင်းနှင့် အဖမ်းခံထားရတဲ့ ယောကျ်ားစစ်ယောက်ကိုပါ ရှာတွေ့သွားကြသည်။

"ကဲ, ဒေါ်ရွှက်စိမ်းနုလည်း စခန်းကိုလိုက်ခဲ့ပါ"

"ကျွန်မ. . . ကျွန်မမှာ ဘာအပြစ်ရှိလို့လဲရှင်၊ ကျွန်မမှာ ဘာအပြစ်မှမရှိပါဘူး"

"အပြစ်ရှိတာမရှိတာ ဌာနရောက်မှ ဖြေရှင်းပါ။ ခုတော့ ဒီအိမ်ထဲကလူအားလုံးပဲ စခန်းလိုက်ခဲ့ကြပါ"

ရဲအရာရှိရဲ့စကားအဆုံး အပြစ်ရှိသူ ဒေါ်ရွှက်စိမ်းနု မျက်နှာ ညိုးရော် နွမ်းလျသွားပေမယ့် ယောနဲ့ သူရိယရဲ့မျက်နှာတွေမှာတော့ အပြုံးကိုယ်စီနှင့် တစ်ယောက်လက်တစ်ယောက် တင်းတင်းဆုပ်ကာ။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com

ခုတော့ အားလုံး ပြီးဆုံးသွားခဲ့ပါပြီ။

''မမကို အရမ်းကျေးဇူးတင်ပါတယ်''

''အံမယ်!. . . တကယ်ကျေးဇူးတင်ရမှာက ဒက်ဒီ့ကို သူရိယရဲ့။ ဒက်ဒီစီစဉ်တာတွေ အကွက်ကျလို့နေ၊ နို့မို့ဆို ယောတို့နှစ်ယောက်လုံး မတွေးရဲစရာပဲ''

ယော ပခုံးလေးတွန့်ပြီး ဖြောလိုက်တော့ သူပြုံးနေတယ်။

''အခုတော့ ဒုစရိုက်သမားတွေရဲ့သွားရာလမ်းကို တွေးကြည့်လို့ ရပါပြီ။ ဒေါ်ရွက်စိမ်းနုလည်း သူ့ရဲ့မိုက်ပြစ်တွေအတွက်

www.burmeseclassic.com

www.burmeseclassic.com

"ရှင်လိုက်တာ၊ မျက်စိတွေတောင် လည်ကုန်ပြီ၊ သူရိယ အဖြစ်ကလည်း တကယ့်သည်းထိတ်ရင်ဖိုပါပဲလား"

"ဇာတ်လမ်းက ကြမ်းတယ်နော်၊ အင်း. . . ဇာတ်သိမ်း ခန်းမှာတော့ မင်းသားနဲ့မင်းသမီး ပေါင်းရမယ်ထင်တာပဲ"

"ဘာ!"

ယောက ခပ်စွာစွာလေး အော်ပစ်လိုက်တော့ သူ ဆတ် ခနဲတုန်သွားသည်။

"မမကလည်းဗျာ, လန့်လိုက်တာ၊ ခုမှ အေးအေးဆေး ဆေးနေပြီး အသက်ဝဝရှူရတော့မလားမှတ်တယ်။ မမက အော် နေတော့"

"မင်းက ဘာလို့မဟုတ်တာတွေ ပြောနေလဲ"

"မဟုတ်တာ?. . . ဘာမဟုတ်တာ ပြောမိလို့လဲ"

"ခုနပြောတယ်လေ၊ ခုမှ ရှူးချင်ယောင်ဆောင်မနေနဲ့"

"ဩော်, မမက ထပ်ကြားချင်လို့လား"

"မကြားချင်ပါဘူး"

"ပြောမှာပဲ"

ကောင်းကောင်းပေးဆပ်ရမှာပဲ။ လူတစ်ယောက်ကို သေစေလို တဲ့ ကြဲရွယ်ချက်နဲ့ ကြိုတင်ကြံစည်ခဲ့တာတွေ၊ ပြီးတော့ လူကို သတ်ဖို့ ဒါမှမဟုတ် နာကျင်စေဖို့ဆိုတဲ့ မြိမ်းခြောက်မှုတွေနဲ့ အကျပ် ကိုင် တောင်းဆိုခဲ့တာတွေ၊ ပြစ်မှုတစ်ခုကို အထမြောက်စေဖို့ တစ်ဦးထက်ပိုတဲ့လူတွေက ပြုလုပ်ခဲ့တာတွေ၊ ပြန်ပေးမှုတွေရော အမှုတွေက တစ်တန်းကြီးပဲ။ သူ့အတွက် လွတ်လမ်းမရှိတော့ ပါဘူး"

"ဒါနဲ့ သူရိယ နိုင်ငံခြားက ပြန်ရောက်ရောက်ချင်း ပြန် ပေးဆွဲခဲ့တာတွေကရော ဘယ်သူတွေတဲ့လဲ။ အဲဒါကလည်း ဒေါ် ရွှက်စိမ်းနဲ့ လွှတ်ထားတဲ့လူတွေပဲလား"

"မဟုတ်ဘူး, အဲဒါက နိုင်မင်း,လူတွေ၊ ကျွန်တော့်ကို ကြားထဲက ဖြတ်ခုတ်ပြီး ဒေါ်ရွှက်စိမ်းနုဆီမှာ ရောင်းစားဖို့ ကြံ ခဲ့ကြတာလေ။ ဖြစ်ချင်တော့ ကားအက်ဆီးဒင့်နဲ့ အကုန်သေသွား တော့ ကျွန်တော် ပါသွားပြီဆိုပြီး လက်လျော့ထားတာ။ အခုမှ နိုင်မင်းဆိုတဲ့လူနဲ့ ဒေါ်ရွှက်စိမ်းနက ပြန်ပူးပေါင်းမိသွားတာလေ"

ယော မျက်မှောင်ကြုတ်ရင်း ခေါင်းရမ်းလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"အခုမှပဲ လွတ်လပ်သွားတော့တယ်၊ ဟိုကောင်ပြောတာ ဟုတ်လားဟင်"

"ဘာကို ဟုတ်ရမှာလဲ"

"ကျွန်တော့်ကိုချစ်လားဟင်၊ ကျွန်တော်ကတော့ မမကို..."

သူ့ရင်ခွင်ထဲက မမကိုယ်လေးက ကျုံ့ခနဲဖြစ်သွားသည်။ ရုက်ရွံ့နေတဲ့မျက်နှာလေးကို သူ့ရင်ဘတ်နဲ့ ဝှက်ကွယ်ထားတာမို့ ရင်ခုန်သံတွေကို မမ ကြားရမှာပါ။

"ကျွန်တော်, မမကို..."

"ဟဲ့!...ယော"

"အမယ်လေးဗျ"

ဒီတစ်ခါတော့ မမက သူ့ရင်ဘတ်ကို တွန်းထုတ်ပြီး နောက်ကို ဆုတ်သွားသည်။ သူလည်းလန့်ပြီး တအားအော်ပစ်လိုက်မိတ်။

"ဟဲ့, အမယ်လေး...ရှာလိုက်ရတာ ယောရယ်။ နင်က ဒီရောက်နေတာကိုး။ ဒီမှာ ဖိတ်စာလာပေးတာ"

"သူရိယနော်, ဘယ်လိုဖြစ်နေလဲ"

မမက ရုက်ပြီး ခေါင်းငုံ့ မျက်နှာလွှဲသွားသည်။ သူက မမမျက်နှာလေးကိုပဲ မရမကလိုက်ငဲ့စောင်းကြည့်ပြီး မမဟု တိုးတိုးလေး ခေါ်ကြည့်လိုက်သည်။ မမက ပြန်မထူး။

"မမ, ကျွန်တော် မမကို..."

"သည"

"အမယ်လေး"

အနားနား ကပ်အော်လိုက်သော မြတ်မိုးအသံကြောင့် သူ ခေါင်းမွေးတွေ ထောင်မတတ် လန့်သွားရသလို မမက သူ့ရင်ခွင်ထဲ အလန့်တကြားရောက်လာသည်။

"ဘာလဲကွ, လန့်လိုက်တာ"

"ဟဲဟဲ...ငါအကဲခတ်မိတာကို လာပြောတာ။ မမက မင်းကို မောင်လေးတစ်ယောက်လို ချစ်နေတာမဟုတ်ဘူးကွ"

"ငါသိပါတယ်, လျှာမရှည်နဲ့, သွားပါကွာ...ဒီမှာအရှိန်ရနေမှ"

မြတ်မိုး ပြုံးစိစိနှင့် ပြန်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဩော်, နင့်ရဲ့ Fashion Design တွေကို Show ပွဲ လုပ်မှာမှတ်လား။ အဲဒါ ဖိတ်ပြီးပြီလေ, ဒီညနေကို ငါလာမလို့ ပါဟယ်"

"ဘယ်ကလာ. . . မင်္ဂလာဖိတ်စာ"

"မင်္ဂလာဖိတ်စာ!"

ယောက နှင်းရဲ့စကားအတိုင်း တအံ့တသြလိုက်ရွတ် ကြည့်သည်။

"ဟုတ်တယ်, ငါ့ရဲ့မင်္ဂလာဆောင်"

"နင်. . . နင်က ဘယ်သူနဲ့ဆောင်မှာလဲ"

"ဟို မေတ္တာတုံး နိုင်စစ်ဟန်နဲ့ပေါ့၊ အိမ်ကိုလာတောင်း လို့ မိဘတွေက ပေးစားတာ။ ကျုပ်ကို အသက်မငယ်တော့ဘူး တဲ့, သမီးကညာ အခါမလင့်စေနဲ့ ဘာညာကွိကွဆိုပြီး အဲဒီကောင် နဲ့ ဇွတ်အတင်းပေးစားကြတော့တာပဲ။ ပြောကိုမပြောချင်ဘူး"

နှင်းက မကျေမနပ်အော်ဟစ်ရင်း ယောတို့ရုံးခန်းလေး ထဲမှ ဘောက်ဆတ်ဘောက်ဆတ်နှင့် ထွက်သွားလေတော့တ်။ ယောမှာ အုံ့သြခြင်းကြီးစွာနှင့် ကျောက်ရုပ်လေးလို ငေးမောကျန်

ရစ်ခဲ့ရလေသည်။

"မမ"

"ဘာလဲ"

"မမကို ကျွန်တော်ချစ်တယ်ဗျို့"

"ဟဲ့, ဘာလို့ အသံပြဲကြီးနဲ့ အော်ရတာလဲ"

"အဲလိုမှမအော်ရင် ဒီတစ်ယက် ပြောဖြစ်မှာမဟုတ်တော့ ဘူး။ မမနား, ကပ်ပြီး တိုးတိုး, တိုးတိုးနဲ့ ပြောမယ်လုပ်လိုက်၊ တစ် ယောက်က ဝင်လာလိုက်နဲ့"

သူရိယစကားအဆုံး ယောက မျက်စောင်းတစ်ချက် ရွယ် ရင်း အခန်းတံခါးဝဆီ လျှောက်လာခဲ့သည်။

"ဟာ! မမ ဘယ်သွားမလို့လဲ၊ ကျွန်တော့်ကို စိတ်မဆိုး ပါနဲ့ မမရယ်။ ကျွန်တော် မမကိုချစ်နေတာ ကြာလှပြီ။ ပြောမယ် ပြောမယ်နဲ့ မပြောဖြစ်တာ. . . အခုမှပဲ. . . မသွားပါနဲ့ မမရယ်၊ ကျွန်တော့်ကို. . ."

"ဟဲ့, ဘယ်လိုဖြစ်နေတာလဲ၊ ဒီမှာ တစ်ယောက်ပြီး တစ်ယောက် ဝင်ဝင်လာနေလို့ တံခါးပိတ်မလို့။ တစ်ခါတည်း

www.burmeseclassic.com

www.burmeseclassic.com

Lock ချပစ်ရမယ်''

မမမရဲ့အပြောကြောင့် သူ ခဏတော့ ကြောင်တောင်တောင်ဖြစ်သွားသည်။ ပြီးမှ တံခါးကိုမှီလျက် လက်ပိုက်ပြီး မျက်ခုံးပင့်လိုက်ဟသောမမကိုကြည့်ကာ အားရပါးရရယ်လိုက်မိတော့သည်။

ပြီးပါပြီ။

BURMESE CLASSIC .com

ကြည်နုဇော်

3:20 PM

18-8-2010

ကြာသပတေးနေ့

ရွှေပဒေသာစာပေ
စင်တင်ကလောင်ရှင်

ဖိုယွန်းနောင်

၂၀၁၁ သြဂုတ်လတွင် စတင်ဖတ်နိုင်ပါပြီ

၁။ အချစ်နတ်သမီး ဖန်ဆင်းသည့် အမှုန်းကျိန်စာ
၂။ အိပ်မက်ပုံပြင်
၃။ နေနှစ်စင်းနှင့် ကခုန်သော လတစ်စင်း
၄။ ကဝေတစ်ကောင်၏ ညှို့ခြင်းခံရသော မော်ဝင်ပန်းတစ်ပွင့်
၅။ ရွှေရည်သွန်းလို့ လင်းလက်ခဲ့ပါသည်
၆။ ရည်းစားမဖြစ်ခင် ကွဲတဲ့အသည်း
၇။ သိပ်ချစ်တော့ သဝန်တိုတယ်
၈။ အယောင်ဆောင်ခံရသည့် အချစ်စစ်
၉။ ရတနာသူရဲကောင်း
၁၀။ မျက်ရည်မြစ်နှစ်စင်း၏ မြစ်ဖျားခံရာ

www.burmeseclassic.com